ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့ မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၂ ခုနှစ်၊ တပို့တွဲလကွယ်၊ သောကြာနေ့။ Friday, 12 March 2021 ၁၀၃၁၄

# ဒီမိုကရေစီစနစ်သည် ဝါဒမဟုတ်ဘဲ ကျင့်စဉ်တစ်ခုသာဖြစ်ပြီး ဝန်ကြီးဌာနများအနေဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်

## ဒီမိုကရေစီစနစ်ကိုသွားရာတွင် ပရမ်းပတာ ဆောင်ရွက်၍မရဘဲ စည်းကမ်းနှင့်သာသွားရန်လို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၃/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး(၃/၂၀၂၁)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးချစ်နိုင်၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးမြင့်ကြိုင်၊ ဒေါက်တာ ပွင့်ဆန်း၊ ဒေါက်တာညွှန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

- ☆ ဘဏ်များသည် ငွေကြေးစီးဆင်းမှုအတွက် အဓိကဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်
- ☆ ဘဏ်လုပ်ငန်းများ စည်းကမ်းနှင့်အညီ ပုံမှန်လည်ပတ်ရန်လိုအပ်ပြီး စည်းကမ်းလိုက်နာမှုမရှိသည့် ဘဏ်များအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန်လို
- ☆ ခေတ်စနစ်နှင့်လျော်ညီသည့် ဘဏ်စနစ်ဖြစ်စေရန်အတွက်လည်း ဆောင်ရွက်သွားရန်လို
- ☆ ဘဏ်လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်မှသာ ပြည်သူများ၏ ငွေကြေးနှင့်ပတ်သက်သော လုပ်ငန်းရပ်များ အဆင်ပြေစွာ ပြန်လည် လည်ပတ်နိုင်ကြမည်ဖြစ်

## သုတဝေဖြာသီရိဂေဟာ အသိပညာပေးအစီအစဉ် မိသားစုပြိုင်ပွဲ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်




**နေပြည်တော် မတ် ၁၁**

သုတဝေဖြာသီရိဂေဟာ အသိပညာပေးအစီအစဉ် (Family Quiz) မိသားစုပြိုင်ပွဲ၏ ပွဲစဉ် (၁၁)ကို မတ် ၁၂ ရက် ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်(၁၁ )၏ COVID-19 ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ရဲထိုက်နှင့် မေသော်လဝန်းတို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို မတ် ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီသတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

### ကြေးမုံ ယနေ့ ဖတ်စရာ

မှန်ကန်သော ရဲရင့်မှုသာ ရှိစေလို
စာမျက်နှာ » ၆

နေ့စဉ်ဘဝ ငွေကြေးလည်ပတ်ဖို့အတွက် ဘဏ်တွေပြန်ဖွင့်ပေးပါ
စာမျက်နှာ » ၁၀

# ကြေးမုံ

## ပြည်သူများ လူမှုစီးပွားအဆင်ပြေစေရေး လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်

ပြည်သူများ လူမှုစီးပွားအဆင်ပြေမှ အားလုံးစိတ်နှလုံးချမ်းမြေ့ ပျော်ရွှင်သာယာစွာ နေထိုင်နိုင်မည်ဖြစ်သည်။ ပြည်သူများ၏ အဓိကလိုအပ်ချက်ဖြစ်သည့် လူမှုစီးပွားဘဝ အဆင်ပြေစေရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သည်။ တည်ငြိမ်အေးချမ်းပြီး လုပ်ငန်းကိုင်ငန်းများ ချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် လမ်းပန်းဆက်သွယ်ရေး၊ အလုပ်အကိုင်လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးသည် အရေးကြီးသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသောကာလတွင် လိုက်နာရမည့် ကျန်းမာရေး စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများအရ အလုပ်အကိုင်နှင့် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများ အခြေအနေအရ ရပ်တန့်တုံ့ဆိုင်းသွားခဲ့ခြင်းကြောင့် နောက်ဆက်တွဲအနေဖြင့် လူမှုစီးပွားများ ထိခိုက်နစ်နာခဲ့ကြသည်ကို အားလုံးအသိပင် ဖြစ်သည်။ ယခုအခါ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်ကြောင့်၊ လတ်တလောတွင် အခြေအနေအကြောင်းကြောင်းများကြောင့် စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းအချို့ ခေတ္တရပ်တန့်သွားခဲ့သည်။

သို့သော် မမျှော်လင့်ဘဲ ရပ်တန့်သွားခဲ့ရသည့် အခြေအနေအမျိုးမျိုးတို့ကို ပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှု၍ ပြည်သူများ စားဝတ်နေရေး၊ လူမှုဘဝ အဆင်ပြေစေရေးကို ဦးစားပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လုပ်ငန်းစဉ်အမျိုးမျိုးချမှတ်ကာ အခက်အခဲများကြားမှ ပြည်သူများ အဆင်ပြေအောင် နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးနေခြင်းမှာ ပြည်သူများ၏ အကျိုးစီးပွားသည် အဓိကဖြစ်ပြီး ပြည်သူများအဆင်ပြေစွာ လည်ပတ်လုပ်ကိုင်နိုင်မှ နိုင်ငံတော်က လုပ်ဆောင်ပေးမှုများလည်း ဖြောင့်တန်းစွာ လုပ်ကိုင်ပေးနိုင်မည် ဖြစ်သည်။

လက်ရှိတွင် နိုင်ငံတော်အစိုးရက ဈေးများ၊ ကျောင်းများ၊ ဘဏ်များ၊ လမ်းပန်းဆက်သွယ်ရေးများ စသည့် ပြည်သူများအား ဝန်ဆောင်မှုပေးရမည့် လုပ်ငန်းများကို ကာကွယ်စောင့်ရှောက်ပေးပြီး ပုံမှန်ပြန်လည် လည်ပတ်နိုင်ရန်အတွက် ဆောင်ရွက်ပေးနေသော်လည်း မသမာသူအဖျက်သမားများ၏ သွေးထိုးလှုံ့ဆော်ပေးမှု၊ နိုင်ငံရေး ပယောဂမကင်းသည့် ဆူပူဖျက်ဆီးလိုသူများ၏ နှောင့်ယှက်မှုများကြောင့် ပြည်သူလူထုအားလုံး၏ လူမှုစီးပွားအဆင်ပြေစေရေးကို ထိရောက်စွာဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသည်ကို တွေ့ရသည်။

ထင်သာမြင်သာအားဖြင့် ပုဂ္ဂလိကဘဏ်များ ပုံမှန်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခြင်းသည် ပြည်သူများနှင့် ပုဂ္ဂလိကလုပ်ငန်းများ နေ့စဉ်လူမှုစီးပွား အကျိုးဖြစ်ထွန်းစေရေးအတွက် အဓိကဖြစ်သည်။ အစိုးရလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြန်မာ့စီးပွားရေးဘဏ်များနှင့် အဆင်ပြေစွာ ဆောင်ရွက်လျက်ရှိသည်ကို စဉ်းစားဆင်ခြင် ဆောင်ရွက်နိုင်ကြရမည် ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ချောမွေ့ဖြောင့်တန်းစွာ သွားလာနိုင်ရေးမှာ ပြည်သူများ နေ့စဉ်နှင့်အမျှ လူမှုရေး၊ စီးပွားရေး အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက်ဖြစ်သည်။ အစိုးရလုပ်ငန်းများ လည်ပတ်နိုင်ရေးမှာ ဆောင်ရွက်နိုင်သော နည်းလမ်းများစွာရှိသည်ကို သိရှိနိုင်ရမည်။

ပြည်သူ့ဆေးရုံများ ဖွင့်လှစ်နိုင်ရေးမှာ ပြည်သူအများစုဖြစ်သည့် အခြေခံပြည်သူများ အသက်ရှည်ကျန်းမာရေးနှင့် အရေးပေါ်ပြုစုကုသစောင့်ရှောက်မှုများကို အခမဲ့ဖြစ်စေ၊ ငွေကုန်ကြေးကျသက်သာစွာဖြင့်ဖြစ်စေ ဝန်ဆောင်မှုပေးနိုင်ရေးအတွက်ဖြစ်သည်။ သို့သော် တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်းဖြစ်အောင် အစဉ်တစိုက်ပြုလုပ်နေကျဖြစ်သည့် ပြည်တွင်း/ ပြည်ပ အဖျက်သမားများ၊ မသမာသူများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသူများက ပြည်သူများကို ခုတုံးလုပ်၍ ငွေကြေးစီးဆင်းမှုလုပ်ငန်းများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ နိုင်ငံ့ဝန်ထမ်းများ ထိခိုက်နစ်နာစေသည့် လုပ်ငန်းများကို ဆောင်ရွက်ကြခြင်းသည် ယခုမှမဟုတ်၊ နိုင်ငံရေးအပြောင်းအလဲဖြစ်တိုင်း ပေါ်ပေါက်လာစမြဲဖြစ်ပြီး ပြည်သူအားလုံးသာ ထိခိုက်နစ်နာ၊ ပျက်စီးမှုဖြစ်စေသည်ကို ဆင်ခြင်နိုင်ရမည် ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းပြည် မတည်မငြိမ်ဖြစ်အောင်၊ ပျက်စီးရာပျက်စီးကြောင်းဖြစ်အောင် သွေးထိုးလှုံ့ဆော်မှုများ၊ ကြံစည်လုပ်ဆောင်မှုများသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအားလုံးသာ ထိခိုက်နစ်နာမှုဖြစ်စေနိုင်သည်ကို သတိချပ်ရမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် မသိနားမလည်သူများ၊ သိလျက်နှင့် တမင်ဖျက်ဆီးလိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများကို နားမယောင်ဘဲ ပြည်သူအားလုံး လူမှုစီးပွား အဆင်ပြေစေရေးလုပ်ငန်းများကို နိုင်ငံတော်နှင့်လက်တွဲ၍ ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ် ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

နေပြည်တော် မတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၁၁-၃-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၃၀၀ | ၉,၃၀၀ | ၆၀ | ၅၅၈,၀၀၀ |
| MTSH | ၃,၆၀၀ | ၃,၆၀၀ | ၁ | ၃,၆၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၁ | ၂,၇၅၀ |
| EFR | ၃,၂၅၀ | ၃,၂၅၀ | ၃၀ | ၉၇,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၁၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၁၈.၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၉၃.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၈.၃၄ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၆.၃၅၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၅.၀၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၅၀၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၀၂.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၅၇.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၀၅.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၁၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

☆ ဝန်ထမ်းများ ရာထူးတိုးမြှင့်ရေးများနှင့်ပတ်သက်၍ လုပ်ငန်းကျွမ်းကျင်ပြီး နိုင်ငံတော်အပေါ် သစ္စာစောင့်သိသူများကိုလည်း ထိုက်သင့်သည့်အဆင့်သို့ တိုးမြှင့်ပေးရန်ပြောကြားပြီးဖြစ်
☆ ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်ရန်အတွက် လက်တွေ့လုပ်ငန်းများတွင် သင်ကြားပေးခြင်းနှင့် သင်တန်းကျောင်းများတွင် သင်ကြားပေးခြင်းဖြင့် ဌာနအတွင်း အထက်အောက်ရှိသေလေးစားမှုများ ဖြစ်ပေါ်ပြီး စည်းလုံးညီညွတ်လာမည်
☆ ဒီမိုကရေစီစနစ်ကိုသွားရာတွင် ပရမ်းပတာဆောင်ရွက်၍မရဘဲ စည်းကမ်းနှင့်သာသွားရန်လို
☆ ထို့ကြောင့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိစေရန်အတွက် မိမိတို့သက်ဆိုင်ရာဌာနအလိုက် ဒီမိုကရေစီကျင့်စဉ်နှင့်အညီသာ ဆောင်ရွက်ရန်လို

❖ ရှေ့ဖုံးမှ
ဦးမောင်မောင်အုန်း၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့စီမံခန့်ခွဲရေးကော်မတီ၏ အဓိကလုပ်ငန်းတာဝန်မှာ တိုင်းပြည်၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ **မိမိတို့ တာဝန်ယူဆောင်ရွက်ခဲ့သည့် တစ်လကျော်ကာလအတွင်း တချို့လုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်မှုများရှိပြီး ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းကိစ္စရပ်များကိုလည်း ဖြစ်နိုင်သည့်လမ်းကြောင်းများမှ ဖြစ်အောင်ဆောင်ရွက်ရန်လို**ကြောင်း၊ မိမိတို့ စတင်တာဝန်ယူသည့်အချိန်မှစ၍ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင် COVID-19 ကြောင့် ယိုင်နဲ့သွားသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်တည့်မတ်အောင် ဆောင်ရွက်ရမည်ဟု ပါရှိကြောင်း၊ **တိုင်းပြည်၏ အဓိကမောင်းနှင်အားသုံးခုတွင် စီးပွားရေးသည် ပို၍အဓိကကျ**ကြောင်း၊ ဦးတည်ချက် ၉ ရပ်တွင်ပါဝင်သည့် **စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို အဓိကလုပ်ရန်၊ ဈေးကွက်စီးပွားရေးကို ပီပီပြင်ပြင်ဖော်ဆောင်၍ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်ရန်နှင့် အဆိုပါအချက်များနှင့် ဆက်စပ်သည့် ပြည်တွင်းစီးပွားရေးလုပ်ငန်း SME များကိုလည်း အားပေးကူညီ ဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ ရောင်းကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်ရရှိအောင် မျှော်မှန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **ပြည်သူလူထု၏ စီးပွားရေးကောင်းမွန်လာပါက ဝယ်လိုအားများကောင်းမွန်လာပြီး ရောင်းလိုအားကောင်း၍ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာမည်ဖြစ်**ကြောင်း၊ စီးပွားရေးဆိုင်ရာလုပ်ငန်းများ ရေတို/ရေရှည် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများအလိုက် ဆောင်ရွက်သွားကြရန်နှင့် အခြားဌာနများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ခြင်း၊ အကြံဉာဏ်ပေးဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံ၏ စီးပွားရေးကို အလျင်အမြန်အထောက်အကူပြုနိုင်သည့် ခရီးသွားလုပ်ငန်းအောင်မြင်ရေးအတွက် အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်သွားကြရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်းသည် အောက်ခြေမှစ၍ နယ်ပယ်အားလုံးကို အကျိုးပြုသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း။

## ပြောကြား

ဝန်ကြီးဌာနများတွင် ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှု၊ လုပ်ငန်းများဆောင်ရွက်မှုနှင့်ပတ်သက်၍ မိမိတို့သည် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို သွားနေခြင်းဖြစ်ကြောင်း၊ **ဒီမိုကရေစီစနစ်သည် ဝါဒမဟုတ်ဘဲ ကျင့်စဉ်တစ်ခုသာဖြစ်ပြီး ဝန်ကြီးဌာနများအနေဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်**ကြောင်း၊ မိမိတို့ လက်အောက်ဝန်ထမ်းများကို နားလည်အောင်ရှင်းလင်းပြောကြား ဆောင်ရွက်ပေးရန်လိုကြောင်း၊ **ဝန်ထမ်းများရာထူးတိုးမြှင့်ရေးများနှင့်ပတ်သက်၍ လုပ်ငန်းကျွမ်းကျင်ပြီး နိုင်ငံတော်အပေါ် သစ္စာစောင့်သိသူများကိုလည်း ထိုက်သင့်သည့်အဆင့်သို့ တိုးမြှင့်ပေးရန် ပြောကြားပြီးဖြစ်**ကြောင်း၊ ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်ရန်အတွက် လက်တွေ့လုပ်ငန်းများတွင် သင်ကြားပေးခြင်းနှင့် သင်တန်းကျောင်းများတွင် သင်ကြားပေးခြင်းဖြင့် ဌာနအတွင်း အထက်အောက်ရိုသေလေးစားမှုများဖြစ်ပေါ်ပြီး စည်းလုံးညီညွတ်လာမည်ဖြစ်ကြောင်း၊ **ဒီမိုကရေစီစနစ်ကိုသွားရာတွင် ပရမ်းပတာဆောင်ရွက်၍မရဘဲ စည်းကမ်းနှင့်သာသွားရန်လို**ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိစေရန်အတွက် မိမိတို့သက်ဆိုင်ရာဌာနအလိုက် ဒီမိုကရေစီကျင့်စဉ်နှင့်အညီသာ ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက ရခိုင်ပြည်နယ် မောင်တောခရိုင်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်ရှိ ဝန်ထမ်းများနှင့် နေ့စားများအား ဝန်ထမ်းလစာနှစ်ဆနှင့် နေ့တွက်စရိတ် တိုးမြှင့်ခံစားခွင့်ပြုရေး၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချုပ်ဆိုထားသည့် သဘောတူစာချုပ်၊ စာတမ်းများနှင့် နားလည်မှုစာချွန်လွှာဆိုင်ရာ ကိစ္စရပ်များ၊ အခွန်ကင်းလွတ်ခွင့်ပြုရေး၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်ရေးနှင့် ချီးမြှင့်ငွေပေးအပ်ခြင်းဆိုင်ရာများ၊ ကိုဗစ်အထူးချေးငွေထုတ်ချေးမှုနှင့် ပြန်လည်အပ်နှံခြင်း၊ နိုင်ငံပိုင်ရုပ်ရှင်ရုံများ ကြီးကြပ်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရေး၊ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့်ပတ်သက်သည့် လူမှုစီးပွားဖွံ့ဖြိုးရေးရန်ပုံငွေထားရှိခြင်း၊ ခဲသတ္တုတူးဖော်ရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ယခုကာလတွင် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်ချက်များရှိကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် ဆေးရုံပေါင်း ၁၁၇၇ ခုရှိပြီး အချို့ဆေးရုံများပိတ်ထားသည်ကို တွေ့ရကြောင်း၊ **ကျန်းမာရေးဝန်ထမ်းများ၏ ကျင့်ဝတ်ဖြစ်သည့် ရန်သူမိတ်ဆွေ ခွဲခြားမှုမရှိဘဲ ဆေးကုသပေးရန်ဆိုသည့်အတိုင်း ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လိုက်နာစောင့်ထိန်းရန်လို**ကြောင်း၊ **ဆရာဝန်များအတွက်လည်း ၎င်းတို့၏ဂုဏ်ဒြပ်နှင့် ကိုက်ညီသည့် ခံစားခွင့်များရရှိအောင် နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်**ကြောင်း၊ ထိုသို့ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှလည်း နည်းလမ်းများရှာဖွေဆောင်ရွက်ကြရန်လိုကြောင်း၊ ဆရာဝန်များအနေဖြင့်လည်း မိမိတို့ကျင့်ဝတ်သိက္ခာနှင့်အညီ နေထိုင်ရပ်တည်ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများသည် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သဖြင့် ရေရှည်အတွက် ထည့်သွင်းစဉ်းစားရန်လိုကြောင်း။

ဘဏ်လုပ်ငန်းများနှင့်ပတ်သက်၍ ဘဏ်များသည် ငွေကြေးစီးဆင်းမှုအတွက် အဓိကဆောင်ရွက်နေသည့်လုပ်ငန်းဖြစ်ကြောင်း၊ **ဘဏ်လုပ်ငန်းများစည်းကမ်းနှင့်အညီ ပုံမှန်လည်ပတ်ရန်လိုအပ်ပြီး စည်းကမ်းလိုက်နာမှုမရှိသည့်ဘဏ်များအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန်လိုအပ်**ကြောင်း၊ **ခေတ်စနစ်နှင့်လျော်ညီသည့် ဘဏ်စနစ်ဖြစ်စေရန်အတွက်လည်း ဆောင်ရွက်သွားရန်လို**ကြောင်း၊ ဘဏ်လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်မှသာ ပြည်သူများ၏ ငွေကြေးနှင့်ပတ်သက်သော လုပ်ငန်းရပ်များ အဆင်ပြေစွာ ပြန်လည်လည်ပတ်နိုင်ကြမည်ဖြစ်ကြောင်း။

## ပညာရေးမကောင်းပါက တိုးတက်မှုမရှိနိုင်

ပညာသင်ကြားရေးနှင့်ပတ်သက်၍ တိုင်းပြည်တစ်ခုတွင် ပညာရေးမကောင်းပါက တိုးတက်မှုမရှိနိုင်ကြောင်း၊ ထို့ကြောင့် **ပညာရေးကို အဆင့်မြှင့်တင်ရန်လိုအပ်ပြီး ထိုသို့အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ရာတွင်လည်း ကျောင်းသား ကျောင်းသူများ အစမ်းသပ်ခံမဖြစ်စေရေးအတွက် ရှိပြီးသားအမျိုးသားမဟာဗျူဟာ စီမံကိန်းများအပေါ်တွင်သာ အခြေခံပြီး ဆောင်ရွက်သွားရန်လို**ကြောင်း၊ ကျောင်းများပိတ်ထားခြင်းသည် ကျောင်းသား ကျောင်းသူ တစ်ဦးချင်းစီ၏ နစ်နာဆုံးရှုံးမှုအပြင် တိုင်းပြည်အတွက်လည်းနစ်နာကြောင်း၊ ထို့ကြောင့် ကျောင်းများ စနစ်တကျ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း၊ ပညာရည်မြှင့်တင်ရေးအတွက် အခြားဝန်ကြီးဌာနများအနေဖြင့်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

☆ ဝန်ကြီးဌာနများတွင် ဝန်ထမ်းများတာဝန်ထမ်းဆောင်မှု၊ လုပ်ငန်းများဆောင်ရွက်မှုနှင့် ပတ်သက်၍ မိမိတို့သည် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို သွားနေခြင်းဖြစ်
☆ ဒီမိုကရေစီစနစ်သည် ဝါဒမဟုတ်ဘဲ ကျင့်စဉ်တစ်ခုသာဖြစ်ပြီး ဝန်ကြီးဌာနများအနေဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်
☆ မိမိတို့လက်အောက်ဝန်ထမ်းများကို နားလည်အောင် ရှင်းလင်းပြောကြား ဆောင်ရွက်ပေးရန်လို

# အသင်းအဖွဲ့အချို့အား လုပ်ငန်းများလည်ပတ်နေမှုကို စည်းမျဉ်းစည်းကမ်းနှင့် ညီ၊ မညီ၊ ပြည်ပအထောက်အပံ့ နိုင်ငံခြားငွေ တရားဝင်ခြင်း ရှိ၊ မရှိ စိစစ်ဆောင်ရွက်လျက်ရှိ

**အသင်းအဖွဲ့အချို့အား လုပ်ငန်းများလည်ပတ်နေမှုကို စည်းမျဉ်းစည်းကမ်းနှင့်ညီ၊ မညီ၊ ပြည်ပအထောက်အပံ့ နိုင်ငံခြားငွေ တရားဝင်ခြင်း ရှိ၊ မရှိ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ဆောင်ရွက်နေသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုမှုကော်မတီကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ မဲမသမာမှုများနှင့်စပ်လျဉ်း၍လည်း အသစ်ဖွဲ့စည်းထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စစ်ဆေးဆောင်ရွက်နေကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများနှင့် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး ထုတ်ပြန်ထားသည့် COVID-19 ရောဂါထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုပေးပြီးဖြစ်ကြောင်း၊ CDM လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်နေသည့် ဆရာဝန်ကြီးများ၊ ပါရဂူများနှင့် ဝန်ထမ်းများအား အရေးယူသွားရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာနှင့် စီးပွားရေးအထူးဇုန်များ၊ စက်မှုဇုန်များ တည်ဆောက်ရာ၌ စိုက်ပျိုးမြေများတွင် ဆောင်ရွက်ခြင်း မရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် စိုက်ပျိုးမြေများအား အခြားနည်းလမ်းများဖြင့် အသုံးမပြုနိုင်စေရန် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်တွန်းအားပေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

**❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ**

စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်နီလင်းအောင်၊ ကလောတပ်နယ်နှင့် အောင်ပန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအကြိုကာလပါတီများ မဲဆွယ်စည်းရုံးမှုအခြေအနေ၊ ရွေးကောက်ပွဲအခြေအနေ၊ ရွေးကောက်ပွဲပြီးစီးသည့် နောက်ပိုင်းအခြေအနေများ၊ မဲပေးခွင့်ရှိသူ ၃၉ ဒသမ ၂ သန်းကျော်အနက် ၁၀ ဒသမ ၄ သန်းအထိ ကြီးမားစွာ မဲစာရင်းမှားယွင်းခြင်း ဖြစ်ပေါ်ခဲ့သည့်အခြေအနေများ၊ နစ်နာသူပြည်သူများနှင့် ပါတီများမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ အဆိုပါမဲစာရင်းမှားယွင်းမှုဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့မှုအခြေအနေများ၊ တောင်းဆိုချက်အပေါ် ဦးလှသိန်း ဦးဆောင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လျစ်လျူရှုမှုအခြေအနေများ၊ ဒုတိယအကြိမ် လွှတ်တော်အတွင်း မဲစာရင်းမှားယွင်းခြင်းဖြစ်ပေါ်နေမှုကို ဆွေးနွေးနိုင်ရေး အထူးအစည်းအဝေး တောင်းဆိုမှုကိုလည်း ပြည်ထောင်စုလွှတ်တော်နာယကမှ ပယ်ချခဲ့မှုအခြေအနေများ၊ နောက်ဆုံးအဆင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၌ ရှင်းလင်းဆွေးနွေးခွင့်ပြုရန် နှစ်ကြိမ်တိုင်တိုင် တောင်းဆိုမှုကို နိုင်ငံတော်သမ္မတဦးဝင်းမြင့်က လုံးဝလက်မခံဘဲ ပယ်ချခဲ့သည့်အပြင် ကိုယ်ရေးစာဖြင့် မဲစာရင်း မှားယွင်းမှုများ စိစစ်ပေးရန်၊ စိစစ်ရာတွင် UEC အသစ်ဖွဲ့စည်း၍ ဆောင်ရွက်ပေးရန်၊ စိစစ်ဆဲကာလအတွင်း လွှတ်တော်အသစ်ခေါ်ယူမှု ဆိုင်းငံ့ပေးရန်၊ နိုင်ငံတော်သမ္မတမှ ယခုတင်ပြချက်အပေါ် အချိန်မီဖြေရှင်းပေးနိုင်ရေး တောင်းဆိုခဲ့မှုအပေါ်တွင်လည်း လက်မခံသည့် အခြေအနေများအပြင် မဲစာရင်း ၁၀ ဒသမ ၄ သန်းကျော် မှားယွင်းနေမှုအား သံသယကင်းရှင်းစေရေး ဆောင်ရွက်ပေးခြင်းမရှိဘဲ တတိယအကြိမ် လွှတ်တော်အသစ် အစည်းအဝေးကျင်းပပြုလုပ်၍ နိုင်ငံတော်၏ အာဏာ(၃)ရပ်အား မတရားနည်းဖြင့်ရယူရန် ကြိုးပမ်းလာမှုတို့ကြောင့် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ခုနှစ်ကို ဖျက်သိမ်းခြင်းမရှိဘဲ ပုဒ်မ-၄၁၇၊ ပုဒ်မ-၄၁၈ အရ အရေးပေါ်အခြေအနေ ကြေညာ၍ အာဏာ(၃)ရပ်အား ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကာလသတ်မှတ်ချက်အတွင်း ရယူဆောင်ရွက်ရသည့် အခြေအနေများ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ် (၅)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ လက်ရှိဖြစ်ပေါ်နေသည့် မင်းမဲ့စရိုက်ဆန်သည့် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များအပေါ် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ ရှန်းရင်းဆန်ခတ်မှု လက်စွဲဥပဒေ (၁၉၅၆)ခုနှစ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူစုလူဝေးအား ကြီးကြပ်ထိန်းသိမ်းခြင်း လက်စွဲစာစောင် (၂၀၁၅) ခုနှစ်ပါ ပြဋ္ဌာန်း ဥပဒေများနှင့်အညီ လုံခြုံရေးတပ်ဖွဲ့ဝင်များက အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်မှစ၍ ဖြေရှင်းဆောင်ရွက်နေမှုအခြေအနေများ၊ နိုင်ငံ့ဝန်ထမ်းအချို့ CDM တွင် နားယောင်ပါဝင်ခဲ့ခြင်းကြောင့် လူမှုစီးပွားဘဝ နစ်နာဆုံးရှုံးနေမှုအခြေအနေများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် နေထိုင်စေရေး အပြင် ယခုကာလအတွင်း မိမိကိုယ်တိုင်နှင့် မိသားစုကြောင့် မိမိအဖွဲ့အစည်း၏ ပုံရိပ်များပျက်ယွင်းကျဆင်းမှုမရှိစေရေး၊ လိုက်နာစောင့်ထိန်းရမည့် အခြေအနေများအား အသေးစိတ်ရှင်းလင်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကလောတပ်နယ်နှင့် အောင်ပန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နေပြည်တော်အတွင်းရှိ ဌာနဆိုင်ရာအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ ရုံးတက်ရောက်၊ ပျက်ကွက်မှုများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဌာနဆိုင်ရာအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ ရုံးတက်ရောက်၊ ပျက်ကွက်မှုများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က နိုင်ငံတော်၏ ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်(၅)ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများအနေဖြင့် နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များအပေါ် လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးထားဆောင်ရွက်စေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် ကျရာအခန်းကဏ္ဍမှ တာဝန်သိသိဖြင့် မိမိတို့ဌာနလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်လည်ပတ်စေရေး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ CDM တွင်ပါဝင်ပြီး လုပ်ငန်းခွင်ဝင်ရောက်ရန် ပျက်ကွက်နေကြသည့် ဝန်ထမ်းများကို နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးဇေယျာလင်းနှင့် ဦးမြင့်စိုးတို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် နေပြည်တော်အဆင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သတင်းထုတ်ပြန်ချက်

၁။ Facebook ပေါ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်မှ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး Honourable Antony J. Blinken ထံသို့ "Presenting the Current Situation in Myanmar" ခေါင်းစဉ်ဖြင့် E-mail လိပ်စာ wunnamaunglwin@mofa.gov.mm မှ အီးမေးလ်ဖြင့် ဆက်သွယ်ပေးပို့ခဲ့သည်ဟု ဖော်ပြချက်များ တွေ့ရှိရပါသည်။
၂။ အဆိုပါ E-mail လိပ်စာသည် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အသုံးပြုသည့် E-mail မဟုတ်ကြောင်းနှင့် အဆိုပါလိပ်စာဖြင့် account ဖွင့်လှစ်ထားခြင်းလည်း မရှိပါ။ ယင်းဖော်ပြချက်မှာ အီးမေးလ် အကောင့်အတုဖြင့် အထင်အမြင် လွဲမှားစေရန် မမှန်မကန် လုပ်ကြံဖန်တီးခြင်းဖြစ်ပြီး၊ အဆိုပါ မမှန်မကန်လုပ်ကြံဖန်တီးသူများအား ရှာဖွေဖော်ထုတ်၍ တည်ဆဲဥပဒေများဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။
၃။ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သံတမန်ရေးရာကိစ္စများ တရားဝင်ဆက်သွယ်ရာတွင် တရားဝင် သံတမန်စာများ ပေးပို့ခြင်း၊ နှစ်ဖက်နိုင်ငံ၌ အခြေစိုက်သော သံရုံးများမှတစ်ဆင့် တရားဝင် ဆက်သွယ်ရေးလမ်းကြောင်းများဖြင့် ဆက်သွယ်ခြင်းများသာ ဆောင်ရွက်လေ့ရှိကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်

# စာအုပ်စာပေ လူ့မိတ်ဆွေ

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် မတ် ၁၁**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ရှေ့ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ မူဝါဒများ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းတိုးတက်မှု အခြေအနေတို့နှင့် ပတ်သက်၍ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကိုဗစ်-၁၉ ကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။



**တက်ရောက်**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ ဒုတိယဝန်ကြီး ဦးမင်းထိန်၊ အမြဲတမ်းအတွင်းဝန် ဦးအောင်မြင့်ဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အင်ဂျင်နီယာချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်မှ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်တို့မှ ညွှန်ကြားရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ချိတ်ဆက်၍ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက ယနေ့ပြုလုပ်သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဦးစီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးတွင်ရှိသည့် တာဝန်ခံများနှင့် တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များနှင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်တို့ကို ချပြရှင်းလင်းခြင်းနှင့် လုပ်ငန်းကိစ္စရပ်များဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စတင်တာဝန်ယူသည့် အချိန်မှစပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၉)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ချမှတ်ထားသည့် လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များအတိုင်း ကျရာကဏ္ဍမှ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူများသည် ခံယူချက်၊ ရပ်တည်ချက် ကွဲပြားသော်လည်း နိုင်ငံတော်ယန္တရား တစ်ခုလုံးကို ကောင်းကောင်းမွန်မွန် သက်ဝင်လှုပ်ရှားလည်ပတ်နိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**အိမ်ခန်းပေါင်း တစ်သောင်း**

ကိုဗစ်-၁၉ ကာလအတွင်း စီးပွားရေး ကုစားမှုအစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်သူ့အငှားအိမ်ရာစီမံကိန်း အိမ်ခန်းပေါင်း တစ်သောင်းကို ပထမအဆင့်အနေဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လမ်းဦးစီးဌာနအနေဖြင့် B.O.T လုပ်ငန်းဖြင့် ဆောင်ရွက်သည့် Toll Gate များ အပါအဝင် လေလံ Gate ကိစ္စများတွင် ထိခိုက်မှုများရှိပါကြောင်း၊ ထို့အတူ ကျန်ဦးစီးဌာနများ၏ Joint Venture လုပ်ငန်းများကိုလည်း ထိခိုက်မှုရှိသည့်အတွက် ကုစားဆောင်ရွက်သွားရန်လိုပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဘဏ္ဍာငွေများကို ရယူဆောင်ရွက်သည့် အဆောက်အဦ၊ လမ်း၊ တံတားများနှင့် ကျေးလက်လမ်း/တံတားအပါအဝင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစွာဖြင့် ရာနှုန်းပြည့် အကောင်အထည်ဖော်နိုင်ရန် အရေးကြီးပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး နိုင်ငံ့ယန္တရားကြီး လည်ပတ်အောင် စွမ်းစွမ်းတမံ ဆောင်ရွက်ရန် လိုပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေမည့် နည်းပညာသုတေသနလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာသုံးစွဲရန် လိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ဒုတိယဝန်ကြီး ဦးမင်းထိန်က ဝန်ကြီးဌာန၏ရှေ့ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်း စည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာနေထိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးအောင်မြင့်ဦးက ဝန်ကြီးဌာန၏ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် CDM တွင် ပါဝင်သော ဝန်ထမ်းများ၏ ခွင့်၊ လစာမဲ့ခွင့်များ တင်ပြထားရှိမှုနှင့် နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်တို့က မိမိတို့ဦးစီးဌာနအလိုက် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လုပ်ငန်းတိုးတက်မှု၊ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းစီမံချက်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ အသီးသီး ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးမှာကြား**

ဆက်လက်၍ တိုင်းဒေသကြီး၊ ပြည်နယ် ညွှန်ကြားရေးမှူးများက မိမိတို့ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ဘဏ်များမှ ငွေထုတ်ယူရန်လတ်တလော တွေ့ကြုံရသော အခက်အခဲအပါအဝင် ဘဏ္ဍာရေးဆိုင်ရာအခက်အခဲ၊ အဓိကတည်ဆောက်ရေးပစ္စည်းများ၊ ဥပမာ ဘိလပ်မြေနှင့် သံချောင်းဈေးနှုန်းများမြင့်တက်၍ ပစ္စည်းပေးသွင်းမှုနှောင့်နှေးခြင်း၊ ရပ်တန့်နေခြင်းများ၊ သယ်ယူပို့ဆောင်ရေးခက်ခဲနေမှုများ၊ ဝန်ထမ်းရေးရာနှင့် ကျွမ်းကျင်လုပ်သားတချို့ လုပ်ငန်းခွင်လာရောက်ရန် အခက်အခဲတွေ့ရမှုစသည့် လုပ်ငန်းအခက်အခဲများနှင့်ပတ်သက်၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြမှုတို့အပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မှန်ကန်သော ရဲရင့်မှုသာ ရှိစေလို

ဟိန်းကို

မှန်ကန်ခြင်းနဲ့ ရဲရင့်ခြင်းတွေဟာ တစ်ခုနဲ့တစ်ခု အမှီသဟဲပြုနေတဲ့ သဘောရှိတာကြောင့် မည်မျှပင် ရဲရင့်သူဖြစ်ပါစေ၊ မမှန်ကန်တဲ့အမှုကို ပြုလိုက်မိကြောင်း မိမိကိုယ်မိမိ သိလိုက်တာနဲ့တစ်ပြိုင်နက် ရဲရင့်ခြင်းတွေဟာ ပျောက်ကွယ်သွားပြီး ကြောက်ရွံ့သူအဖြစ်သို့ ရောက်ရှိသွားတတ်ကြောင်းကို လေ့လာမှတ်သားခဲ့ဖူးပါတယ်။

## ကိုယ်ကျင့်တရား

ကိုယ်ကျင့်တရားဆိုတာ ကိုယ်၊ နှုတ်ကို ယဉ်ကျေးအောင် ထိန်းကွပ်ပေးတဲ့ သက်ဆိုင်ရာ ကျင့်ဝတ်သီလတွေလို့ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပြီး လူသားတိုင်းမှာ ကိုယ်ကျင့်တရားက မရှိမဖြစ်လိုအပ်တဲ့ ဂုဏ်တစ်ရပ်ဖြစ်သလို ကိုယ်ကျင့်သီလကောင်းခြင်းကလည်း အကောင်းဆုံးဝါဒပဲဖြစ်ပါတယ်။ လူသားတို့ နေ့စဉ်ပြုကျင့်တဲ့ အပြုအမူ၊ အကျင့်စရိုက်၊ အကျင့်စာရိတ္တ၊ ကျင့်ဝတ်တရား၊ အလေ့အထ စတာတွေဟာ ကိုယ်ကျင့်တရားတွေပဲ ဖြစ်ပါတယ်။ 'ကိုယ်ကျင့်တရားရှိမှ ယဉ်ကျေးသူဖြစ်မယ်၊ အများချစ်ခင်လေးစားမယ်၊ မိမိကိုယ်တိုင်လည်း စိတ်ချမ်းသာမယ်'လို့ မြို့မ-မြင့်ကြွယ်က မှတ်ချက်ပြုထားသလို 'ချမ်းသာကြွယ်ဝခြင်း ဆုံးရှုံးတဲ့အခါ ဘာမှဆုံးရှုံးမှု မရှိပါ။ ကျန်းမာရေး ဆုံးရှုံးတဲ့အခါ တစ်စုံတစ်ခုကို ဆုံးရှုံးတယ်။ ကိုယ်ကျင့်တရား ဆုံးရှုံးပျက်စီးသွားရင်တော့ ဘဝတစ်ခုလုံး ဆုံးရှုံးတယ်'လို့ အတွေးအခေါ်ပညာရှင် ဆိုကရေးတီးကလည်း ဆိုခဲ့ဖူးပါတယ်။

ကိုယ်ကျင့်တရား ကောင်းမွန်သူတွေဟာ ရင့်ကျက်မှုရှိပြီး ပိုင်းခြားသိမြင်နိုင်စွမ်းရှိသလို အမှားနဲ့ အမှန်သိအောင်လည်း ခွဲခြားတတ်အောင် လေ့ကျင့်ထားသူတွေ ဖြစ်ပါတယ်။ ဒါ့အပြင် စည်းကမ်းအရာမှာလည်း အလွယ်တကူ မချိုးဖောက်နိုင်အောင် ထိန်းသိမ်းနိုင်ကြသူတွေပါပဲ။ ကိုယ်ကျင့်တရား မကောင်းမွန်သူတွေကတော့ စည်းကမ်းအရာမှာလည်း ကောင်းမွန်မှု မရှိတဲ့အပြင် အမှားနဲ့ အမှန်ကိုလည်း ခွဲခြားသိမြင်နိုင်စွမ်း မရှိတာကြောင့် အရှက်တရားကိုလည်း စောင့်ထိန်းနိုင်သူ နည်းလှပါတယ်။ အရှက်တရားဟာ လူ့တန်ဖိုးအတွက် အရေးကြီးတာကြောင့် လူသားတွေရဲ့ ဦးနှောက်မှာ အရှက်တရားဆိုတဲ့ မကောင်းတဲ့လုပ်ရပ်တွေ လုပ်ကိုင်ခြင်းလို့ ယေဘုယျအားဖြင့် သတ်မှတ်ထားတာ ဖြစ်ပါတယ်။

**မကောင်းတဲ့ လုပ်ရပ်တွေကို ဆင်ခြင်မဲ့စွာ ပြုလုပ်နေကြတဲ့ ယနေ့ လမ်းမတွေပေါ်က ဆူပူဆန္ဒပြအဖွဲ့တွေမှ လူငယ်တွေဟာ လူသားဂုဏ်သိက္ခာကျစေမယ့် လုပ်ရပ်မျိုးတွေဖြစ်တဲ့ Social Bullying တွေကို လူမှုကွန်ရက်တွေပေါ်မှာနဲ့ လူထုကြားထဲမှာ အရှက်တရားမဲ့စွာ ပြုလုပ်နေကြတာကို တွေ့လာရပါတယ်။ ကိုယ်ကျင့်သိက္ခာမဲ့တဲ့ အရှက်တရားမရှိတဲ့ လုပ်ရပ်တွေဟာ တကယ်တော့ အောက်တန်းကျတဲ့ လုပ်ရပ်မျိုးတွေ ဖြစ်ပါတယ်။ အောက်တန်းကျတယ်ဆိုတာ ဘွဲ့မရတာတို့၊ ငွေကြေးမချမ်းသာတာတို့၊ ရုပ်မချောမလှတာတို့ကို ဆိုလိုတာမဟုတ်ဘဲ စိတ်နေစိတ်ထား၊ ခံယူချက် ညံ့ဖျင်းတာကိုသာ ဆိုလိုခြင်း ဖြစ်ပါတယ်။ လူ့ကျင့်ဝတ်မှာ အပြုအမူတင်မဟုတ်ဘဲ တန်ဖိုးမဲ့တဲ့၊ အဆိပ်အတောက် ဖြစ်စေတဲ့ ရိုင်းစိုင်းတဲ့စကားတွေ ပြောဆိုနေတာကလည်း အောက်တန်းကျတာပါပဲ။**

**မကောင်းတဲ့လုပ်ရပ်တွေကို ဆင်ခြင်မဲ့စွာ ပြုလုပ်နေကြတဲ့ ယနေ့ လမ်းမတွေပေါ်က ဆူပူဆန္ဒပြအဖွဲ့တွေမှ လူငယ်တွေဟာ လူသားဂုဏ်သိက္ခာကျစေမယ့် လုပ်ရပ်မျိုးတွေဖြစ်တဲ့ Social Bullying တွေကို လူမှုကွန်ရက်တွေပေါ်မှာနဲ့ လူထုကြားထဲမှာ အရှက်တရားမဲ့စွာ ပြုလုပ်နေကြတာကို တွေ့လာရပါတယ်။ ကိုယ်ကျင့်သိက္ခာမဲ့တဲ့ အရှက်တရားမရှိတဲ့လုပ်ရပ်တွေဟာ တကယ်တော့ အောက်တန်းကျတဲ့ လုပ်ရပ်မျိုးတွေ ဖြစ်ပါတယ်။ အောက်တန်းကျတယ်ဆိုတာ ဘွဲ့မရတာတို့၊ ငွေကြေးမချမ်းသာတာတို့၊ ရုပ်မချောမလှတာတို့ကို ဆိုလိုတာ မဟုတ်ဘဲ စိတ်နေစိတ်ထား၊ ခံယူချက် ညံ့ဖျင်းတာကိုသာ ဆိုလိုခြင်း ဖြစ်ပါတယ်။ လူ့ကျင့်ဝတ်မှာ အပြုအမူတင်မဟုတ်ဘဲ တန်ဖိုးမဲ့တဲ့၊ အဆိပ်အတောက် ဖြစ်စေတဲ့ ရိုင်းစိုင်းတဲ့စကားတွေ ပြောဆိုနေတာကလည်း အောက်တန်းကျတာပါပဲ။**

လူသားတွေ မွေးဖွားလာပြီဆိုရင် ယဉ်ကျေးတဲ့ဗီဇနဲ့ ရိုင်းတဲ့ဗီဇက အသီးသီးပါလာပြီးသားပါ။ ယနေ့ လူမှုကွန်ရက်တွေမှာတော့ ရိုင်းချင်သလို ရိုင်းနေကြသူတွေ အများကြီးကို တွေ့နေရတယ်။ ရိုင်းတဲ့ဗီဇအခံ ပါလာသူတွေဖြစ်တာကြောင့် လက်ရှိအပြောင်းအလဲဖြစ်စဉ်မှာ အငုံစိတ် ရိုင်းတဲ့စိတ်တွေက ထိန်းမနိုင်သိမ်းမရကို ပေါ်လာကြတော့တာ မဟုတ်လား။ အများစုက နို့နံ့တောင် မစင်သေးတဲ့ရုပ်၊ တချို့က ဘွဲ့တွေအစုံစုံနဲ့ အလုပ်ဌာနကို စွန့်ခွာနေကြတဲ့ Civil Disobedience Movement (CDM) ဝန်ထမ်းတွေ၊ တချို့က လူချမ်းသာ အသိုင်းအဝိုင်း၊ တချို့က အလုပ်လက်မဲ့တွေ။ ဒီလိုဒီလို လူတွေက မောင်နဲ့နှမ၊ သားနဲ့အမိ မသင့်တော်တဲ့ ညစ်ညမ်းစာသား၊ ရုပ်ပုံတွေအသုံးပြုပြီး ရိုင်းစိုင်းတဲ့ အပြုအမူတွေ၊ ပြောဆိုမှုတွေကို ပြုလုပ်နေလိုက်ကြတာ မြင်လို့ ကြားလို့မှ မကောင်းပါဘူး။

## ဦးတည်တိုက်ခိုက်

'လူတွေက လောဘကြီးတာ၊ ဒေါသကြီးတာ၊ မာနကြီးတာကို ဝန်ခံရမှာ သိပ်မကြောက်ဘူး။ မနာလိုဝန်တိုစိတ်ရှိတာကို ဝန်ခံရမှာကြောက်တယ်။ မနာလိုဝန်တိုစိတ်က ပိုပြီးအောက်ကျတဲ့စိတ်ဖြစ်လို့ပဲ' လို့ ဆရာတော် ဦးဇောတိက မိန့်ကြားထားတာကို နာယူဖတ်ရှုခဲ့ဖူးပါတယ်။ မနာလိုစိတ်ကို အခြေခံထားပြီး လမ်းပေါ်ထွက် ဆူပူဆန္ဒပြဖို့ စည်းရုံးလှုံ့ဆော်ကြသူတွေဟာ ခုလို အပြောင်းအလဲဖြစ်စဉ်ကာလမှာ နိုင်ငံ့ဝန်ထမ်းတွေအပေါ် Civil Disobedience Movement (CDM)ခေါင်းစဉ်သုံးပြီး ဦးတည်တိုက်ခိုက်မှုကို လုပ်လာကြတာပါပဲ။ ရိုးသားတဲ့ နိုင်ငံ့ဝန်ထမ်းတချို့မှာ သွေးထိုးလှုံ့ဆော်မှုဒဏ်ကို မခံနိုင်ကြဘဲ CDM မှာ ပါဝင်ရင်းနဲ့ အလုပ်ပြုတ်သွားကြတာကို အွန်လိုင်းသတင်းတွေမှာ ဖတ်ရှုလိုက်ရတာကြောင့် အတော်လေးကို စိတ်မကောင်း ဖြစ်မိတယ်။ CDM မှာ ပါဝင်ကြတဲ့ တချို့ဝန်ထမ်းတွေကတော့ လုပ်ဖော်ကိုင်ဖက်၊ ဆရာသမားတွေရဲ့ စေတနာစကားကို နားလည်သဘောပေါက်ကြပြီး ရုံးပြန်တက်ကြတာကြောင့် အပြုံးမပျက် နေသားတကျ ဂုဏ်သိက္ခာမပျက် နေနိုင်တာကလည်း မင်္ဂလာတစ်ပါးပါပဲ။ အောက်တန်းကျတဲ့ စိတ်ဓာတ်ရှိသူ စည်းရုံးလှုံ့ဆော်သူတို့နောက်လိုက်သွားမိတဲ့ ဝန်ထမ်းတွေမှာတော့ အလုပ်လက်မဲ့ ဝင်ငွေမဲ့။ ဒါကြောင့် ဘယ်လောက်ပဲ ချမ်းသာချမ်းသာ၊ ပညာတတ်တတ် ကိုယ်ကျင့်တရား မကောင်းမွန်ရင် အောက်တန်းကျတဲ့စိတ်ရှိတာပါပဲ။

အောက်တန်းကျတဲ့ စိတ်ဓာတ်ရှိသူတွေဟာ သူများကို ချောက်တွန်းတာ၊ မကောင်းတာလုပ်ဖို့

**'ကိုယ်လိမ္မာလျှင် ကိုယ်စားရသည်ဟု ဆိုသော်လည်း ကိုယ်စားသမားများသော တိုင်းပြည်သည် နောက်ဆုံး သူတစ်ပါးစားဖို့ ဖြစ်ရမည်ကားမြေကြီးလက်ခတ်မလွဲဖြစ်၏' လို့ ဆရာကြီးပီမိုးနင်း ရေးသားထားတာလေးကို ပြန်ပြီးသတိရမိတယ်။ လက်ရှိမြန်မာ့လူမှုကွန်ရက်မှာ တွေ့မြင်ဖတ်ရှုနေရတဲ့ အကြောင်းအရာတွေကို ကြည့်လိုက်ရင်လည်း ဆရာကြီး ပြောထားတာနဲ့ ထပ်တူဖြစ်နေတာ မဟုတ်ပါလား။ မူရင်းရေးသားသူက ညံ့ဖျင်းနိမ့်ကျစွာ တွေးခေါ်ရေးသားထားတဲ့ အကြောင်းအရာတွေကို အယုံလွယ်သူ ဉာဏ်တိမ်သူတွေက ထပ်ဆင့် ဖြန့်ဝေရင်း သတင်းမှားတွေနဲ့ အမှောင်ထဲမှာ လမ်းပျောက်နေကြသူက အများစု။ ပြည်ပနိုင်ငံတွေရဲ့ ဟိုတပ်ဖွဲ့တွေ၊ ဒီတပ်ဖွဲ့တွေလာပါလို့ ခေါ်သူခေါ်၊ အော်သူအော်။ အတွေးအခေါ်မဲ့၊ ဉာဏ်မဲ့တဲ့ လုပ်ရပ်တွေနဲ့ ပေါ်ပင်မှာ ပျော်ရွှင်နေကြသူက ခပ်များများ။ ကိုယ်တိုင်က စည်းကမ်းဖောက်ပြီး လမ်းပေါ်ထွက် ဆူပူရမ်းကားနေတာကျ မေ့ထားပြီး ထိခိုက်မှု အသက်သာဆုံးနဲ့ နှိမ်နင်းမှု ပြုလုပ်နေတာကိုမှမထောက် ဘယ်အဖွဲ့ဖြင့် လာကယ်ပါ၊ ဘယ်သူဖြင့် လာကူပါနဲ့။ တကယ်ကို ဆင်ခြင်တုံတရားမဲ့နေကြ။**

တွန်းအားပေးတာ၊ ဒုက္ခရောက်ရင် ထပ်ပြီး ဒုက္ခရောက်အောင်လုပ်တာ၊ ကုန်းချောတာ၊ သူများကို မကြည့်တတ်တာ၊ စည်းမစောင့်တာ စတဲ့လုပ်ရပ်တွေကိုသာ အချိန်ရှိတိုင်း ကြံစည်၊ လုပ်ဆောင်နေကြတာကြောင့်လည်း လူမှုကွန်ရက်က သတင်းအများစုကို ဖတ်ရှုလိုက်တိုင်း အခြေအမြစ်မရှိတဲ့ အကြောင်းအရာ၊ တစ်ဖက်သတ်ရေးသားထားတဲ့ အချက်အလက်တွေကိုသာ တွေ့မြင်နေရတာက သက်သေပါပဲ။ ၂၁ ရာစုခေတ်ကြီးမှာ ဒီလိုအောက်တန်းကျတဲ့ စိတ်ဓာတ်နဲ့ လုပ်ရပ်တွေဟာ ကမ္ဘာအနှံ့လူပြိန်းကြိုက် ပျံ့နှံ့ချင် ပျံ့နှံ့နိုင်ပေမယ့် အချက်အလက်တိကျပြီး မှန်ကန်တဲ့သတင်းတွေကိုတော့ မည်သို့မျှ ဖုံးလွှမ်းနိုင်မှာ မဟုတ်ပေ။

## အမှောင်ထဲမှာ လမ်းပျောက်

'ကိုယ်လိမ္မာလျှင် ကိုယ်စားရသည်ဟု ဆိုသော်လည်း ကိုယ်စားသမားများသော တိုင်းပြည်သည် နောက်ဆုံး သူတစ်ပါးစားဖို့ ဖြစ်ရမည်ကား မြေကြီးလက်ခတ်မလွဲဖြစ်၏' လို့ ဆရာကြီး ပီမိုးနင်းရေးသားထားတာလေးကို ပြန်ပြီးသတိရမိတယ်။ လက်ရှိမြန်မာ့လူမှုကွန်ရက်မှာ တွေ့မြင်ဖတ်ရှုနေရတဲ့ အကြောင်းအရာတွေကို ကြည့်လိုက်ရင်လည်း ဆရာကြီး ပြောထားတာနဲ့ ထပ်တူဖြစ်နေတာ မဟုတ်ပါလား။ မူရင်းရေးသားသူက ညံ့ဖျင်းနိမ့်ကျစွာ တွေးခေါ်ရေးသားထားတဲ့အကြောင်းအရာတွေကို အယုံလွယ်သူ ဉာဏ်တိမ်သူတွေက ထပ်ဆင့် ဖြန့်ဝေရင်း သတင်းမှားတွေနဲ့ အမှောင်ထဲမှာ လမ်းပျောက်နေကြသူက အများစု။ ပြည်ပနိုင်ငံတွေရဲ့ ဟိုတပ်ဖွဲ့တွေ၊ ဒီတပ်ဖွဲ့တွေ လာပါလို့ ခေါ်သူခေါ်၊ အော်သူအော်။ အတွေးအခေါ်မဲ့၊ ဉာဏ်မဲ့တဲ့ လုပ်ရပ်တွေနဲ့ပေါ်ပင်မှာ ပျော်ရွှင်နေကြသူက ခပ်များများ။ ကိုယ်တိုင်က စည်းကမ်းဖောက်ပြီး လမ်းပေါ်ထွက် ဆူပူရမ်းကားနေတာကျ မေ့ထားပြီး ထိခိုက်မှု အသက်သာဆုံးနဲ့ နှိမ်နင်းမှု ပြုလုပ်နေတာကိုမှမထောက် ဘယ်အဖွဲ့ဖြင့် လာကယ်ပါ၊ ဘယ်သူဖြင့် လာကူပါနဲ့။ တကယ်ကို ဆင်ခြင်တုံတရားမဲ့နေကြတာပဲ မဟုတ်လား။

စာမျက်နှာ ၇ သို့❖

## ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် (၁၀၃ / ၂၀၂၂)**
**၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်**
**၂၀၂၂ ခုနှစ်၊ မတ်လ ၁၁ ရက်**

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါဝန်ကြီးဌာနအသီးသီးတွင် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

| | |
|---|---|
| (၁) ဦးကိုကိုလွင် | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန |
| (၂) ဒေါက်တာ အောင်ကြီး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၃) ဦးမင်းမင်းဦး | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၄) ဦးသန့်စင် | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |

**အမိန့်အရ**

**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတင်းထုတ်ပြန်ချက်

ရန်ကုန်မြို့၊ ဝါးတန်းလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် Small and Medium Enterprise Development Bank (SMEDB) တွင် Open Society Myanmar အမည်ဖြင့် နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ထားရှိပါသည်။ အဆိုပါ ငွေစာရင်းသို့ ပြည်ပမှ လွှဲပို့လာသည့် အမေရိကန်ဒေါ်လာ (၅)သန်းအနက် (၁.၄)သန်းကို မြန်မာကျပ်ငွေ (၁,၉၉၉,၉၀၀,၀၀၀) ကျပ်အဖြစ် လဲလှယ်၍ ၈-၂-၂၀၂၂ ရက်နေ့တွင် Open Society Myanmar မှ ဘဏ္ဍာရေးမန်နေဂျာ ဒေါ်ဖြူပပသော်က ထုတ်ယူခဲ့ပါသည်။ ထိုသို့ နိုင်ငံခြားငွေဝင်ရောက်လာမှုနှင့် ငွေထုတ်ယူမှုများနှင့် ပတ်သက်၍ အသေးစားနှင့်အလတ်စား စက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်က ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် သက်ဆိုင်ရာဌာနများသို့ သတင်းပေးပို့ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် တာဝန်ရှိသူများအပေါ် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

**(မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**

# ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်

**နေပြည်တော် မတ် ၁၁**

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၁၈-၂၀၁၉ ခုနှစ် ရွှေသင်္ကန်းတော်ကပ်လှူခြင်း လုပ်ငန်းစီမံချက်အရ ဆောင်ရွက်ရန်ကျန်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲကို ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော် ရှေးဟောင်းရုပ်ပွားတော်တန်ဆောင်း၌ ကျင်းပသည်။

ယခင်က ရွှေသင်္ကန်းကပ်လှူရန် ကျန်ရှိသော ဧရိယာများ၌ ဂါဝီဆိုဒ်မျိုးစုံ ကြေးပြားအချပ်ရေ ၁၂၀၀၀ ကျော်၊ ရွှေသင်္ကန်းကပ်လှူရန်လုပ်ငန်းကို ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လုပ်ငန်းများ ဆိုင်းငံ့ထားခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုအခါ လူအင်အား ၅၀ ခန့်အထိ စုစည်းဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရှိရ၍ Gold Coating ကပ်လှူခြင်းလုပ်ငန်းအား လည်းကောင်း၊ ကြေးဝန်း ၅ ဆင့်ရှိ ရွှေပြားသင်္ကန်းတော်များကို လိုအပ်သည့် နေရာများအား အဆင့်ဆင့်ရောင်တော်ဖွင့်ခြင်း၊ ကုသိုလ်ယူလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ငြိမ်းစေတီ စနစ်တကျတည်ဆောက်၍ ပွင့်လင်းရာသီအတွင်း ရွှေတိဂုံစေတီတော်မြတ်ကြီးကို ပိုမိုကြည်ညို သပ္ပာယ်ဖွယ်ရာဖြစ်အောင် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒလမ်းညွှန်ချက်များအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

❖ စာမျက်နှာ ၆ မှ

**မှန်ကန်တဲ့ရဲရင့်မှု**

ဒီလို လူပြိန်းလူညံ့ အယုံလွယ်သူမဖြစ်အောင် စဉ်းစားဆင်ခြင်ဉာဏ်ရှိဖို့အတွက် စာကောင်းပေကောင်းတွေကို ဖတ်ရှုလေ့လာဖို့လိုကြောင်း စာတတ်ပေတတ်ပုဂ္ဂိုလ်တိုင်းက တိုက်တွန်းခဲ့ကြတာပဲဖြစ်ပါတယ်။ စာဖတ်ခြင်းကြောင့် ရရှိသိမြင်တဲ့ အသိဗဟုသုတတွေဟာ အကြောင်းအရာအားလုံးကို ဆင်ခြင်သုံးသပ်နိုင်စွမ်းမရှိပေမယ့်လည်း မှားယွင်းတဲ့ လုပ်ရပ်တွေနဲ့ အတွေးအခေါ်တွေကိုတော့ ဆင်ခြင်သုံးသပ်နိုင်စွမ်းရှိတာကို စာအုပ်စာပေကောင်း ဖတ်ရှုသူတိုင်း သိပါတယ်။ ကိုယ်ကျင့်တရားတွေ၊ စိတ်ဓာတ်ကောင်းတွေ မည်သို့ပင်ရှိစေဦး မှန်ကန်တဲ့ပညာနဲ့ ပေါင်းစပ်မှသာ 'နှလုံးလှ လူမိုက်' လုပ်ရပ်တွေကို ရှောင်ရှားနိုင်မှာ ဖြစ်ပါတယ်။ ကိုယ်ကျင့်တရားလည်း ကောင်းတယ်၊ စိတ်ဓာတ်လည်း ကောင်းတယ်၊ စဉ်းစားဆင်ခြင်တဲ့ဉာဏ် မပါဝင်ပါက နိုင်ငံအတွက်၊ ပြည်သူအတွက် ဘယ်လောက်ပဲ စေတနာထားပြီး လုပ်နေတယ်လို့ ဆိုစေကာမူ အမှားတွေသာ ဖြစ်တတ်တာကြောင့် ကိုယ်ကျင့်တရားကောင်း၊ စိတ်ဓာတ်ကောင်း၊ မှန်ကန်တဲ့ ပညာတွေနဲ့ လုပ်ဆောင်မှသာ မှန်ကန်တဲ့ရဲရင့်မှုကို ဖြစ်စေမှာ ဖြစ်ပါတယ်။

လက်ရှိကာလ မြန်မာ့နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်မှာလည်း နိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအပေါင်းဟာ ကောင်းမွန်တဲ့ ကိုယ်ကျင့်တရား၊ လေးစားဖွယ်ရှိတဲ့ စိတ်ဓာတ်တွေ၊ ကောင်းမွန်တဲ့ပညာရပ်တွေနဲ့ ပြောင်းလဲမှုဖြစ်စဉ်တွေကို မှန်ကန်စွာ သုံးသပ်ကြဖို့လိုပါတယ်။ အတွေးအခေါ် မှန်မှန်ကန်ကန်ရှိမှ မှန်ကန်တဲ့ ရဲရင့်မှုဆိုတာလည်း ရှိလာမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွဲမှားတဲ့ စိတ်ဓာတ်ရှိသူတွေလို 'လူနေဘုံဖျား စိတ်နေချုံကြား' တွေ မဖြစ်စေဘဲ မှန်ကန်ရဲရင့်တဲ့ စိတ်ဓာတ်ပိုင်ရှင်တွေကဲ့သို့ 'လူနေဘုံဖျား စိတ်နေဘုံဖျား' တွေဖြစ်အောင် ကြိုးစားအားထုတ်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

# မြန်မာနိုင်ငံတော် ဗဟိုဘဏ်လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ








**နေပြည်တော် မတ် ၁၁**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိမြန်မာနိုင်ငံတော်ဗဟိုဘဏ် Assembly Hall ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းသော်နှင့် ဒေါ်သန်းသန်းဆွေ၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်သော ဒေါ်တင်မိုးမိုးနှင့် ဦးဝင်းမြင့်၊ အရာထမ်းများနှင့် အမှုထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနသည် ဌာနတစ်ခုတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသောဌာနဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဝန်ထမ်းများကို စည်းကမ်းထိန်းသိမ်းခြင်း၊ ဌာနနှင့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို သတ်မှတ်ထားသော ဘဏ္ဍာရေး အရ/ အသုံးဆိုင်ရာ စည်းမျဉ်းဘောင်အတွင်း ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် တိုးတက်စေရေးအတွက် သင်တန်းများ ဆောင်ရွက်ပေးခြင်း၊ IT နည်းပညာများ တိုးတက်စေရန် ဆောင်ရွက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးနေသော ဌာနဖြစ်၍ အရေးကြီးကြောင်း၊ ဘဏ္ဍာနှစ်အတွင်း သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များကို သတ်မှတ်ထားသော ဘတ်ဂျက်ဘောင်အတွင်း ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများအားလုံးကို ဝန်ထမ်းများ သိရှိလိုက်နာရန် လိုအပ်ပါကြောင်း၊ မိမိအားပေးအပ်ထားသော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန် ဖြစ်ပါကြောင်း၊ ယခုကာလတွင် သတင်းအချက်အလက်နည်းပညာများ တိုးတက်လာသည်နှင့်အမျှ နည်းပညာများ လုံခြုံမှုရှိရေးသည် အရေးကြီးပါကြောင်း၊ ဆိုက်ဘာလုံခြုံရေး (Cyber Security) ကို အလေးထားဆောင်ရွက်ရန် ဖြစ်ကြောင်းနှင့် ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် တိုးတက်စေရေးကို အဓိကထား ဆောင်ရွက်ရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်မှ ဌာန၏ လုပ်ငန်းတာဝန်များကို ခြုံငုံရှင်းလင်းပြီး တက်ရောက်လာသော ညွှန်ကြားရေးမှူးများက သက်ဆိုင်ရာဌာနစိတ်တစ်ခုချင်းစီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဆက်လက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြရာ၌ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဌာနများ၏ လိုအပ်ချက်များအပေါ် ဆောင်ရွက်ပေးလျက်ရှိသော အခြေအနေများ၊ သတင်းအချက်အလက်နှင့် နည်းပညာဖွံ့ဖြိုး တိုးတက်ရေးအတွက် E-Government ၊ SWIFT စနစ်များနှင့် CBM-NET System များကို ဆောင်ရွက်နေမှုအခြေအနေများ၊ ငွေရေးကြေးရေး ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအောက်၌ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲရှိ Training Center အား ဆောက်လုပ်ပြီးစီးမှု၊ ငွေကြေးစီမံခန့်ခွဲမှုနှင့် စာရင်းရေးသွင်းမှုများအတွက် အဆင့်မြှင့်တင်ဆောင်ရွက်မှု၊ MIS Reporting System နှင့် SWIFT Reporting Service လုပ်ငန်းများကို ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ သတင်းနှင့် လုံခြုံရေးဌာန၏ ဆောင်ရွက်မှုများနှင့် လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို တင်ပြကြသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌများက ထပ်မံဖြည့်စွက်ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များအပေါ် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်တွင်းရေးရာ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင် ဦးခင်မောင်ဦး ရှင်းလင်းဖြေကြားစဉ်။

☆ ကျောဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဖေဖော်ဝါရီလ တစ်လတာအတွင်း နိုင်ငံတော်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ချက်များ၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုအသွင်မှ အကြမ်းဖက်ဆူပူမှုအသွင်(Riot)၊ ၎င်းမှ မင်းမဲ့စရိုက်ဆန်သော လူအုပ်စု(Anarchy Mob) အသွင်သို့ ကူးပြောင်းလာသည့်အခြေအနေများ၊ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လမ်းပန်းဆက်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများနှင့် ရုံးလုပ်ငန်းများ ရပ်တန့်စေရေး CDM လုပ်ဆောင်လာမှုနှင့် CDM တွင် ပါဝင်လာစေရန် ခြိမ်းခြောက်လှုံ့ဆော်လာသည့် အခြေအနေများ၊ တရားမဝင်သည့် CRPH အဖွဲ့ကို ဖွဲ့စည်းပြီး လူထုဆူပူအုံကြွမှုမြင့်မားလာစေရေး၊ အာဏာဖီဆန်ရေးလုပ်ငန်းစဉ်နှင့် အလုံးစုံပျက်သုဉ်းရေးလမ်းကြောင်းပေါ်သို့ တွန်းတင်ခဲ့ပြီး အနာဂတ် လူငယ် လူရွယ်များကို လမ်းပေါ် မထွက်၊ ထွက်အောင် တွန်းအားပေးဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ဖေဖော်ဝါရီလနှင့် မတ်လဆန်းပိုင်းကာလတို့တွင် ဖြစ်ပေါ်ခဲ့သည့် မင်းမဲ့စရိုက်ဆန်စွာ ဆန္ဒပြမှုများနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့ရသည့် အခြေအနေများ၊ မလေးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့ရှိ မြန်မာနိုင်ငံသားများ၊ ပညာတော်သင် သံဃာတော်များကို တပ်မတော်ရေယာဉ်၊ လေယာဉ်များဖြင့် သွားရောက်ခေါ်ဆောင်ပေးခဲ့သည့်အခြေအနေများ။

## ရှင်းလင်းပြောကြား

CDM လုပ်ဆောင်မှုများကြောင့် ကျန်းမာရေးကဏ္ဍတွင် ပြည်သူလူထု အခက်အခဲဖြစ်ခဲ့ရမှုများနှင့် တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများတွင် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များက ကျန်းမာရေးဆောင်ရွက်ပေးမှုအခြေအနေများ၊ CDM တွင် ပါဝင်လှုပ်ရှားနေသည့် နိုင်ငံ့ဝန်ထမ်းများကို ထောက်ပံ့နိုင်ရေးအမည်ခံကာ သွေးထိုးလှုံ့ဆော်မှုများ၊ ငွေကြေးအလှူခံ အလွဲသုံးစားလုပ်နေသူများကို ထိရောက်သည့်အရေးယူမှုများ ပြုလုပ်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်အဆင့် လာဘ်ပေးလာဘ်ယူမှု Corruption နှင့် အလွဲသုံးစားမှုဖော်ထုတ်တွေ့ရှိချက်၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအား စစ်ဆေးတွေ့ရှိချက်အခြေအနေများ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စ၍ နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်နှင့် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့အား အကျယ်ချုပ်ဖြင့် ထိန်းသိမ်းထားရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဟောင်းများအား လိုအပ်သည့် စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်ခဲ့ရာ ယခင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်းက အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၈ ခုနှစ် မတ်လအတွင်း အမေရိကန်ဒေါ်လာ ၆ သိန်းကျော်နှင့် အကယ်ဒမီ ရွှေစင် ၇ ပိဿာတို့အား ပေးအပ်ခဲ့ရသည်ဟု အတိအလင်းထွက်ဆိုခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကလည်း ကိုယ်တိုင်ကိုယ်ကျ လက်ခံရယူခဲ့သည်ဟု သိရှိရသဖြင့် လိုအပ်သည်များ ဆက်လက်စုံစမ်းစစ်ဆေးနိုင်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ဖော်ထုတ်စစ်ဆေးလျက်ရှိသည့် အခြေအနေများ၊ အလားတူ

စာမျက်နှာ ၉ သို့ ❒




မြို့နယ်များတွင် မဲလက်မှတ်များ မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ။

အဓိကရုဏ်းပြုလုပ်စုဝေးခြင်းအား တားဆီးထိန်းသိမ်းရာတွင် လူစုလူဝေးကိုင်တွယ်ထိန်းသိမ်းနည်းများ













❒ စာမျက်နှာ ၈ မှ

ယခင်ဝန်ကြီးချုပ်များဖြစ်သည့် ဒေါက်တာဇော်မြင့်မောင်၊ ဒေါက်တာမြင့်နိုင်နှင့် ဒေါက်တာအေးဇံတို့သည်လည်း အဂတိလိုက်စားမှုများနှင့် ငြိစွန်းကြောင်း စိစစ်တွေ့ရှိရသဖြင့် စစ်ဆေးဖော်ထုတ်လျက်ရှိသည့် အခြေအနေများနှင့် သမ္မတဟောင်း ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့နှင့် ပတ်သက်၍လည်း စီးပွားရေးလုပ်ငန်းရှင်အချို့ထံမှ ငွေကြေးလက်ခံရယူမှုများ စိစစ်တွေ့ရှိရသည့်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး သတင်းဆက်လက်ထုတ်ပြန်ပေးသွားမည့် အခြေအနေများနှင့် ယခင်မဲရလဒ် ကြေညာချက်များနှင့် ယခု UEC ၏ မဲလက်မှတ်စစ်ဆေးတွေ့ရှိချက်များအရ ကွာခြားချက်များ၊ ယခင် UEC အဖွဲ့ဝင်ဟောင်းတစ်ဦး၏ ပြည်သူလူထုသိရှိစေရန် ပြောဆိုချက်များ စသည့်အခြေအနေများကို Powerpoint Presentation များ၊ Video Clip များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင် ဦးခင်မောင်ဦးက လက်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက်များနှင့် မဲစာရင်းလက်တွေ့စစ်ဆေးချက်များကို သက်သေအထောက်အထားများဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင် ဦးခင်မောင်ဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးချုပ်ဇော်မင်းထွန်းနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

## ရှင်းလင်းပြသ

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ မှိုင်ငြိမ်းကိုးကားနိုင်ရေးအတွက် သတင်းစာရှင်းလင်းပွဲဆိုင်ရာအချက်အလက်များ၊ လက်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက်များ၊ မဲစာရင်းလက်တွေ့စစ်ဆေးချက်များနှင့် သိရှိနိုင်ရန်လိုအပ်သည့် တွေ့ရှိချက်အထောက်အထားများကို ခင်းကျင်းပြသထားရှိရာ သတင်းစာရှင်းလင်းပွဲတက်ရောက်လာကြသူများက လိုက်လံကြည့်ရှုလေ့လာကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက လိုက်လံရှင်းလင်းပြသခဲ့သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးချုပ်ဇော်မင်းထွန်း သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသည်များကို တက်ရောက်လာကြသူများအား လိုက်လံရှင်းလင်းပြသစဉ်။


သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်း ရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနမှ သတင်းထောက်များ လာရောက်သတင်းရယူခဲ့ကြကြောင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှုအပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မမြသွဲ့သွဲ့ခိုင်နှင့် မကြယ်စင်(ခ) ကျားရှီတို့၏ စစ်ဆေးချက်များ























# နေ့စဉ်ဘဝငွေကြေးလည်ပတ်ဖို့အတွက် ဘဏ်တွေပြန်ဖွင့်ပေးပါ

နေခြည်သွေး

တိုးတက်လာတဲ့ လူမှုဘဝဖြစ်စဉ်တွေထဲမှာ ဘဏ်လုပ်ငန်းတွေဟာ မပါမဖြစ် လိုက်ပါဖွံ့ဖြိုးတိုးတက်နေပါတယ်။ လူသားတွေဟာ ဘဏ်တွေမှာ ငွေတွေကိုအပ်တယ်၊ တန်ဖိုးရှိတဲ့ စာချုပ်စာတမ်းတွေ သိမ်းဆည်းတယ်၊ ချေးငွေတွေရယူတယ်၊ ငွေတွေကို တစ်နေရာကနေ တစ်နေရာလွှဲတယ် စတဲ့ လုပ်ဆောင်မှုတွေကို နေ့စဉ် လုပ်ဆောင်နေကြရပါတယ်။ အဲဒီနေရာမှာ အသေးစိတ်ပြောရရင် စာရင်းရှင်အပ်တယ်၊ ငွေစုဘဏ်စာရင်းတွေ ဖွင့်ကြပါတယ်၊ ချေးငွေဆိုရင်လည်း မော်တော်ကား၊ ဖုန်း၊ အိမ် စသည်ဖြင့် ဘဏ်ချေးငွေနဲ့ ဝယ်ယူကြတယ်၊ ဒါ့အပြင် တူညီတဲ့ဘဏ်အချင်းချင်းငွေလွှဲတယ်၊ မတူညီတဲ့ဘဏ်တွေကို ငွေလွှဲတယ်၊ နိုင်ငံတကာနဲ့ ငွေလွှဲပို့ ဆောင်ရွက်ကြပါတယ်။ လက်ရှိ မိမိတို့နိုင်ငံမှာ အစိုးရဘဏ် လေးဘဏ်နဲ့ ပုဂ္ဂလိကဘဏ် ၂၇ ဘဏ် ရှိပါတယ်။

**လက်ရှိဘဏ်တွေရဲ့အခြေအနေ**

အစိုးရဘဏ်နဲ့ ပုဂ္ဂလိကဘဏ်ဝန်ထမ်းအချို့ ရုံးမတက်နဲ့ရုန်းထွက်ကြဆိုတဲ့ CDM လှုပ်ရှားမှုမှာ ပါဝင်ကြတယ်။ သူတို့ကို နောက်ကွယ်က နိုင်ငံပျက်စီးရာပျက်စီးကြောင်း ကြံစည်သူတွေက မြှောက်ပင့်ပေးနေကြတာကိုလည်း မြင်တွေ့ရပါတယ်။ ရည်ရွယ်ချက်က ဘဏ္ဍာရေးဆိုင်ရာယန္တရားကို ရပ်တန့်အောင်လုပ်ဖို့အတွက်ဆိုပြီး ရည်ရွယ်ကြတာဖြစ်ပါတယ်။ ဆန္ဒပြသူတွေဟာ ဘဏ်တွေရဲ့ ပတ်ပတ်လည်မှာ ဆန္ဒပြနေတာကို ဖေဖော်ဝါရီလဆန်းကတည်းက ကြုံတွေ့ခဲ့ရပါတယ်။ ဘဏ်ကိုလာရောက်တဲ့ဝန်ထမ်းတွေကို ရုံးမတက်ကြဖို့အတွက် အတင်းအကျပ်ဖိအားပေးတောင်းဆိုတာတွေကိုလည်း ဆက်တိုက်လုပ်ခဲ့ကြတာမို့ ဘဏ်တွေ ပိတ်ထားခဲ့ရပါတယ်။

အစိုးရဘဏ်တွေမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေကို ခတ်ပုံရိုက်ပြီး အွန်လိုင်းပေါ်တင်၊ အရှက်ခွဲတာမျိုးကိုလည်း လုပ်ဆောင်ခဲ့ကြတဲ့အတွက် တာဝန်သိသိနဲ့ ပြည်သူတွေငွေကြေးလုပ်ငန်းများ အဆင်ပြေစေရေးဆောင်ရွက်ပေးနေကြတဲ့ ဘဏ်ဝန်ထမ်းတွေ အခက်ကြုံခဲ့ကြရပါတယ်။ ပုဂ္ဂလိကဘဏ်တွေဟာ ဘဏ်ဝန်ထမ်းတွေအတွက် လစာတွေ ပေးအပ်နေရဆဲဖြစ်ပေမယ့် လုပ်ငန်းလည်ပတ်နိုင်ဖို့အတွက် အင်အားပြန်လည်စုစည်းနေရတယ်လို့လည်း ကြားသိရပါတယ်။

ပုဂ္ဂလိကဘဏ်တွေ ရပ်တန့်သွားတာက ဖေဖော်ဝါရီလ ၈ ရက်နေ့ကတည်းကလို့ ဆိုနိုင်ပါတယ်။ ဘဏ်တွေရပ်တန့်သွားတဲ့အတွက် အထိနာကြရသူတွေကတော့ မိမိတို့ပြည်သူအများစုပဲဖြစ်ပါတယ်။ ငွေသားကိုင်ဆောင်နေရာကနေ နိုင်ငံတကာ၊ ပြည်တွင်း ငွေကတ်မျိုးစုံကို ကိုင်ဆောင်ထားကြတဲ့ မြို့ပြလူတန်းစားတွေ၊ ငွေသားတွေကို ဘဏ်တွေထဲ သိမ်းထားပြီး လိုသလောက်သာ ထုတ်သုံးလိုကြတဲ့ တောင်သူတွေ၊ ပို့ကုန်တင်ပို့တဲ့အခါ ဘဏ်တွေကိုပဲ အားထားပြီး ငွေလွှဲ၊ ငွေလက်ခံလုပ်ကြရတဲ့

> **ဆိုးရွားတဲ့အခြေအနေမှာ အလွယ်တကူ ငွေထုတ်နိုင်စေဖို့ ရည်ရွယ်ပြီး ATM စက်တွေထဲကို ငွေသားဖြည့်တင်းပေးတဲ့ ဝန်ထမ်းတွေကို ဆန္ဒပြကြတယ်။ CDM မလုပ်လို့ဆိုပြီး ရှုတ်ချကြတယ်။ အရေးပေါ်ငွေသား လိုအပ်သူတွေအတွက် နောက်ထပ် မဖြည့်ပေးရဲအောင် လုပ်ဆောင်ကြတယ်။ ဒါ့အပြင် ပြည်သူလူထု စိုးရိမ်ပူပန်မှုတွေ အမြင့်ဆုံးရောက်ဖို့အတွက် နိုင်ငံတော်မှာ ငွေကြေးမရှိတော့ဘူး၊ အချို့ငွေစက္ကူတွေ ပြန်လည်သိမ်းဆည်းမယ်ဆိုတဲ့ မဟုတ်မမှန်သတင်းတွေကိုလည်း ထုတ်ဝေခဲ့ကြပါတယ်။**

လုပ်ငန်းရှင်တွေ၊ လစာအတွက် ဘဏ်ကနေကိုယ်ပိုင်အကောင့်ထဲကို လွှဲယူလက်ခံကြတဲ့ လခစား ဝန်ထမ်းတွေအားလုံး ရှင်လျက်နဲ့သေဘဝကို ရောက်အောင် တွန်းပို့လိုက်တဲ့ လက်သည်တရားခံကတော့ CDM လှုပ်ရှားမှုကို အားပေးထောက်ခံပြီး မြှောက်ပင့်ပေးလိုက်ကြသူတွေလို့ စာရေးသူကတော့ ဆိုချင်ပါတယ်။

ဆိုးရွားတဲ့အခြေအနေမှာ အလွယ်တကူ ငွေထုတ်နိုင်စေဖို့ရည်ရွယ်ပြီး ATM စက်တွေထဲကို ငွေသားဖြည့်တင်းပေးတဲ့ ဝန်ထမ်းတွေကို ဆန္ဒပြကြတယ်။ CDM မလုပ်လို့ဆိုပြီး ရှုတ်ချကြတယ်။ အရေးပေါ်ငွေသား လိုအပ်သူတွေအတွက် နောက်ထပ် မဖြည့်ပေးရဲအောင် လုပ်ဆောင်ကြတယ်။ ဒါ့အပြင် ပြည်သူလူထုစိုးရိမ်ပူပန်မှုတွေ အမြင့်ဆုံးရောက်ဖို့အတွက် နိုင်ငံတော်မှာ ငွေကြေးမရှိတော့ဘူး၊ အချို့ငွေစက္ကူတွေ ပြန်လည်သိမ်းဆည်းမယ်ဆိုတဲ့ မဟုတ်မမှန်သတင်းတွေကိုလည်း ထုတ်ဝေခဲ့ကြပါတယ်။

ဖေဖော်ဝါရီလကတည်းက ဗဟိုဘဏ်ကနေ ပုဂ္ဂလိကဘဏ်တွေ ပြန်လည်ဖွင့်လှစ်ဖို့အတွက် ညွှန်ကြားထားခဲ့ပေမယ့် လက်ရှိအချိန်အထိ ပုဂ္ဂလိကဘဏ်အချို့က ဘဏ်ခွဲအချို့သာ ဖွင့်လှစ်နိုင်ခဲ့သေးပါတယ်။ ပုဂ္ဂလိကဘဏ်များ ပိတ်ထားရမှုများပြားတဲ့အတွက် မြဝတီကဲ့သို့သော ဘဏ်များက ဖွင့်လှစ်ပေးပြီး ငွေကြေးဆိုင်ရာလုပ်ငန်းလည်ပတ်မှုများကို အားဖြည့်ပေးခဲ့ပေမယ့် သွေးထိုးသူများက ငွေကြေးအကုန်ထုတ်ယူစေတာ၊ မရပ်မနား ငွေထုတ်ယူတာတွေကိုလည်း မြင်တွေ့ခဲ့ရပါတယ်။

**ပို့ကုန်သွင်းကုန်လုပ်ငန်းတွေထိခိုက်**

ပြည်သူလူထုက စိုးရိမ်ကြောင့်ကြမှုတွေရှိနေတဲ့အတွက် ဖွင့်တဲ့ဘဏ်တွေမှာ လူတွေတိုးမပေါက်အောင် ရောက်ရှိသွားကြပြီး ဘဏ်မှာအပ်နှံထားတဲ့ ငွေသားတွေကို အသုံးမလိုပေမယ့်ပြန်လည်ထုတ်ယူကြတာတွေကိုလည်း ကြားသိနေရပါတယ်။ ဒီလိုပေးနိုင်တဲ့ဝန်ဆောင်မှုနဲ့ ဝန်ဆောင်မှုရယူလိုသူ အင်အားမမျှတဲ့အတွက် ဘဏ်တွေ ပြန်လည်ဖွင့်လှစ်ပေးဖို့ အခက်အခဲတွေလည်း ရင်ဆိုင်နေကြတာကို မြင်တွေ့နေရပါတယ်။

ဘဏ်တွေပိတ်ထားရတဲ့အတွက် ပို့ကုန်လုပ်ငန်းရှင်တွေဟာ Payment Transfer တွေကို ထုတ်မပေးနိုင်ဘူး။ ငွေကြေးလွှဲပြောင်းပေးပို့တာ၊ လက်ခံတာတွေလုပ်လို့မရပါဘူး။ အဲဒီအကျိုးဆက်ဟာ သွင်းကုန်၊ ထုတ်ကုန်ပစ္စည်းတွေ၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းတွေအားလုံး အထိနာကုန်ပြီး ကုန်ဈေးနှုန်းထိန်းချုပ်နိုင်မှုကိုလည်း ရိုက်ခတ်လာနိုင်စေပါတယ်။ အဲဒီဒုက္ခကို အဆုံးသတ်ခံစားကြရမယ့်သူတွေကတော့ ပြည်သူတွေပဲ ဖြစ်ပါတယ်။ ပြည်သူတွေဟာ ကိုဗစ်-၁၉ ကပ်ရောဂါဒဏ်ကြောင့် လပေါင်းများစွာ စီးပွားရေးနဲ့ ကုန်ထုတ်လုပ်မှုတွေ၊ တစ်ဦးချင်းဝင်ငွေတွေ ကျဆင်းနေရတဲ့အကြားမှာ ဘဏ်လုပ်ငန်းများ ရပ်တန့်ခဲ့ရတဲ့အတွက် ဆိုးရွားတဲ့အကျိုးဆက်ကို ခံစားနေကြရပြီဖြစ်ပါတယ်။

ဘဏ်တွေဟာ ငွေကြေးကြားခံလုပ်ငန်းတွေဖြစ်ပါတယ်။ အပ်နှံလိုတဲ့ငွေတွေကို လက်ခံပေးပြီး ချေးငှားလိုတဲ့သူတွေကို ပြန်လည်ချေးငှားပေးကြရသူတွေပါ။ ဘဏ်တွေဟာ ငွေကြေးစနစ်ရဲ့ အခြေခံအကျဆုံးအစိတ်အပိုင်းဖြစ်သလို ငွေကြေးဈေးကွက်မှာလည်း အရေးပါတဲ့ ကစားသမား (Player) ဖြစ်ပါတယ်။ မိမိရဲ့ဘဏ်စာရင်းထဲက ငွေကြေးတွေကို လိုအပ်တဲ့နေရာမှာ ထုတ်သုံးဖို့၊ အရောင်းအဝယ်လုပ်ထားတဲ့ ငွေကြေးတွေ မိမိစာရင်းထဲကို အမှန်တကယ်ရောက်ရှိပြီလား စစ်ဆေးနိုင်ဖို့နဲ့ လစဉ်လစာငွေတွေ ထုတ်ယူဖို့ဆိုတာ ဘဏ်တွေကိုပဲ အားထားနေကြရတာပါ။ ဘဏ်ချေးငွေတွေရယူထားကြတဲ့ ပြည်သူတွေ စီးပွားရေးကျပ်တည်းလာတဲ့အခါ၊ ငွေကြေးလည်ပတ်စီးဆင်းမှု ခက်ခဲလာတဲ့အခါ အကျိုးဆက်အနေနဲ့ တိုင်းပြည်စီးပွားရေး ထိခိုက်လာနိုင်တာကိုလည်း သတိပြုစေချင်ပါတယ်။

**ပြည်သူများအတွက်အကျိုးမဲ့**

မိုဘိုင်းငွေပေးချေမှုနဲ့ အီလက်ထရွန်နစ်ငွေပေးချေမှုပုံစံတွေရှိပေမယ့် ပြည်သူအများစုက သုံးစွဲမှုမပြုနိုင်သေးပါဘူး။ ဒီကာလမှာ ဘဏ်တွေဟာ ပုံမှန်မဖွင့်နိုင်ဘူးဆိုရင် ပြည်သူတွေရဲ့ စား၊ ဝတ်၊ နေရေး၊ ကျန်းမာရေးတို့အတွက် ငွေကြေးသုံးစွဲမှု အားနည်းလာနိုင်တာကိုလည်း မြင်တွေ့နေရပါတယ်။ ဘဏ်တွေဟာ တိုင်းပြည်ရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တာကြောင့် ပြည်သူတွေအနေနဲ့ ဘဏ်လုပ်ငန်းတွေ ပုံမှန်အတိုင်းလည်ပတ်နိုင်ဖို့ မျှော်လင့်လျက်ရှိနေပါတယ်။

> **မိုဘိုင်းငွေပေးချေမှုနဲ့ အီလက်ထရွန်နစ် ငွေပေးချေမှုပုံစံတွေ ရှိပေမယ့် ပြည်သူအများစုက သုံးစွဲမှုမပြုနိုင်သေးပါဘူး။ ဒီကာလမှာ ဘဏ်တွေဟာ ပုံမှန်မဖွင့်နိုင်ဘူးဆိုရင် ပြည်သူတွေရဲ့ စား၊ ဝတ်၊ နေရေး၊ ကျန်းမာရေးတို့အတွက် ငွေကြေးသုံးစွဲမှု အားနည်းလာနိုင်တာကိုလည်း မြင်တွေ့နေရပါတယ်။ ဘဏ်တွေဟာ တိုင်းပြည်ရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တာကြောင့် ပြည်သူတွေအနေနဲ့ ဘဏ်လုပ်ငန်းတွေ ပုံမှန်အတိုင်းလည်ပတ်နိုင်ဖို့ မျှော်လင့်လျက်ရှိနေပါတယ်။**

ပုဂ္ဂလိကဘဏ်အများစုမှာ ငွေကြေးအပ်နှံတာ၊ လွှဲပြောင်းတာနဲ့ ချေးငွေရယူကြသူ အားလုံးဟာ လက်ရှိတာဝန်ယူထားတဲ့အစိုးရမဟုတ်ဘဲ ပြည်သူတွေပဲဖြစ်ပါတယ်။ ပြည်သူတွေဟာ ဘဏ်တွေ ပိတ်ထားကြတဲ့ နောက်ဆက်တွဲအကျိုးဆက်ကို စတင်ခံစားနေကြရပြီး ငွေကြေးသုံးစွဲမှုမှာ အကြီးမားဆုံး ထိခိုက်ကြရသူတွေဖြစ်ပါတယ်။ မိမိတို့သမ္မာအာဇီဝနဲ့ရှာဖွေထားတဲ့ ငွေကြေးတွေကို ကိုယ်တိုင်တောင် ထုတ်ယူဖို့အခက်အခဲဖြစ်နေတဲ့ အခြေအနေကိုတော့ ဘယ်နိုင်ငံသားကမှ ရေရှည်တောင့်ခံနိုင်မှာမဟုတ်ပါဘူး၊ ပြည်သူတွေအနေနဲ့ ဘဏ်တွေမဖွင့်နိုင်အောင် နောက်ကွယ်က ကြိုးဆွဲနေကြသူတွေ အပါအဝင် စည်းရုံးလှုံ့ဆော်နေသူတွေကို ဖော်ထုတ်ပြီး တာဝန်ရှိသူတွေဆီ သတင်းပို့စေချင်တယ်၊ အရေးယူအပြစ်ပေးဖို့ ပူးပေါင်းဆောင်ရွက်စေချင်တယ်။ ဘဏ်ဝန်ထမ်းတွေအနေနဲ့ မိမိတို့ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို အမြန်ဆုံးဖြည့်ဆည်းပြီး လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်ကြဖို့အတွက်လည်း အထူးဖိတ်ခေါ်လိုက်ပါတယ်။ ။

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် နေ့စဉ်သေဆုံးမှုအရေအတွက် စံချိန်တင်မြင့်တက်

**ရီယိုဒီဂျနေးရိုး မတ် ၁၁**

ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် နေ့စဉ်သေဆုံးမှုအရေအတွက်သည် ၂၀၀၀ ကျော်သို့ ပထမဆုံးအကြိမ် စံချိန်တင် ရောက်ရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၈၆ ဦး သေဆုံးခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၂၇၀၉၁၇ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

မတ် ၉ ရက်တွင် ရောဂါကူးစက်မှုကြောင့် သေဆုံးသူဦးရေ ၁၉၇၂ ဦးရှိခဲ့ပြီး အဆိုပါ အရေအတွက်သည် နေ့စဉ်သေဆုံးမှုအရေအတွက် ဒုတိယမြောက် အမြင့်မားဆုံးဖြစ်ခဲ့သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၉၀၈၇၆ ဦးအား ထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၂၀၅၉၇၂ ဦးရှိလာခဲ့ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

ဘရာဇီးနိုင်ငံသည် အမေရိကန်နိုင်ငံပြီးနောက် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူအရေအတွက် ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ရောဂါကူးစက်မှုအရေအတွက်တွင် အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့ပြီးနောက် တတိယအများဆုံးနိုင်ငံဖြစ်သည်။

ဘရာဇီးပြည်သူ တစ်သိန်းလျှင် ၁၂၈ ဦးသေဆုံးမှုရှိပြီး ကိုဗစ်-၁၉ ရောဂါကို ဆိုးရွားစွာခံစားရသည့် နိုင်ငံပေါင်း ၂၀ အနက် သေဆုံးမှုနှုန်းအဆင့် ၁၁ တွင်ရှိကြောင်း ဂျွန်ဟော့ပ်ကင်းစ်တက္ကသိုလ်၏ ကိန်းဂဏန်းများအရ သိရသည်။ ချက်သမ္မတနိုင်ငံတွင် ပြည်သူတစ်သိန်းလျှင် ၂၀၈ ဦးသေဆုံးမှုနှုန်းရှိပြီး ဗြိတိန်နိုင်ငံ၌ ပြည်သူတစ်သိန်းလျှင် ၁၈၈ ဦး သေဆုံးမှုနှုန်းရှိကြောင်း သိရသည်။

နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်မှုများ အဆမတန်မြင့်တက်လျက်ရှိသည့်အတွက် ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများကိုလည်း တင်းကျပ်စွာချမှတ်ထားကြောင်း သိရသည်။

သို့သော် ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်များကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့အထိ နိုင်ငံ၏လူဦးရေ ၈ ဒသမ ၇၃ သန်း (၄ ဒသမ ၁၃ ရာခိုင်နှုန်း) အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးပြီးဖြစ်သည်။ လူဦးရေ ၂ ဒသမ ၉၇ သန်း (၁ ဒသမ ၄၁ ရာခိုင်နှုန်း) သည် ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။



ကိုးကား- ဘီဘီစီ

ဘာသာပြန်- အောင်ကျော်ကျော်

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၄၇ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ မတ် ၁၁**

မလေးရှားနိုင်ငံ၌ ယမန်နေ့ဆေးစစ်ချက်များအရ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၄၇ ဦး ထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၁၉၃၆၄ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားခဲ့သည်။

အဆိုပါဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၆၄၇ ဦးအနက် ငါးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၁၆၄၂ ဦးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နူးဟစ်ဟမ်အဒူလာက ယနေ့သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကူးစက်သူ ကိုးဦး ထပ်မံသေဆုံးခဲ့ရာ နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၁၂၀၀ ရှိလာခဲ့ပြီဖြစ်သည်။

သို့သော် လူနာ ၂၁၀၄ ဦးသည် ရောဂါမှ ပြန်လည်သက်သာလာခဲ့ပြီး ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ကောင်းမွန်လာသည့်အတွက် ဆေးရုံမှ ဆင်းသွားခဲ့သူပေါင်း ၃၀၀၆၂၀ (၉၄ ဒသမ ၁ ရာခိုင်နှုန်း) ရှိကြောင်း သိရသည်။



လက်ရှိအချိန်တွင် ဆေးဝါးကုသမှုခံယူလျက်ရှိသည့်လူနာ ၁၇၅၄၄ ဦးရှိပြီး ယင်းတို့အနက် လူနာ ၁၄၇ ဦးသည် ရောဂါလက္ခဏာပြင်းထန်စွာ ခံစားနေရပြီး ၆၁ ဦးသည် အသက်ရှူအထောက်အကူပြု ကိရိယာများ အသုံးပြုနေရကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အောင်ကျော်ကျော်

# အီသီယိုးပီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၄၃ ဦး ထပ်မံတွေ့ရှိ

**အဒစ်အာဘာဘာ မတ် ၁၁**

အီသီယိုးပီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၄၃ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၆၉၈၇၈ ဦး ရှိလာကြောင်း ယမန်နေ့က သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄၆၆ ဦးရှိပြီး ရောဂါဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူ ၁၄၀၀၃၅ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနကပြောကြားသည်။ အီသီယိုးပီးယားနိုင်ငံသည် အာဖရိကဒေသတွင် ဒုတိယလူဦးရေအများဆုံးနိုင်ငံဖြစ်ပြီး တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် အီဂျစ်နိုင်ငံတို့ပြီးနောက် ဒေသတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ရပ်တည်ချက်အဆင့်တွင် အဆင့် ၅ ရှိကြောင်း သိရသည်။ နိုင်ငံအတွင်းလူပေါင်း ၂၂၀၀၁၃၀ ကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုများဆောင်ရွက်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၂၇၀ ထပ်မံတွေ့ရှိ

**မော်စကို မတ် ၁၁**

ရုရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၂၇၀ ထပ်မံ စစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၃၆၀၈၂၃ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးစင်တာက ယနေ့ပြောကြားခဲ့သည်။

ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၄၀၀၆ ဦး ရောဂါမှ ပြန်လည်သက်သာလာခဲ့ရာ ဆေးရုံများမှ ပြန်လည်ဆင်းခွင့်ရရှိသူပေါင်း ၃၉၅၉၅၃၃ ဦးရှိလာခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၄၅၉ ဦးထပ်မံသေဆုံးခဲ့ရာ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၉၀၇၃၄ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

လက်ရှိအချိန်အထိ နိုင်ငံလူဦးရေ ၁၁၄ ဒသမ ၁ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရခြင်းရှိ၊ မရှိ စစ်ဆေးပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အောင်ကျော်ကျော်

# အမေရိကန်၌ ကလေးငယ် ၃ ဒသမ ၂ သန်းကျော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**ဝါရှင်တန် မတ် ၁၁**

အမေရိကန်၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ လက်ရှိအချိန်ထိ ကလေးငယ် ၃ ဒသမ ၂ သန်းကျော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း အမေရိကန် ကလေးဆေးပညာရပ် တက္ကသိုလ်နှင့် ကလေးများဆေးရုံအဖွဲ့မှ ထုတ်ပြန်သည့် နောက်ဆုံးအစီရင်ခံစာတစ်ရပ်အရ သိရသည်။

မတ်၄ရက်အထိရရှိထားသည့်ကိန်းဂဏန်းများအရ အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောကလေးငယ် ၃၂၃၁၈၃၆ ဦးခန့်ရှိရာ အမေရိကန်တစ်ဝန်းရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအားလုံး၏ ၁၃ ဒသမ ၂ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။ အမေရိကန်ပြည်ထောင်စုတွင် ကလေးငယ် တစ်သိန်းလျှင် ကလေး ၄၂၉၄ ဦးနှုန်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့သည်ကို အစီရင်ခံစာက ဖော်ပြထားသည်။

ပြီးခဲ့သည့်သီတင်းပတ်က အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောကလေးငယ် ၆၃၀၀၀ ကျော် ထပ်မံတွေ့ရှိခဲ့ရာ အမေရိကန်၌ ကလေးငယ်များအကြား ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုသီတင်းပတ် ခုနစ်ပတ် ဆက်တိုက်ကျဆင်းလာသည်ကို ထင်ဟပ်စေခဲ့သည်။

ထို့အပြင် အမေရိကန်တစ်ဝန်းတွင် ဖေဖော်ဝါရီ ၁၈ ရက်မှ မတ် ၄ ရက်အထိ သီတင်းပတ် နှစ်ပတ်ကျော်ကြာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောကလေးဦးရေ ၁၂၇၈၂၆ ဦး ထပ်မံတွေ့ရှိခဲ့ရာ အမေရိကန်ကလေးများအကြား ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း ၄ ရာခိုင်နှုန်းခန့် မြင့်တက်လာသည်ကို ပြသထားသည်။

ထို့အပြင် အမေရိကန်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးရုံတင်ခြင်းခံရသူအားလုံးတွင် ကလေးငယ် ၁ ဒသမ ၃ ရာခိုင်နှုန်းနှင့် ၃ ရာခိုင်နှုန်းအကြား ပါဝင်သည်။ ထို့အတူ အမေရိကန်၌ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူအားလုံးတွင် ကလေးငယ် သုည ဒသမ ၁၉ ရာခိုင်နှုန်းခန့်ပါဝင်ကြောင်း အစီရင်ခံစာအရ သိရသည်။

လက်ရှိအချိန်တွင် အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ရောဂါဖြင့် ကလေးငယ်များအကြား အသည်းအသန် ဖျားနာမှုဖြစ်ခဲ့ဖွယ်ရှိကောင်း ရှိသော်ငြားလည်း ကလေးများ၏ ကျန်းမာရေးအပေါ် ကိုဗစ်-၁၉ ရောဂါ၏ ရေရှည် သက်ရောက်မှုနှင့်ပတ်သက်၍ မှတ်တမ်းအများအပြား ပြုစုနိုင်ရန် အရေးပေါ်လိုအပ်လျက်ရှိကြောင်း အစီရင်ခံစာတွင် ရေးသားဖော်ပြထားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - ဂျေတီ

# အမေရိကန်နှင့် တရုတ်ထိပ်တန်း သံတမန်များ မတ် ၁၈ ရက်တွင် တွေ့ဆုံမည်



**ဝါရှင်တန် မတ် ၁၁**
အမေရိကန်နှင့် တရုတ်နိုင်ငံ ထိပ်တန်းသံတမန်များသည် မတ် ၁၈ ရက်တွင် အလက်စကာပြည်နယ်၌ တွေ့ဆုံမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါ နှစ်နိုင်ငံသံတမန်များအကြား မျက်နှာချင်းဆိုင် တွေ့ဆုံမှုသည် သမ္မတဂျိုးဘိုင်ဒင် ရာထူးအာဏာ စတင်ထမ်းရွက်သည့်အချိန်မှစပြီး ပထမဆုံးအကြိမ် ဖြစ်သည်။

အထက်ပါ အစည်းအဝေးနှင့်ပတ်သက်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ယမန်နေ့ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီ ဘလင်ကန်နှင့် အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလီဗန်တို့သည် တရုတ် ကွန်မြူနစ်ပါတီ၏ နိုင်ငံရေးဗျူရိုမှ ယန်ဂျီချီနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိတို့အား မတ် ၁၈ ရက်တွင် တွေ့ဆုံမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်အရ သိရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန်သည် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သို့ သွားလာခဲ့ပြီးနောက် ယခုအစည်းအဝေးကို စီစဉ်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား သဘော တူညီမှုမရရှိသေးသည့် ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးရန် အဆိုပါအစည်းအဝေးကို စီစဉ်ခြင်းဖြစ်ကြောင်း ဘလင်ကန်က ၎င်း၏ တွစ်တာ စာမျက်နှာတွင် ရေးသားထားသည်။


အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က တရုတ်နိုင်ငံအား စီးပွားရေး၊ သံတမန်ရေး၊ ကာကွယ်ရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့တွင် အင်အားကြီးသော နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ထားသည်။

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကိစ္စရပ်များကဲ့သို့သော ကမ္ဘာ့နိုင်ငံများ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို တရုတ်နိုင်ငံနှင့်အတူ ပူးပေါင်းကာ ကိုင်တွယ်ဖြေရှင်းသွားရန် ဆန္ဒရှိကြောင်း သမ္မတဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု တတိယလှိုင်းဖြစ်ပေါ်လာနိုင်သဖြင့် ဂရုပြုကြရန် ကင်ညာကျန်းမာရေးဝန်ကြီးဌာန ပြောကြား

**နိုင်ရိုဘီ မတ် ၁၁**
ကင်ညာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု တတိယလှိုင်း ဖြစ်ပေါ်လာနိုင်သဖြင့် ဂရုပြုကြရန် ကင်ညာကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့က ပြောကြားခဲ့သည်။



နိုင်ငံအတွင်း လတ်တလော ဖြစ်ပွားသော ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုများအတွင်း လူ ၁၂ ဦး ထပ်မံသေဆုံးခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူ ၁၈၉၈ ဦး ရှိလာခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၀၃၅၆ ဦးရှိကာ ရောဂါဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူ ၈၇၉၀၃ ဦးရှိကြောင်း ကျန်းမာရေးအဖွဲ့ အကြီးအကဲ မူတာဟီကာဝီက ပြောကြားသည်။

ကင်ညာ နိုင်ငံသားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရန်အတွက် အစိုးရက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာရမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများမှာ ယမန်နှစ် ဇွန်လနှင့် ဇူလိုင်လတို့က မြင့်တက်ခဲ့ပြီး သြဂုတ်နှင့် စက်တင်ဘာလအတွင်း ကျဆင်းခဲ့ကာ အောက်တိုဘာနှင့် နိုဝင်ဘာလများအတွင်း ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၁ ဒသမ ၀၂ သန်း လက်ခံရရှိခဲ့ပြီး နိုင်ငံသား ၄၀၀၀ ခန့်အား ကာကွယ်ဆေးထိုးနှံပေးခဲ့ရာတွင် ဘေးထွက်ဆိုးကျိုးတစ်စုံတစ်ရာ မရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ မာဆီမင်ဂန်ဂီ၏ ပြောကြားချက်အရ သိရသည်။ နိုင်ငံအတွင်း ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုများမြင့်တက်လာသဖြင့် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ဖြစ်လာမည်ကို ကျန်းမာရေးဆိုင်ရာကျွမ်းကျင်သူများက စိုးရိမ်နေကြသည်။

နိုင်ငံလူဦးရေ ၄၉ သန်း၏ ၃၀ ရာခိုင်နှုန်းဖြစ်သော လူဦးရေ ၁၅ သန်းကို ၂၀၂၃ ခုနှစ် ဇွန်လတွင် အဆင့်သုံးဆင့်ဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မူတာဟီကာဝီက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**
■

# ဖီဂျီနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများတွင် နိုင်ငံသားများ ပူးပေါင်းပါဝင်ကြရန် ဝန်ကြီးချုပ် ပြောကြား

**ဆူဗာ မတ် ၁၁**
ဖီဂျီနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများတွင် နိုင်ငံသားများ ပူးပေါင်းပါဝင်ကြရန် ဝန်ကြီးချုပ် ဗိုရီကူဘိုင်နီမာရမာ က ယနေ့တွင် ပြောကြားခဲ့သည်။

နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းသည် စီးပွားရေးပြန်လည် ဦးမော့လာစေရန်အတွက် အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်းလည်း ၎င်းကပြောကြားခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ နယ်စပ်စစ်ဆေးရေးဝန်ထမ်းများ၊ ကိုဗစ်-၁၉ရောဂါဆိုင်ရာ ခွဲခြားစောင့်ကြည့်ရေးစင်တာများရှိ ဝန်ထမ်းများအပါအဝင် လူ ၆၀၀၀ ခန့်အား ပထမအသုတ်အဖြစ် ထိုးနှံပေးသွားမည်ဖြစ်သည်။ နိုင်ငံသားတွေကို ကိုဗစ်-၁၉ရောဂါဘေး ကင်းဝေးစေရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအပေါ်တွင် မှီခိုသွားရမည်ဟု ၎င်းက ပြောကြားသည်။

“ကျွန်တော်တို့နိုင်ငံအနေနဲ့ မိမိနိုင်ငံသားများအတွက် ဘေးကင်းစိတ်ချရတဲ့ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးတွေကို ဝယ်ယူသိုလှောင်ထားပါတယ်။ အခြားနိုင်ငံများနည်းတူ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ထိုးနှံတဲ့ လုပ်ငန်းတွေကို အချိန်နောက်မကျစေဘဲ ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ၎င်းက ပြောကြားသည်။

ဖီဂျီနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVAX အစီအစဉ်မှ ပထမအသုတ်အဖြစ် လှူဒါန်းသော AstraZeneca ကိုဗစ် -၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၂၀၀၀ ကို မတ် ၆ ရက်က လက်ခံရရှိခဲ့ပြီး လာမည့်သီတင်းပတ်များအတွင်း ဆေးဝါးများ ထပ်မံရရှိမည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ကမ္ဘောဒီးယား၌ ကိုဗစ်-၁၉ ရောဂါဖြင့် ပထမဆုံး သေဆုံးမှု ဖြစ်ပွား

**ဖနောင်ပင် မတ် ၁၁**
ကမ္ဘောဒီးယားနိုင်ငံတွင် လွန်ခဲ့သည့်တစ်နှစ်မှစ၍ ကိုဗစ်-၁၉ ရောဂါကူးစက်မှု အဆိုးဆုံးနှင့် ရင်ဆိုင်ကြုံတွေ့ နေစဉ် ကိုဗစ်-၁၉ ရောဂါဖြင့် ပထမဆုံး သေဆုံးမှု ယနေ့ဖြစ်ပွားခဲ့ကြောင်း ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အသက် ၅၀ အရွယ် ကမ္ဘောဒီးယားနိုင်ငံသား ယာဉ်မောင်းတစ်ဦးသည် ပြီးခဲ့သည့်ဖေဖော်ဝါရီ ၂၇ ရက်က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ပြီးနောက် မြို့တော်ဖနောင်ပင်ရှိ ဆေးရုံတစ်ရုံ၌ ဆေးဝါးကုသမှုခံယူနေစဉ် ယနေ့ နံနက်ပိုင်းက ထိုရောဂါဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် အစောပိုင်းကာလက ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ လွတ်မြောက်နိုင်ခဲ့သော်လည်း ပြီးခဲ့သည့်လ နှောင်းပိုင်းမှစ၍ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်တက်လာမှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့သည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘောဒီးယားနိုင်ငံရှိ နေရာဒေသအသီးသီးသို့ ကူးစက်ပျံ့နှံ့သွားပြီး ယနေ့ တစ်ရက်တည်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉ ဦး ထပ်မံတွေ့ရှိခဲ့ကာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၆၃ ဦး ရှိလာကြောင်း သိရသည်။

ကမ္ဘောဒီးယားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုထိန်းချုပ်ရန် ရောဂါထိန်းချုပ်ရေးဆိုင်ရာ တင်းကျပ်သော ဥပဒေမူကြမ်းတစ်ရပ်ကို ပြီးခဲ့သည့်သီတင်းပတ်က အတည်ပြုခဲ့သည်။ အဆိုပါ ဥပဒေမူကြမ်းအရ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်သူသည် ထောင်ဒဏ်နှစ် ၂၀ အထိ ချမှတ်ခံရနိုင်ကြောင်း သိရသည်။

ကမ္ဘောဒီးယားအစိုးရသည် တရုတ်နိုင်ငံမှ လှူဒါန်းထားသည့် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၆၀၀၀၀၀ ခန့် လက်ခံရရှိခဲ့ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို ပြီးခဲ့သည့်လက စတင်ခဲ့သည်။ ထို့အပြင် ကမ္ဘောဒီးယားနိုင်ငံသည် နောက်ထပ် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၃၂၄၀၀၀ ခန့် ကိုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းများက ဦးဆောင်သည့် COVAX အစီအစဉ်မှတစ်ဆင့် လက်ခံရရှိခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားအစိုးရသည် နိုင်ငံလူဦးရေ ၁၆ သန်းခန့် ရှိသည့်အနက် လူဦးရေ ၁၀ သန်းကျော်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးရန် စီစဉ်ထားသည်။ ထို့အပြင် ကမ္ဘောဒီးယားအစိုးရသည် နိုင်ငံအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော သံတမန်များနှင့် အလုပ်လုပ်ကိုင်လျက်ရှိသော နိုင်ငံခြားသားအလုပ်သမားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ဂျေတီ**

# အမေရိကန်နိုင်ငံ၌ Johnson & Johnson ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သန်း ၁၀၀ ဖြန့်ဖြူးမည်

**ဝါရှင်တန် မတ် ၁၁**
အမေရိကန်နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးစင်တာများသို့ Johnson & Johnson ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ သန်း ၁၀၀ ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ယမန်နေ့တွင် ကြေညာခဲ့သည်။

Johnson & Johnson ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သန်း ၁၀၀ သည် နိုင်ငံအတွင်း ကာကွယ်ဆေးထိုးနှံပေးရန်အတွက် ဝယ်ယူထားသည့် ကာကွယ်ဆေးအလုံးရေ သန်း ၈၀၀ ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

လက်ရှိအချိန်တွင် တစ်နေ့လျှင် ပြည်သူ ၂ ဒသမ ၉ သန်းကို ကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း သမ္မတဂျိုးဘိုင်ဒင်က ဆိုသည်။

မေလမကုန်မီအချိန်တွင် အရွယ်ရောက်ပြီး သူတိုင်းအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံအလောက်ရရှိမည်ဖြစ်ကြောင်းနှင့် အဆိုပါ ကာလသည် ယခင်သတ်မှတ်ထားသည့် ကာလ (ဇူလိုင်လမကုန်မီ) ထက်အချိန် ပိုမိုစောစီးကြောင်း သမ္မတဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၌ လက်ရှိအသုံးပြုလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး သုံးမျိုးရှိကြောင်း သိရသည်။

အမေရိကန် အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့က အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတို့ကို ပြီးခဲ့သည့် ဒီဇင်ဘာလက နိုင်ငံအတွင်း သုံးစွဲရန် ခွင့်ပြုခဲ့သည်။ Johnson & Johnson ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဖေဖော်ဝါရီ ၂၇ ရက်တွင် သုံးစွဲခွင့် အတည်ပြုခဲ့သည်။ အဆိုပါ Johnson & Johnson ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် အမေရိကန်နိုင်ငံတွင် ပထမဆုံး အတည်ပြုခဲ့သည့် တစ်ကြိမ်တည်းသာ ထိုးနှံရန်လိုအပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြစ်သည်။




မတ် ၁၀ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၂၇ သန်းကို နိုင်ငံအတွင်းရှိ ကာကွယ်ဆေးထိုးနှံရေး စင်တာများသို့ ဖြန့်ဖြူးပေးပြီးဖြစ်ကြောင်းနှင့် ယင်းတို့အနက် ကာကွယ်ဆေး အလုံးရေ ၉၅ သန်းကျော်ကို ပြည်သူများအား ထိုးနှံပေးပြီးဖြစ်ကြောင်း အမေရိကန် ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာ၏ ကိန်းဂဏန်းများအရ သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# ဂျပန်နိုင်ငံရှိ ကျန်းမာရေးဝန်ထမ်းများ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံမှုခံယူ

**တိုကျို မတ် ၁၁**
ဂျပန်နိုင်ငံ မြို့တော်တိုကျိုရှိ ကျန်းမာရေးဝန်ထမ်းများသည် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံမှုခံယူခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကျန်းမာရေးဝန်ထမ်းများသည် ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံမှုခံယူခဲ့ပြီးနောက် သီတင်းသုံးပတ်အကြာတွင် ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံမှုခံယူခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတစ်ဝန်းရှိ ကျန်းမာရေးဝန်ထမ်း ၁၄၉၀၀၀ သည် ဖေဖော်ဝါရီ ၁၇ ရက်တွင် Pfizer ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးကို ပထမအကြိမ် ထိုးနှံမှုခံယူခဲ့ကြောင်း သိရသည်။ ဂျပန်နိုင်ငံ၏ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်၏ ဦးစားပေးစာရင်းအရ ကျန်းမာရေးဝန်ထမ်းများအား ကနဦးထိုးနှံပေးခြင်းဖြစ်သည်။

တိုကျိုမြို့ရှိ ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံမှုကို တိုကျိုဆေးဘက်ဆိုင်ရာစင်တာ၌ ယနေ့စတင်ခဲ့သည်။ မတ် ၁၀ ရက်မွန်းလွဲပိုင်းအထိ ကျန်းမာရေးဝန်ထမ်း ၃၅ ဦးသည် ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံမှုခံယူခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

**ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၁၈၇၃၉၇၈၉ ဦး**

**သေဆုံးသူ ၂၆၃၄၁၆၆ ဦး**

**ပြန်လည်ကျန်းမာလာသူ ၉၄၃၂၆၁၉၆ ဦး**

# တောင်ကိုရီးယားအစိုးရက AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို သက်ကြီးရွယ်အိုများအား ထိုးနှံပေးရန် ခွင့်ပြု

**ဆိုးလ် မတ် ၁၁**
တောင်ကိုရီးယား အစိုးရက အသက် ၆၅ နှစ်နှင့် အထက် ပြည်သူများအား ထိုးနှံပေးရန် AstraZeneca ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးကို ခွင့်ပြုပေးခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

AstraZeneca ဆေးဝါးကုမ္ပဏီ နှင့် အောက်စဖို့ဒ်တက္ကသိုလ်တို့ ပူးပေါင်းထုတ်လုပ်သည့် AstraZe-neca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ် သုံးစွဲရန် ဝန်ကြီးချုပ်ချွန်းရှီကျန်းက ယနေ့ကြေညာခဲ့သည်။

AstraZeneca ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးသည် သက်ကြီးရွယ်အိုများအတွက် ထိရောက်မှုရှိကြောင်း၊ ဗြိတိန်နိုင်ငံတွင် သက်ကြီးရွယ်အိုများအား ထိုးနှံပေးလျက်ရှိသည့်အပြင် ကမ္ဘာ့နိုင်ငံများတွင်လည်း တွင်ကျယ်စွာအသုံး ပြုလာလျက်ရှိသည်ကို တွေ့ရကြောင်း ဝန်ကြီးချုပ် ချွန်းရှီကျန်းက ဆိုသည်။

တောင်ကိုရီးယားနိုင်ငံသည် ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို ဖေဖော်ဝါရီလ နှောင်းပိုင်းတွင် စတင်ခဲ့သည်။ အဆိုပါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်တွင် အမေရိကန် ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီ ဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှင့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကို အသုံးပြုလျက်ရှိသည်။ လက်ရှိအချိန်အထိ ပြည်သူ ၅၀၀၀၀၀ ကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတွင် အသက် ၆၅ နှစ်နှင့် အထက် အရွယ်ပြည်သူများနှင့် ပတ်သက်ပြီး လက်တွေ့စမ်းသပ်မှုရလဒ်များ ထွက်ပေါ်လာခြင်းမရှိသေးသည့်အတွက် ယခုအချိန်မှသာ သက်ကြီးရွယ်အိုများအတွက် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကိုသုံးစွဲရန် အတည်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ် ချွန်းရှီကျန်းက ဆိုသည်။




တောင်ကိုရီးယားနိုင်ငံ၌ နေ့စဉ် ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက်သည် ဇန်နဝါရီလအစောပိုင်းတွင် ၁၀၀၀ ကျော်ရှိခဲ့ပြီး ဇန်နဝါရီလနှောင်းပိုင်းတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၀၀ အောက်လျော့နည်းလာသည်ကို တွေ့ရှိရသည်။ သို့သော် ပြီးခဲ့သောရက်အနည်းငယ်အတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် အနည်းငယ်မြင့်တက်လာသည်ကို တွေ့ရှိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၆၅ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၉၄၁၉၈ ဦးရှိလာခဲ့ပြီး လေးဦး ထပ်မံ သေဆုံးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၁၆၅၂ ဦး ရှိလာခဲ့ပြီ ဖြစ်သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**







# တာချီလိတ်၊ သီပေါနှင့် မဘိမ်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၀ ရက် မွန်းလွဲ ၃ နာရီတွင် တာချီလိတ်မြို့နယ် ရန်ကုန်ကျေးရွာအနီး တာချီလိတ်-ကျိုင်းတုံသွားကားလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ ယာဉ်အား စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၅ ကီလိုကိုလည်းကောင်း၊

ထို့အတူ မတ် ၉ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် နမ့်လန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သီပေါမြို့နယ် ဟိုစန့်ကျေးရွာနေ မောင်နန္ဒာ၏ နေအိမ်ကို ဝင်ရောက်စစ်ဆေးရှာဖွေရာ ၎င်းနှင့်အတူ မအေးလောဝ် အားတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀ ကိုလည်းကောင်း၊

အလားတူ မတ် ၁၀ ရက် မွန်းတည့် ၁၂ နာရီတွင် မိုးမိတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် ငါးအိုးကျေးရွာ ရွှေလီတံတားအနီးတွင် မကြူကြူအေး မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



မောင်နန္ဒာ၊ မအေးလောဝ် တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မကွေးမြို့ အောင်ရတနာရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

**မကွေး မတ် ၁၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့ အောင်ရတနာရပ်ကွက် ရန်နိုင်(၂၇)လမ်းနှင့် မြို့ပတ်လမ်းဟောင်းထောင့်၌ ယနေ့နံနက် ၅ နာရီခွဲခန့်က (ပိုင်ရှင်)အီစွတ်(ခ)ဦးကုလားကြီး၏ နှစ်ထပ်နေအိမ်မှစတင်၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၄၅ ဦးက မီးငြိမ်းသတ်ယာဉ် ငါးစီး၊ မီးသတ်ရေသယ်ယာဉ် နှစ်စီး၊ အောင်မြေရတနာ ဘုန်းကြီးကျောင်းမှ ရေသယ်ယာဉ် နှစ်စီး စုစုပေါင်း ကိုးစီးဖြင့် သွားရောက်ငြိမ်းသတ်ရာ နံနက် ၆ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် တစ်ထပ်နေအိမ်တစ်လုံးနှင့် ဝန်ထမ်းနားနေဆောင်တစ်လုံး မီးလောင်ကျွမ်းခဲ့ပြီး လူနှင့် တိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် အဆိုပါ မီးလောင်မှုအကြောင်းရင်းအား မကွေးမြို့နယ် အမှတ်(၂)နယ်မြေ ရဲစခန်းက စုံစမ်း စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ရေကြည်မြို့နယ်၌ မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**ရေကြည် မတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ၄က်သိုက်အုပ်စု ခိုတောင်ကျေးရွာ၌ ယနေ့နံနက် ၄ နာရီက ဦးကျော်ဇင်ဦး၏ နေအိမ်မီးဖို မီးကြွင်းမီးကျန်မှ အနီးရှိ ထရံအား မီးကူးစက်ပြီး နေအိမ်တစ်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားရာနေရာသို့ ရေကြည်မြို့နယ် မီးသတ်စခန်းမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးနိုင် ဦးဆောင်လျက် တပ်ဖွဲ့ဝင် ရှစ်ဦး၊ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ငါးသိုင်းချောင်းနယ်မြေ မီးသတ်စခန်းမှ လက်ထောက်မီးသတ် ဦးစီးမှူး ဦးဝင်းနိုင် ဦးဆောင်လျက် တပ်ဖွဲ့ဝင်လေးဦး၊ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ဆယ်ဦးတို့နှင့်အတူ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းနိုင်နှင့် ကျေးရွာနေ ပြည်သူများက မီးငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်းနှင့် ဦးကျော်ဇင်ဦးအား ရေကြည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဆန်းတင့်(ရေကြည်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် မတ် ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၅၄ စီး၊ သွင်းကုန် ၇၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၈၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ် ဆောင်ရွက်လျက်ရှိရာ မတ် ၁၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၅၀၀ သန်း တန်ဖိုးရှိ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ ဖြစ်သော ကြောင်စာ Me Me (1x20 Kg) 90 Pkgs နှင့် Light Control Box 140 U အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံအေးချမ်းတည်ငြိမ်ဖို့အတွက် ပြည်သူတွေညီစေချင်ပါသည်

## ကိုသံချောင်း – မစာဥ စကားပြောခန်း(၆)

"တို့ပြည်သူတွေ ညီရဲ့လားဟေ့..ညီတယ်ဟေ့.. ညီတယ်ဟေ့.."

အိမ်ချင်းကပ်လျက်မှ ထွက်ပေါ်လာသည့် ခပ်တိုးတိုး သံချပ်ကြောင့် ကိုသံချောင်း လှမ်း၍ကြည့်မိသည်။ ဘေးအိမ်ကအပျိုကြီး ဘွဲ့ရပညာတတ် မစာဥ တစ်ယောက်တည်း ဈေးမသွားခင် သံချပ်ညည်းနေခြင်းဖြစ်မည်။

"ဗျို့ မစာဥ.. ခင်ဗျားသံချပ်ကလေး ဆက်ဆိုလေဗျာ.. နားထောင်ကောင်းသားနဲ့.."

"မရွဲ့ပါနဲ့ ကိုသံချောင်းရယ်.. ကျွန်မလည်း ဒီအပိုဒ်ပဲရတာရှင့်။ အခုတောင် လမ်းထိပ်က လုံချည်တွေထဲမှာ အမေ့လုံချည်ပါလို့ သွားပြန်မတောင်းရဲဘူး။ တော်တော်ကြာ အဖမ်းအဆီးခံရမှာစိုးလို့.."

"ခင်ဗျားမလည်း ကြောက်ပေလို့သာပဲ ဘယ့်နှယ်ကြောင့် လုံချည်တွေ သွားချည်ထားတာလဲ"

"ရှင်ကလည်း သူများတွေက လုံချည်တွေကာထားရင် လုံခြုံရေးတွေမလာရဲဘူး။ သပိတ်စခန်းတွေ မဖြိုရဲတော့ဘူးဆိုပြီးပြောတာကိုရှင့်။ ဒါကြောင့် သွားထားရတာ"

"မစဉ်းစားမဆင်ခြင်ဘဲ လုပ်ရဲတာတော့ အံ့ပါရဲ့ဗျာ။ ခင်ဗျားတို့ လုံချည်တွေအောက် ရဟန်းသံဃာတွေ ဘယ်လိုဖြတ်သန်းသွားမလဲ။ အသက်အရွယ်ကြီးတဲ့သူတွေ၊ သီလဂုဏ်၊ သမာဓိဂုဏ်နဲ့ပြည့်စုံတဲ့ သူတွေဖြတ်သွားရင် ငရဲကြီးတယ်ဆိုတာကိုများ ခင်ဗျားတို့မေ့နေကြသလားဗျာ"

"အဲဒါတော့ဟုတ်ပါရဲ့ ကိုသံချောင်းရယ်။ ကျွန်မတို့ မတွေးမိတာ အပြစ်ရှိပါရဲ့။ လူကြီးသူမတွေ ဖြတ်သန်းလို့မှမကောင်း၊ မကြံကောင်းမစည်ရာ ကြံမိတာရှင့်။ ဒါပေမယ့် ကျွန်မတို့ထက် မြှောက်ပေးသူတွေက ပိုအပြစ်ကြီးသေးတယ်လေတော်။ ကျွန်မတို့ကို အဲဒီလိုလုပ်မယ်လို့ပြောပြီး လုံချည်တောင်းတော့လည်း ပေးမိတာပေါ့ရှင့်"

"ထားပါတော့ဗျာ။ ခင်ဗျားတူမတွေကော ဟိုရက်က CDM ဆိုပြီးပြောသံကြားတယ်။ အခုရော ဘယ်လိုဖြစ်သွားပြီလဲ။ အဆင်ကောပြေကြရဲ့လား"

"အဆင်ပြေမပြေတော့မသိဘူး။ အခုတော့ အိမ်ပြန်လာကြတော့မယ်တဲ့။ အလုပ်တွေလည်း ပြုတ်သူပြုတ်၊ ပြေးသူပြေးဖြစ်နေတာလေ။ ထောက်ပံ့တာကလည်း တစ်ခါတည်းရပြီး ပြေးရတာကတော့ အခါခါဖြစ်နေတော့ နွေဦးတော်လှန်ရေးကြီးကို စိတ်ကုန်လာကြတယ်ထင်ပါရဲ့"

"စိတ်ကုန်ဦးမှပဲလေ အပျိုကြီးရယ်။ နိုင်ငံတော်က စနစ်တကျနဲ့ ရည်မှန်းချက်တွေ၊ ရှေ့လုပ်ငန်းစဉ်တွေကို သေသေချာချာနဲ့ မြန်မြန်ကြီး အကောင်အထည်ဖော်နေတာကို ဖျက်လိုဖျက်ဆီးလုပ်ရင်တော့ ခံရမှာပဲဗျ။ ဟုတ်တယ်လေဗျာ။ ငြိမ်းငြိမ်းချမ်းချမ်းဖြစ်အောင် ဖြေရှင်းပေးတယ်၊ တရားမျှတအောင် ဖြေရှင်းပေးမယ်ဆိုတာကို လက်မခံရင် အကြမ်းပတမ်းဖြစ်တာပဲ အဖတ်တင်မှာပေါ့ဗျာ"

"ဒါနဲ့ နိုင်ငံတကာက အကူအညီတွေပေးပြီး ပြန်တိုက်ကြမယ်ဆိုတာမျိုးကိုရော ရှင်ဒီရက်ပိုင်း ဘာကြားသေးသလဲ။ နိုင်ငံတကာစစ်တပ်တွေရော လာကြပြီလားရှင့်"

"မကြားပါဘူး မစာဥရယ်။ ဖေ့စ်ဘွတ်ခ်မှာတော့ လုံခြုံရေးကောင်စီက ဘယ်လိုအဆုံးသတ်သွားသလဲ ဆိုတာတော့ ဘယ်သူမှ ခရက်ဒစ်နဲ့ မရှဲလ်ကြတော့ဘူးဗျ။ စစ်ရေးနည်းနဲ့မစွက်ဖက်ဘဲ သံတမန်နည်းအရ သူတို့ပြောကြဆိုကြတာတော့ ကြားမိတယ်။ ဒါကတော့ဗျာ ဘယ်သူမဆို သူများအိမ်တွင်းရေးကို ဝင်မပါချင်ကြဘူးဗျ။ ကြားသုံးကြား မဝင်ရဘူးဆိုတာလိုမျိုးပေါ့ဗျာ။ မိဘနဲ့သားသမီး၊ လင်မယားနဲ့ မောင်နှမတွေကြားဝင်မိရင် သူတို့ပြန်တည့်သွားတဲ့အခါ ဝင်ပါမိတဲ့သူက ရန်သူဖြစ်ရတာမျိုးပေါ့ဗျာ။ အဲဒီလိုပဲ နိုင်ငံတစ်နိုင်ငံရဲ့ အတွင်းကပြဿနာ တစ်စုံတစ်ရာဖြစ်တိုင်း အခြားကဘယ်ပါကြပ့်မလဲ။

> "နိုင်ငံ့ဝန်ထမ်းတွေ CDM လုပ်တာတွေ၊ လူ့အခွင့်အရေးနဲ့မညီတဲ့ Social Bullying လုပ်တာတွေ၊ အတင်းအကျပ် စော်ကားပြုမူနေတာတွေ၊ ဘာသာရေးကို ထိပါးစော်ကားတာတွေက နိုင်ငံရဲ့ပုံရိပ်ကို ပိုပြီးထိခိုက်စေတာပေါ့ မစာဥရယ်။ ခင်ဗျားပဲ စဉ်းစားကြည့်လေ။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်တယ်ဆိုတာ ပြည်သူအားလုံးက အသိအမှတ်ပြုမှရမှာပါ။ လွှတ်တော်မှာ ကတိသစ္စာဆိုကြပြီးမှ ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရောက်တာလေဗျာ။ အခုဟာက ပြန်လည်စိစစ်နေတဲ့ကာလ၊ မှားယွင်းမှုတွေကို ဖော်ထုတ်နေတဲ့ကာလဖြစ်နေတာကို အတင်းကာရော အဖွဲ့တွေ ဖွဲ့ကြတယ်။ စင်ပြိုင်အစိုးရထောင်တာတွေက တရားမှမဝင်တာဘဲမစာဥရဲ့။ တစ်ဖက်ကပေးထားတဲ့ ကတိကဝတ်တွေကို အဖက်မလုပ်ဘဲ အွန်လိုင်းကနေ အတင်းမြှောက်ပေး ပြောဆိုနေတာတွေက စည်းလွတ်ဘောင်လွတ်ဖြစ်နေသလားပဲဗျ"

နောက်ပြီး အခုဟာက ဥပဒေနဲ့အညီ ဆောင်ရွက်လုပ်ကိုင်နေတာဖြစ်တဲ့အတွက် ပိုပြီးတောင် မပါကြဦးမယ်"

"ပြောရရင်ဗျာ နိုင်ငံတကာကတပ်တွေ ရောက်လာပြီဆိုပါစို့၊ လည်ပင်းအပြာပတ် ကလေးတွေနဲ့ ဦးထုပ်အပြာလေးတွေဆောင်းပြီး လာတိုင်း ခင်ဗျားလက်ခံနိုင်မလား။ ဥပမာဗျာ အနောက်နိုင်ငံက တပ်တွေက ဝေးတယ်ဆိုပြီး အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံက စစ်တပ်ပို့လိုက်ပါပြီတဲ့ဗျာ။ ခင်ဗျားတို့ ပြည်သူတွေ လက်ခံကြမှာပဲလား။ နိုင်ငံတကာက စစ်ရေးအကူအညီတွေပေးပြီး အတင်းဝင်တိုက်လို့ ကောင်းစားသွားတဲ့တိုင်းပြည်ထက် ပိုမိုပျက်စီးပြီး အတိဒုက္ခရောက်နေတဲ့ တိုင်းပြည်တွေပဲ ကျွန်တော်တော့ ပြေးမြင်မိတာပဲဗျာ"

"ဒါပေ့ါရှင့် ပြည်တွင်းက အခြေအနေတွေကို ရုတ်တရက်ပေါ်လာတဲ့ စိတ်ခံစားချက်နဲ့ တုံ့ပြန်ကြတာထက် အကျိုးအကြောင်းမှန်မှန်၊ ခေါင်းအေးအေးနဲ့ ကမ္ဘာသိသိပြီးမှ ရလဒ်ပေါ်အောင်လုပ်တာ ပိုကောင်းသပေ့ါရှင့်"

"နိုင်ငံ့ဝန်ထမ်းတွေ CDM လုပ်တာတွေ၊ လူ့အခွင့်အရေးနဲ့မညီတဲ့ Social Bullying လုပ်တာတွေ၊ အတင်းအကျပ် စော်ကားပြုမူနေတာတွေ၊ ဘာသာရေးကို ထိပါးစော်ကားတာတွေက နိုင်ငံရဲ့ ပုံရိပ်ကို ပိုပြီးထိခိုက်စေတာပေ့ါ မစာဥရယ်။ ခင်ဗျားပဲ စဉ်းစားကြည့်လေ။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်တယ်ဆိုတာ ပြည်သူအားလုံးက အသိအမှတ်ပြုမှရမှာပါ။ လွှတ်တော်မှာ ကတိသစ္စာဆိုကြပြီးမှ ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရောက်တာလေဗျာ။ အခုဟာက ပြန်လည်

### ဒေါင်

စိစစ်နေတဲ့ကာလ၊ မှားယွင်းမှုတွေကို ဖော်ထုတ်နေတဲ့ကာလဖြစ်နေတာကို အတင်းကာရော အဖွဲ့တွေ ဖွဲ့ကြတယ်။ စင်ပြိုင်အစိုးရထောင်တာတွေက တရားမှမဝင်တာဘဲမစာဥရဲ့။ တစ်ဖက်က ပေးထားတဲ့ ကတိကဝတ်တွေကို အဖက်မလုပ်ဘဲ အွန်လိုင်းကနေ အတင်းမြှောက်ပေး ပြောဆိုနေတာတွေက စည်းလွတ်ဘောင်လွတ်ဖြစ်နေသလားပဲဗျ"

"ဒါပေမယ့်လည်း ပြည်သူတွေ အဖိတ်အစဉ်တွေရှိတာ ဝမ်းနည်းမိတယ် ကိုသံချောင်းရယ်။ ကိုယ့်တူမအရွယ်၊ တူအရွယ်လေးတွေ ပင်ပင်ပန်းပန်းနဲ့ လမ်းပေါ်ထွက်နေကြတာကို မြင်ရတော့ စိတ်နာမိတယ်"

"စိတ်နာသင့်တာပေ့ါ မစာဥရယ်။ ဒါပေမယ့် ခင်ဗျား မုန်းချင်လည်းမုန်း၊ နာချင်လည်းနာ ဒါပေမယ့် မုန်းရမှာက လုံခြုံရေးတာဝန်ယူထားတဲ့သူတွေကို မဟုတ်ဘူး။ ခေတ်အဆက်ဆက် အာဏာမက်လာကြတဲ့ အစိုးရအဆက်ဆက်တွေ၊ နိုင်ငံရေးအော်နေပြီး သူတို့လူနည်းစုကောင်းစားရေးပဲ ခေါင်းထဲထည့်ထားတဲ့ ရွှေရည်စိမ်နိုင်ငံရေးသမားတွေ၊ လော်ဘီတွေ၊ သူတို့ကောင်းစားရေးအတွက် နိုင်ငံမတည်မငြိမ်ဖြစ်အောင် လုပ်သူတွေ၊ ကျင့်ဝတ်အားနည်းပြီး တစ်ဖက်စောင်းနင်းဖြစ်တဲ့ မီဒီယာတွေ၊ မြှောက်ပေးနေတဲ့ အွန်လိုင်းသူရဲဘောကြောင်တွေကို စိတ်နာသင့်တာဗျ။ ဒီအခြေအနေ ဖြစ်လာမယ်ဆိုတာ သိလျက်နဲ့ ပြည်သူကို လမ်းပေါ်ပစ်တင်ခဲ့တာပေ့ါဗျာ။ အပ်နဲ့ထွင်းရမယ့်အရာကို ပုဆိန်နဲ့ပေါက်သလို ဖြစ်သွားရတာပေ့ါ"

"Generation Z တွေအတွက်တော့ အားနာမိတယ်ရှင့်။ သူတို့မှာ အနာဂတ်တွေ ရှိတယ်။ အဲဒါတွေကို လမ်းပေါ်မှာအချိန်မကုန်စေချင်ဘူး"

"လူငယ်တွေရဲ့ ရိုးသားမှုတွေကို အလှည့်ဖြားခံနေရတာပေ့ါ မစာဥရယ်။ နိုင်ငံတော်တည်ငြိမ်ရေးဆိုတာ တာဝန်ယူထားတဲ့အစိုးရရဲ့တာဝန်ပဲမဟုတ်လားဗျာ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကနေ အခုအချိန်မှာ အဆင့်မြှင့်ကိုင်တွယ်မှုတွေ စတင်နေပါပြီ။ ဒါတွေဆောင်ရွက်တဲ့နေရာမှာ ခင်ဗျား သတိထားမိလားတော့ မသိဘူး။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်ကိုင်ထားပြီးတော့မှ သတိရှိရှိ အဆင့်ဆင့်ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ပြည်သူအားလုံးက ပူးပေါင်းစောင့်ကြည့်အားဖြည့်ပေးရမှာလို့ ကျွန်တော်ကတော့မြင်တာပဲ။ ဒါမှ နိုင်ငံမတည်ငြိမ်သေးရင် ကျွန်တော်တို့ ရွေးကောက်ပွဲ လုပ်မရဘူးလေဗျာ။ ဒီလိုနဲ့ အချိန်တွေဆက်ကြာအောင် ဖန်တီးမလား၊ ရပ်တန်းကရပ်ပြီး ရွေးကောက်ပွဲကြီးကို ကြိုဆိုမလား စဉ်းစားကြပေ့ါဗျာ"

"ဟုတ်ပါပြီရှင်။ ကျွန်မလည်း ဈေးသွားရမှာမို့ ရှင်လည်းအိမ်ပြန်တော့။ ညနေခင်းမှ အေးအေးဆေးဆေး ဆက်ဆွေးနွေးတာပေ့ါရှင်"

"ကောင်းပါပြီဗျာ။ ခင်ဗျားလိုပဲ ပြည်သူတွေအားလုံးက ညီညီညာညာနဲ့ အမှန်တရား၊ ပကတိအခြေအနေကို မြင်စေ့ချင်လှပါပြီ။ ဒါမှ အားလုံး အေးချမ်းပြီး အိုကေ စိုပြည်မှာပေ့ါဗျာ.."

> "လူငယ်တွေရဲ့ ရိုးသားမှုတွေကို အလှည့်ဖြားခံနေရတာပေ့ါ မစာဥရယ်။ နိုင်ငံတော်တည်ငြိမ်ရေးဆိုတာ တာဝန်ယူထားတဲ့ အစိုးရရဲ့တာဝန်ပဲမဟုတ်လားဗျာ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကနေ အခုအချိန်မှာ အဆင့်မြှင့်ကိုင်တွယ်မှုတွေ စတင်နေပါပြီ။ ဒါတွေဆောင်ရွက်တဲ့နေရာမှာ ခင်ဗျားသတိထားမိလားတော့မသိဘူး။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ကိုင်ထားပြီးတော့မှ သတိရှိရှိ၊ အဆင့်ဆင့်ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ပြည်သူအားလုံးက ပူးပေါင်းစောင့်ကြည့် အားဖြည့်ပေးရမှာလို့ ကျွန်တော်ကတော့မြင်တာပဲ။ ဒါမှနိုင်ငံမတည်ငြိမ်သေးရင် ကျွန်တော်တို့ရွေးကောက်ပွဲ လုပ်မရဘူးလေဗျာ။ ဒီလိုနဲ့ အချိန်တွေဆက်ကြာအောင် ဖန်တီးမလား၊ ရပ်တန်းကရပ်ပြီး ရွေးကောက်ပွဲကြီးကို ကြိုဆိုမလား စဉ်းစားကြပေ့ါဗျာ"

# သူတို့နောက်မှာ မိသားစုတွေရှိတယ်။ အရွယ်မရောက်သေးတဲ့ ကလေးတွေရှိတယ်။ မိအိုဖအိုတွေရှိကောင်းရှိမယ်။ ဒီအတွက် အပြစ်ပေးအရေးယူရပြီဆိုရင် တကယ်စိတ်မကောင်းဖြစ်မိမှာပါ။

**ဒေါ်စမ်းစမ်းမြင့်**

လက်ရှိဖြစ်ပွားနေသော နိုင်ငံရေးပယောဂကြောင့် အစိုးရဝန်ထမ်းကြီး၊ ငယ်တို့သည် CDM တည်းဟူသော အပရောဂါ၏ ခြိမ်းခြောက်မှုကို ရင်ဆိုင်နေကြရသည်။ CDM သည် နိုင်ငံရေးကိစ္စတစ်ခုသာဖြစ်သည်။ ဝန်ထမ်းများနှင့်လားလားမှမဆိုင်။ နိုင်ငံရေးသမားများ၏ အလုပ်သာဖြစ်သည်။ ထို့ကြောင့် CDM နှင့် ပတ်သက်၍ ဝန်ထမ်းများ၏အမြင်သည် အမျိုးမျိုးရှိကောင်းရှိပေလိမ့်မည်။ သို့သော် မှန်ကန်သော လမ်းကြောင်းပေါ်မှ ဘဝကိုမယိမ်းမယိုင် တည်ငြိမ်စွာဖြင့် ဖြတ်သန်းရင်း အေးချမ်းစွာ နေထိုင်လိုသော ဝန်ထမ်းများ၏ စကားသံကိုလည်း ဤသို့ကြားသိရသည်။

**ဝန်ထမ်းတစ်ဦး**

"ကျွန်တော်ကတော့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှာ အလုပ်လုပ်ပါတယ်။ နာမည်က ဦးစိန်မောင်တင် (အမည်လွှဲ)၊ ဦးစီးအရာရှိအဆင့် ဖြစ်ပါတယ်။ လုပ်သက် ၂၅ နှစ်ကျော်ပါပြီ။ လတ်တလောဖြစ်ပွားနေတဲ့ အခြေအနေမှာ ကျွန်တော့်ကို CDM လုပ်ဖို့လာပြီး ဆွဲဆောင်တဲ့သူတွေရှိပါတယ်။ CDM ကို အမြန်ဆုံးလုပ်ဖို့ တိုက်တွန်းနေကြပါတယ်။ ရပ်ကွက်ထဲမှာလည်း ကိုယ်နဲ့သိတဲ့သူတွေက မေးကြပါတယ်။ ရုံးသွားနေတုန်းပဲလား။ မသွားတော့ဘူးလား မေးတဲ့သူတွေရှိပါတယ်။ အဲဒီတော့ ကျွန်တော်က ပြန်ဖြေရပါတယ်။ ဟုတ်ကဲ့ မသွားတော့ပါဘူးလို့ဘဲ ပြန်ပြောရပါတယ်။ ဘာလို့ဒီလိုပြောရသလဲဆိုတော့ အဆင်မပြေမှာစိုးလို့ပါ။ ရှင်းပြနေရင်လည်း အဆင်မပြေပါဘူး။ ဒါကြောင့်မို့လို့ပါ။

"တကယ်ကတော့ ကျွန်တော်ကရုံးကို ပုံမှန်သွားနေပါတယ်။ ခါတိုင်းလိုတော့ ရုံးဝန်ထမ်းလို စတစ်ကော်လံနဲ့ဝတ်သွားတာမဟုတ်ဘူး။ ရုံးသမားလို့ မထင်အောင်ပေါ့။ သာမန်အဝတ်အစားလေးနဲ့ပဲ သွားလိုက်တာပါ။ ဘယ်လိုပဲဖြစ်ဖြစ် အများအမြင်မကတတ်ရလေအောင် လုပ်ရတာလည်း ဖြစ်ပါတယ်။ နောက်တစ်ခုက ကိုယ့်အလုပ်ကိုယ်ပြီးစီးအောင် တာဝန်ကျေအောင်လုပ်ရတဲ့သဘောပါ။

"ကျွန်တော်တို့က ဝန်ထမ်းတွေပါ။ CDM နဲ့ ဝန်ထမ်းက ဘာမှမဆိုင်ပါဘူး။ ကျွန်တော်တို့က လုပ်သက်လေးတွေရလာတော့ ဘဝနဲ့ယှဉ်ပြီးမရင်းနိုင်ပါဘူး။ ဒီလိုဦးစီးအရာရှိအဆင့်ရောက်ဖို့ ပေးဆပ်ရန်းကန်မှုက မတန်ပါဘူး။ ပြီးတော့မိသားစုတွေရဲ့ မျက်နှာကိုလည်း ကြည့်ရပါတယ်။ တစ်သက်လုံး ဝန်ထမ်းဘဝနဲ့ မိသားစုကိုလုပ်ကိုင်ကျွေးမွေးခဲ့တာပါ။ ကျွန်တော်အသက်ကြီးလာပြီ။ အေးအေးလေးပဲနေချင်တယ်။ နောက်တစ်နှစ်၊ နှစ်နှစ်လောက်ဆို ပင်စင်ယူလို့ရပြီ။ အသက် ၅၅ နှစ်၊ လုပ်သက် ၃၀ ဆိုရင် နှစ်ပြည့်ပင်စင်ယူမယ်လေ။ အသက် ၆၀ ပြည့်အောင် မစောင့်တော့ဘူး။ ဒါကြောင့်မို့ ဘာတွေဘယ်လိုပဲရှိပါစေ၊ ဝန်ထမ်းကတော့ ဝန်ထမ်းအလုပ်ပဲ လုပ်ရပါမယ်။ CDM လုပ်ဖို့ လုံးဝစိတ်မကူးခဲ့တာပါ။"

**မန်နေဂျာတစ်ဦး**

"ကျွန်မက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှာ မန်နေဂျာတာဝန်ထမ်းဆောင်နေတဲ့ ဒေါ်စမ်းစမ်းမြင့်(အမည်လွှဲ) ဖြစ်ပါတယ်။ ကိုယ်တွေက ဌာနတစ်ခုရဲ့ တာဝန်ခံဖြစ်နေတာကတစ်ကြောင်း၊ အစကတည်းက CDM မလုပ်သင့်ဘူးလို့ ယူဆမိတာကတစ်ကြောင်း မလုပ်ခဲ့တာပါ။ ကိုယ်တွေ မလုပ်သလို ကိုယ့်အောက်ကဝန်ထမ်းတွေကိုလည်း CDMမှာ မပါဝင်ဖို့အမြဲပြောကြားပေးနေပါတယ်။ တကယ်လို့ CDM မှာပါဝင်မိလို့ အခက်အခဲဖြစ်နေတဲ့ ဝန်ထမ်းတွေကိုလည်း အချိန်မီပြန်လာကြဖို့ဖိတ်ခေါ်ပေးနေပါတယ်။ ဝန်ထမ်းဥပဒေတွေနဲ့ အရေးယူမခံရအောင် အချိန်မီပြန်လာဖို့ ဖိတ်ခေါ်နေပါတယ်။ ဖိအားပေး ခြိမ်းခြောက်တာတော့ မလုပ်ပါဘူး။ လုပ်ငန်းခွင်ကို အမြန်ပြန်လာဖို့ ဖိတ်ခေါ်နေပါတယ်ရှင်။ နောက်ပိုင်းအပြစ်ပေးအရေးယူတာတွေရှိလာနိုင်ပါတယ်။ ဒီလိုအရေးယူမှုတွေ လုပ်ရပြီဆိုရင်လည်း ဝန်ထမ်းအတွက်လည်း မကောင်းဘူး၊ ကျွန်မတို့လည်းတကယ်စိတ်မကောင်းဖြစ်ရမှာပါ။ ဒါကြောင့်မို့လို့ မနစ်နာစေချင်ပါဘူး။ သူတို့နောက်မှာ မိသားစုတွေရှိတယ်။ အရွယ်မရောက်သေးတဲ့ ကလေးတွေရှိတယ်။ မိအိုဖအိုတွေရှိကောင်းရှိမယ်။ ဒီအတွက် အပြစ်ပေးအရေးယူရပြီဆိုရင် တကယ်စိတ်မကောင်းဖြစ်မိမှာပါ။ ဒါကြောင့်မို့ CDM လုပ်နေတဲ့ အစ်ကိုတွေ၊ အစ်မတွေ၊ ညီမတွေကို လုပ်ငန်းခွင်ကို ပြန်လာကြဖို့ အနူးအညွတ်တောင်းပန်ပါတယ်။

"ကျွန်မတို့တွေဟာ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားတွေပါ။ လုပ်ငန်းခွင်မှာ အမြဲတမ်းမရှိအတူ ရှိအတူ၊ အေးအတူပူအမျှနေလာကြတဲ့သူတွေပါ။ တစ်ယောက်အကြောင်း တစ်ယောက်သိနေကြတဲ့သူပါ။ တစ်ယောက်အခက်အခဲ တစ်ယောက်ဝိုင်းကူရင်း ဝင်ငွေနည်းပေမယ့် ဂုဏ်ရှိတဲ့ဝန်ထမ်းဘဝကို ခုံမင်နှစ်သက်ကြတဲ့သူတွေပါ။ ဒါကြောင့်မို့ အခက်အခဲတွေဘယ်လောက်ပင်ရှိပါစေ၊ ပြန်လာကြဖို့ဖိတ်ခေါ်ပါတယ်။ အချိန်မနှောင်းခင် ပြန်လာကြပါလို့ တိုက်တွန်းပါတယ်။"

**ထွေအုပ်ဝန်ထမ်းတစ်ဦး**

"ကျွန်တော်က အကြီးတန်းစာရေး ကိုဇင်မင်းထွန်း(အမည်လွှဲ)ဖြစ်ပါတယ်။ လုပ်သက်က ၁၀ နှစ်ကျော်ပြီ။ CDMလုပ်ဖို့ တိုက်တွန်းနေသူတွေရှိပါတယ်။ ကျွန်တော်တို့ ဌာနမှာ အကြီးတန်းစာရေးဆိုပေမယ့်အလုပ်ရဖို့မလွယ်ပါဘူး။ ဒါတောင် ကျွန်တော့်ဦးလေးက ဒီဌာနမှာလုပ်ခဲ့တာဆိုတော့ အသိရှိလို့ ဒီအလုပ်လေးရတာပါ။ နို့မို့ဆိုမလွယ်ပါဘူး။"

"ဒီလိုခက်ခက်ခဲခဲနဲ့ရခဲ့တဲ့အလုပ်မို့ လွယ်လွယ်ဆုံးဖြတ်လို့မဖြစ်ပါဘူး။ တန်ဖိုးလည်းထားပါတယ်။ ဒါနဲ့ပတ်သက်လို့ အကြိမ်ကြိမ် အဖန်ဖန်စဉ်းစားပြီးပါပြီ။ CDM လုပ်ဖို့ လုံးဝမဖြစ်နိုင်ပါဘူး။ ပြီးတော့ ဒီအလုပ်လေးနဲ့ပဲ ကျွန်တော့်အမေကိုလုပ်ကျွေးပြုစုနေတာပါဗျာ။ ကျွန်တော့်အမေက အသက်ကြီးပြီးဗျ။ ကျွန်တော်သာ CDM လုပ်လို့ တစ်ခုခုဖြစ်သွားရင် အမေလည်းစိတ်ကောင်းမှာမဟုတ်ဘူး။ အဲဒါတော့ သေချာတယ်။ ကျွန်တော့်အမေကို စိတ်ချမ်းသာတာပဲ မြင်ချင်တယ်။ အမေစိတ်မကောင်းရင် ကျွန်တော်လည်းစိတ်ကောင်းမှာမဟုတ်ဘူး။ ဒါကြောင့်မို့ CDM မလုပ်ဖို့ဆုံးဖြတ်ထားပါတယ်။ ကျွန်တော် CDM မလုပ်သလို အခြားသော ညီအစ်ကိုတွေ၊ လုပ်ဖော်ကိုင်ဖက်တွေကိုလည်း မလုပ်စေချင်ပါဘူး။ ဒါကျွန်တော့်ရဲ့ ရင်ထဲကစေတနာနဲ့ပြောတာပါ။ အားလုံး ဘေးမသီ ရန်မခဘဲ၊ စိတ်အေးချမ်းသာစွာနေထိုင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်ဗျာ။"

လူ့လောကကြီးသည် အလွန်ပင် ရှုပ်ထွေးပွေလီလှပါသည်။ နိုင်ငံရေးအရှုပ်၊ စီးပွားရေးအရှုပ်၊ လူမှုရေးအရှုပ် စသည်စသည်ဖြင့် အရှုပ်မျိုးစုံရှိပါသည်။ မိမိ မကျွမ်းကျင်၊ နားမလည်သော အရှုပ်တော တွင် မဝင်မိစေရန် အထူးပင် သတိချပ်သင့်ပါသည်။ မကျွမ်းကျင်သော၊ နားမလည်သော အရှုပ်ထုပ်တွင် ဝင်မိချေက ရုန်းထွက်ရန်ခက်ခဲလှပါသည်။ ။

**နေခြည်ဦး**

ကြေးမုံ **အယ်ဒီတာ့ထံ ပေးစာ**

# ပြည်သူ့ဆေးရုံတွေမဖွင့်၍ ပြည်သူတွေအခက်ကြုံ

**အယ်ဒီတာခင်ဗျာ–**

ကျွန်တော်က မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ထဲက ကျေးရွာတစ်ရွာမှာနေပါတယ်။ ပြည်သူ့ဆေးရုံတွေမဖွင့်တော့ ပြည်သူတွေ အခက်အခဲကြုံတွေနေရတဲ့အကြောင်းလေးကို တင်ပြခွင့်ပြုပါ။

ပြီးခဲ့တဲ့နှစ်ရက်က ရွာက ကိုသာအောင် (အမည်လွှဲ) မန်ကျည်းပင်ပေါ်တက်ပြီး မန်ကျည်းသီးတက်ပုတ်လို့ အား….ဆိုတဲ့ အသံရှည်ကြီးနဲ့ ပြုတ်ကျတာ အပင်ပေါ်မှာ တွဲလောင်းဖြစ်နေလို့ အိမ်နီးနားချင်းတွေက အပင်ပေါ်ကနေ အောက်ချခဲ့ရပါတယ်။ ပြီးတော့ မြို့ပေါ်က ပြည်သူ့ဆေးရုံကြီးကိုသွားတော့ ပိတ်ထားတာနဲ့ အထူးကုဆေးရုံကို သွားပြခဲ့ရတယ်။ အဲဒီမှာ ဓာတ်မှန်ရိုက်တော့ ဦးခေါင်းခွံအက်သွားတယ်။ ဒီမှာ မနိုင်ဘူး၊ မန္တလေးကို သွားရမယ်လို့ပြောတယ်။ အဲဒီတော့မှ ခေါင်းပိုခဲ သွားတယ်။ ဘာလို့လဲဆိုတော့ မန္တလေးမှာက ဆန္ဒပြတာတွေ၊ ဆူပူအကြမ်းဖက်တာတွေနဲ့ဆိုတော့ အငှားကားသမားတွေက မလိုက်ရဲဘူးလို့ ပြောပါတယ်။ နောက်တော့ သူငယ်ချင်းတစ်ယောက်ရဲ့ အကူအညီနဲ့ တပ်မတော်နဲ့ချိတ်ဆက်ပြီး ညောင်ဦးကနေ မိတ္ထီလာ တပ်မတော်ဆေးရုံကိုပို့ပြီး အဲဒီကနေတစ်ဆင့် အခုလက်ရှိမှာတော့ နေပြည်တော် တပ်မတော်ခုတင်(၁၀၀၀)ဆေးရုံကြီးမှာ ဆေးကုသမှု ခံယူနေပါတယ်။ အခြေအနေတော့ ဘာမှန်းမသိရသေးပါဘူး။ အသက်အန္တရာယ်ကင်းဖို့ပဲ မျှော်လင့်မိပါတယ်။

ပြည်သူတွေ ဒီလိုအခက်အခဲမျိုးစုံ ခံစားနေရမှာ အသေအချာပါပဲ။ ဒီကိစ္စမှာ ဆေးရုံတွေပိတ်ထားတာက တစ်ကြောင်း၊ ကားအခက်အခဲဖြစ်တာကတစ်ကြောင်း၊ ညောင်ဦးကနေ နေပြည်တော်ခရီးဝေးသည်က တစ်ကြောင်း ဒီလိုအကြောင်းအမျိုးမျိုးတွေကြောင့် လမ်းမှာတင် သွေးထွက်လွန်ပြီး အသက်အန္တရာယ်စိုးရိမ်ရသည့် အနေအထားမျိုးပါ။ ဒီလိုမျိုးမဖြစ်သင့်တာဖြစ်သွားရရင် ကျန်ရစ်သူ မိသားစုတွေအဖို့ ဘယ်လောက်တောင် ဝမ်းနည်းကြေကွဲကြရလိမ့်မလဲ။ မည်သို့ပင်ဆိုစေကာမူ ပြည်သူတွေခံစားနေရတဲ့ အခက်အခဲ တစ်ခုကိုတင်ပြရင်း ပြည်သူ့ဆေးရုံတွေ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ဖို့ သက်ဆိုင်ရာက ကူညီဆောင်ရွက်ပေးစေလိုပါတယ်ခင်ဗျာ။

**ပြည်သူထဲက ပြည်သူတစ်ဦး**

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

**စာတည်းအဖွဲ့**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ် ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၈၆၃၂၃ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၈၅၇၀၆ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၈၃၆၈ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၈၄၆ ဦး၊ ၂ ကြိမ်ပါဝင်နေသူများမှာ ၁၅၁၂၆ ဦးဖြစ်သည်။

၃။ မဲဆန္ဒရှင်စာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

**အောင်မြေသာစံမြို့နယ်၏ မဲဆန္ဒရှင်စာရင်း စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မဲရုံပေါင်း ၉၂ ရုံ | ၁၈၆၃၂၃ | ၁၈၅၇၀၆ | ၈၃၆၈ | ၈၄၆ | ၁၅၁၂၆ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်တွင် မဲရုံပေါင်း ၉၂ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၉၆၅၈၈ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၃၆၉၉၆၊ ကျန်ရှိရမည့်အရေအတွက်မှာ ၅၉၅၉၂ ဖြစ်သော်လည်း မြေပြင်လက်ကျန်မှာ ၄၉၅၀၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

၆။ မဲရုံ ၉၂ ရုံတွင် ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ ၁၄၂၉၃ ဖြစ်ပြီး မြို့နယ်ကြိုတင်ဆန္ဒမဲလက်မှတ် ပျောက်ဆုံးမှုမှာ ၄၇ ရွက်ဖြစ်ကြောင်း တွေ့ရှိရသည်။ စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

**အောင်မြေသာစံမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိမှု | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | အပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၈၉၅၀၀ | ၁၃၅၃၄၁ | ၅၄၁၅၉ | ၃၉၈၆၆ | ၁၄၂၉၃ | - |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၇၁၆ | ၁၆၅၅ | ၆၁ | ၁၄ | ၄၇ | - |
| ၃ | မြို့နယ်လက်ကျန် မဲလက်မှတ် | ၅၃၇၂ | - | ၅၃၇၂ | ၉၆၂၉ | - | ၄၂၅၇ |
| | စုစုပေါင်း | ၁၉၆၅၈၈ | ၁၃၆၉၉၆ | ၅၉၅၉၂ | ၄၉၅၀၉ | ၁၄၃၄၀ | ၄၂၅၇ |

၇။ ရပ်ကွက်မဲရုံ ၇၀ ရုံတွင် ပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်အမည် | မဲရုံ အမှတ် | ထုတ်ပေး ရွက်ရေ | မြေပြင်စစ်ဆေးတွေ့ရှိ | | | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | သုံးစွဲ | လက်ကျန် | ပေါင်း | ပျောက်ဆုံး | အပို |
| ၁ | အနိုပ်တော် | ၁ | ၂၄၅၀ | ၁၈၉၃ | ၂၅၇ | ၂၁၅၀ | ၃၀၀ | |
| | | ၂ | ၁၈၀၀ | ၁၄၃၁ | ၁၆၉ | ၁၆၀၀ | ၂၀၀ | |
| | | ၃ | ၂၁၀၀ | ၁၅၆၆ | ၃၄ | ၁၆၀၀ | ၅၀၀ | |
| | | ၄ | ၁၄၀၀ | ၁၀၈၃ | ၂၁၇ | ၁၃၀၀ | ၁၀၀ | |
| | | ၅ | ၁၆၀၀ | ၁၀၀၃ | ၄၉၇ | ၁၅၀၀ | ၁၀၀ | |
| ၂ | ဒေါနဘွား | ၁ | ၂၁၀၀ | ၁၅၃၉ | ၅၀၁ | ၂၀၄၀ | ၆၀ | |
| | | ၂ | ၂၃၅၀ | ၁၆၉၉ | ၆၀၁ | ၂၃၀၀ | ၅၀ | |
| | | ၄ | ၂၇၀၀ | ၁၇၈၆ | ၈၆၄ | ၂၆၅၀ | ၅၀ | |
| | | ၅ | ၁၇၅၀ | ၁၃၃၄ | ၃၁၆ | ၁၆၅၀ | ၁၀၀ | |
| | | ၆ | ၁၈၀၀ | ၁၃၂၈ | ၃၂၂ | ၁၆၅၀ | ၁၅၀ | |
| | | ၇ | ၂၄၅၀ | ၂၀၄၈ | ၂၀၂ | ၂၂၅၀ | ၂၀၀ | |
| | | ၈ | ၂၀၀၀ | ၁၇၂၁ | ၂၉ | ၁၇၅၀ | ၂၅၀ | |
| ၃ | အိုးဘိုရွှေကျင် | ၁ | ၁၄၅၀ | ၁၃၀၇ | ၄၃ | ၁၃၅၀ | ၁၀၀ | |
| | | ၂ | ၁၈၅၀ | ၁၅၂၉ | ၂၇၁ | ၁၈၀၀ | ၅၀ | |
| | | ၃ | ၂၀၀၀ | ၁၄၁၃ | ၅၃၇ | ၁၉၅၀ | ၅၀ | |
| ၄ | ဥပုသ်တော် | ၁ | ၁၀၀၀ | ၆၅၄ | ၉၆ | ၇၅၀ | ၂၅၀ | |
| | | ၂ | ၁၂၀၀ | ၇၉၆ | ၂၀၄ | ၁၀၀၀ | ၂၀၀ | |
| | | ၃ | ၁၅၅၀ | ၁၁၅၁ | ၁၄၉ | ၁၃၀၀ | ၂၅၀ | |
| | | ၄ | ၁၇၅၀ | ၁၁၆၈ | ၂၈၂ | ၁၄၅၀ | ၃၀၀ | |
| | | ၅ | ၁၉၅၀ | ၁၁၁၇ | ၅၃၃ | ၁၆၅၀ | ၃၀၀ | |
| | | ၆ | ၁၂၅၀ | ၈၄၅ | ၂၀၅ | ၁၀၅၀ | ၂၀၀ | |
| | | ၇ | ၂၂၀၀ | ၁၄၆၈ | ၁၈၂ | ၁၆၅၀ | ၅၅၀ | |
| | | ၈ | ၂၃၀၀ | ၁၄၁၈ | ၃၈၂ | ၁၈၀၀ | ၅၀၀ | |
| | | ၉ | ၁၇၅၀ | ၁၁၂၆ | ၃၂၄ | ၁၄၅၀ | ၃၀၀ | |
| | | ၁၀ | ၁၈၅၀ | ၁၂၉၀ | ၃၁၀ | ၁၆၀၀ | ၂၅၀ | |
| ၅ | အမရဋ္ဌာနီ(အရှေ့) | ၂ | ၂၀၀၀ | ၁၄၂၉ | ၅၃၁ | ၁၉၆၀ | ၄၀ | |
| | | ၃ | ၁၅၀၀ | ၁၁၉၅ | ၂၉၁ | ၁၄၈၆ | ၁၄ | |
| | | ၄ | ၁၉၀၀ | ၁၆၈၃ | ၂၀၁ | ၁၈၈၄ | ၁၆ | |
| | | ၅ | ၁၇၅၀ | ၁၂၉၅ | ၄၀၇ | ၁၇၀၂ | ၄၈ | |
| ၆ | အမရဋ္ဌာနီ(အနောက်) | ၁ | ၂၅၀၀ | ၁၇၆၄ | ၆၈၇ | ၂၄၅၁ | ၄၉ | |
| ၇ | ညောင်ကွဲ | ၁ | ၂၃၀၀ | ၁၇၀၉ | ၂၄၁ | ၁၉၅၀ | ၃၅၀ | |
| | | ၂ | ၂၅၅၀ | ၁၄၀၉ | ၅၉၃ | ၂၀၀၂ | ၅၄၈ | |
| | | ၃ | ၁၈၅၀ | ၁၂၆၄ | ၃၇၆ | ၁၆၄၀ | ၂၁၀ | |
| | | ၄ | ၁၈၀၀ | ၁၆၈၄ | ၅၆ | ၁၇၄၀ | ၆၀ | |
| | | ၅ | ၁၉၅၀ | ၁၄၇၄ | ၂၇၆ | ၁၇၅၀ | ၂၀၀ | |
| | | ၆ | ၂၀၀၀ | ၁၀၇၄ | ၇၇၆ | ၁၈၅၀ | ၁၅၀ | |
| | | ၇ | ၁၈၅၀ | ၁၄၁၇ | ၃၃၃ | ၁၇၅၀ | ၁၀၀ | |
| | | ၈ | ၂၀၀၀ | ၁၁၆၃ | ၈၉ | ၁၂၅၂ | ၇၄၈ | |
| | | ၉ | ၂၂၅၀ | ၁၅၄၃ | ၆၉၇ | ၂၂၄၀ | ၁၀ | |
| | | ၁၀ | ၂၄၀၀ | ၁၅၆၃ | ၅၈၇ | ၂၁၅၀ | ၂၅၀ | |
| ၈ | ပြည်လုံးချမ်းသာ | ၁ | ၂၄၅၀ | ၁၇၈၁ | ၆၁၉ | ၂၄၀၀ | ၅၀ | |
| ၉ | ပြည်ကြီးရန်လုံ | ၁ | ၂၂၀၀ | ၁၇၇၉ | ၃၂၁ | ၂၁၀၀ | ၁၀၀ | |
| | | ၂ | ၂၂၀၀ | ၁၆၀၅ | ၂၄၅ | ၁၈၅၀ | ၃၅၀ | |
| | | ၄ | ၂၄၀၀ | ၁၆၁၁ | ၈၉ | ၁၇၀၀ | ၇၀၀ | |
| | | ၅ | ၃၀၅၀ | ၂၄၂၁ | ၅၂၉ | ၂၉၅၀ | ၁၀၀ | |
| ၁၀ | မေဃဂီရိ | ၁ | ၁၉၀၀ | ၁၃၀၄ | ၅၄၆ | ၁၈၅၀ | ၅၀ | |
| | | ၂ | ၂၃၀၀ | ၁၅၇၃ | ၁၇ | ၁၅၉၀ | ၇၁၀ | |
| | | ၃ | ၂၁၀၀ | ၁၅၇၂ | ၄၇၈ | ၂၀၅၀ | ၅၀ | |
| ၁၁ | ပုလဲငွေရောင် | ၂ | ၂၆၅၀ | ၁၇၀၅ | ၈၉၅ | ၂၆၀၀ | ၅၀ | |
| | | ၃ | ၂၁၀၀ | ၁၂၁၆ | ၇၈၄ | ၂၀၀၀ | ၁၀၀ | |
| ၁၂ | အောင်မြေသာစံ | ၁ | ၂၄၅၀ | ၂၀၂၇ | ၃၇၃ | ၂၄၀၀ | ၅၀ | |
| | | ၂ | ၂၅၅၀ | ၁၉၆၉ | ၁၃၁ | ၂၁၀၀ | ၄၅၀ | |
| | | ၃ | ၂၃၅၀ | ၁၇၃၄ | ၆၆ | ၁၈၀၀ | ၅၅၀ | |
| | | ၅ | ၂၇၅၀ | ၁၆၀၉ | ၅၈၈ | ၂၁၉၇ | ၅၅၃ | |
| ၁၃ | မင်းတဲအီကင်း | ၁ | ၂၂၀၀ | ၁၄၇၁ | ၄၂၉ | ၁၉၀၀ | ၃၀၀ | |
| | | ၂ | ၂၂၀၀ | ၁၆၃၅ | ၄၆၅ | ၂၁၀၀ | ၁၀၀ | |
| | | ၃ | ၂၇၀၀ | ၂၀၁၆ | ၆၃၄ | ၂၆၅၀ | ၅၀ | |
| | | ၄ | ၃၂၀၀ | ၂၁၃၄ | ၁၀၅၉ | ၃၁၉၃ | ၇ | |
| | | ၅ | ၂၂၀၀ | ၁၇၉၅ | ၂၆၀ | ၂၀၅၅ | ၁၄၅ | |
| | | ၈ | ၁၀၀၀ | ၅၄၆ | ၄၀၄ | ၉၅၀ | ၅၀ | |
| ၁၄ | ပြည်ကြီးကျက်သရေ (အနောက်) | ၁ | ၂၇၀၀ | ၁၄၃၄ | ၇၆၆ | ၂၂၀၀ | ၅၀၀ | |
| | | ၂ | ၂၄၀၀ | ၁၅၈၄ | ၇၆၆ | ၂၃၅၀ | ၅၀ | |
| ၁၅ | သီရိမာလာအရှေ့ | ၁ | ၁၉၀၀ | ၁၀၈၅ | ၄၁၅ | ၁၅၀၀ | ၄၀၀ | |
| | | ၂ | ၁၉၀၀ | ၁၃၃၃ | ၄၁၇ | ၁၇၅၀ | ၁၅၀ | |
| | | ၅ | ၂၄၀၀ | ၁၄၅၉ | ၅၄၁ | ၂၀၀၀ | ၄၀၀ | |
| ၁၆ | သီရိမာလာအနောက် | ၁ | ၁၁၅၀ | ၉၀၃ | ၂၁၄ | ၁၁၁၇ | ၃၃ | |
| | | ၂ | ၁၆၀၀ | ၁၁၃၂ | ၄၃၈ | ၁၅၇၀ | ၃၀ | |
| | | ၃ | ၂၁၅၀ | ၁၆၀၈ | ၅၀၀ | ၂၁၀၈ | ၄၂ | |
| | | ၄ | ၁၈၀၀ | ၁၂၇၅ | ၅၁၀ | ၁၇၈၅ | ၁၅ | |
| | | ၅ | ၁၇၅၀ | ၁၂၉၆ | ၄၄၉ | ၁၇၄၅ | ၅ | |
| | စုစုပေါင်း | | ၁၄၃၉၀၀ | ၁၀၁၉၉၁ | ၂၇၆၁၆ | ၁၂၉၆၀၇ | ၁၄၂၉၃ | |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မတ် ၁၁**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေ အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေး ထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၊ လောက်ကိုင်မြို့နယ်၊ ကွမ်းလုံမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ နမ့်ဆန်မြို့နယ်၊ မိုင်းရယ်မြို့နယ်၊ မန်တုံမြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ သီပေါမြို့နယ်၊ နောင်ချိုမြို့နယ်၊ ကျောက်မဲမြို့နယ်နှင့် ဟိုပန်မြို့နယ်များရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ညောင်ရွှေမြို့နယ်၊ ဟိုပုံးမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ကလောမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ဖယ်ခုံမြို့နယ်၊ ရွာငံမြို့နယ်၊ ပင်းတယမြို့နယ်၊ မိုးဗြဲမြို့၊ အင်တောမြို့၊ ခိုလမ်မြို့၊ လွိုင်လင်မြို့၊ နမ့်စန်မြို့၊ မိုင်းရှူးမြို့၊ လင်းခေးမြို့၊ ကွန်ဟိန်းမြို့၊ မောက်မယ်မြို့၊ မိုးနဲမြို့၊ မိုင်းပန်မြို့နှင့် ကယားပြည်နယ်အတွင်းရှိ လွိုင်ကော်မြို့နှင့် ဘောလခဲမြို့များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိမြို့နယ် ၁၀ မြို့နယ်မှ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နှင့် ပုသိမ်ကြီးမြို့နယ်တို့ရှိ သာသနာ့နွယ်ဝင်သီလရှင်များအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ ကျောက်တံခါးမြို့၊ ပြည်မြို့၊ ရွှေတောင်မြို့၊ သဲကုန်းမြို့၊ ပေါင်းတည်မြို့၊ ပေါက်ခေါင်းမြို့နှင့် ရွှေကျင်မြို့များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက CDM တွင် ပါဝင်ခြင်းမရှိဘဲ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား ဆောင်ရွက်ပေးနေသည့် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက အသီးသီး သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ သွားရောက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဥ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ်မြို့နယ်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိတပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီ တောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အားစေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကိုလိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





## တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် မတ် ၁၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၆၂၃၁၀၊ အတွင်းလူနာ ၃၇၉၇ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်သည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၂၇၇၀၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၁၄၉၅ ဦး စုစုပေါင်း ၄၂၆၅ ဦး တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံ အသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၁၅၅၈ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၂၄၀၁ ဦးကို သာမန် မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၃၉၅၉ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှု အခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် မတ် ၁၁**

ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြုကြည်ညိုတရားဘာဝနာ ပွားများနိုင်ရေး ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညိုကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာ ဘာသာများအလိုက် အများပြည်သူ ဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မလေးရှားနိုင်ငံမှပြန်လည်ရောက်ရှိလာသော မြန်မာအလုပ်သမား ၁၀၈၆ ဦးကို စားစရိတ်ငွေနှင့်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**ရန်ကုန် မတ် ၁၁**

မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသား ၁၀၈၆ ဦးအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ စားစရိတ်ငွေနှင့်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ကျင်းပသည်။



ထောက်ပံ့ပေးအပ်ပွဲတွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာအလုပ်သမား ၁၀၈၆ ဦးအတွက် စုစုပေါင်း စားစရိတ်ငွေကျပ် ၂၈၀၆၀၀၀ ကို ပေးအပ်ရာ အလုပ်သမားကိုယ်စားလှယ်နှစ်ဦးက လက်ခံရယူသည်။ ထို့နောက်ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဦးစီးမှူးညွှန်ကြားရေးမှူး ဦးသန်းစိုးက တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းကိုးမျိုးကို လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ရန်ကုန်တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး လင်းထွန်းက ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ တီရှပ်တစ်ထည်စီကိုလည်းကောင်း ပေးအပ်ရာ အလုပ်သမားကိုယ်စားလှယ်များက လက်ခံရယူပြီး အလုပ်သမားကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ မလေးရှားပြန် မြန်မာအလုပ်သမား ၁၀၈၆ ဦးအတွက် တစ်ဦးလျှင် တစ်နေ့ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ခုနစ်ရက်စာအတွက် ငွေကျပ် ၂၁၀၀၀ စုစုပေါင်း စားစရိတ်ငွေကျပ် ၂၂၈၀၆၀၀၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထောက်ပံ့သော တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း ကိုးမျိုးနှင့် Surgical Mask ၅၄၃ ဘူး Face Shield ၁၀၈၆ ခု၊ Hand Gel ၃၀၀ နှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တီရှပ်အထည် ၁၀၈၆ ထည်ကို တစ်ဦးချင်းအလိုက် ပေးအပ်ထောက်ပံ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် မလေးရှားနိုင်ငံမှ မြန်မာအလုပ်သမားများအား ပြန်လည်ခေါ်ဆောင်လာစဉ် သင်္ဘောပေါ်၌ ကျားလုံချည် ၉၉၁ ထည်၊ မလုံချည် ၉၅ ထည်၊ တီရှပ် ၁၀၈၆ ထည်နှင့် တဘက် ၁၀၈၆ ထည်၊ ဆပ်ပြာ ၁၀၈၆ တောင့်တို့ကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျေးရွာ / ရပ်ကွက် စီမံအုပ်ချုပ်ရေးမှူးရုံးများ ပြန်လည်ဖွင့်လှစ်၍ အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာ အကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် မတ် ၁၁**

တိုင်းဒေသကြီးနှင့် မြို့နယ်များအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအား ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရပ်ကွက်၊ ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့များ ခန့်အပ်ထားရှိမှုအပေါ် ကျေနပ်မှုမရှိသည်ကို အကြောင်းပြု၍ ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးမှူးများအား ဖိအားပေးခြင်း၊ စီမံအုပ်ချုပ်ရေးမှူးရုံးများတွင် အုပ်စုဖွဲ့ပြီး ရမ်းကားဆန္ဒပြခြင်း၊ စီမံအုပ်ချုပ်ရေးရုံးဆိုင်းဘုတ်များ ဖြုတ်ချခြင်း၊ အဖျက်အမှောင့်စာများရေးသား၍ ရုံးရှေ့တွင် ချိတ်ဆွဲခြင်း၊ သစ်သားချောင်းများဖြင့် ရိုက်ပိတ်ခြင်း၊ ရုံးအဝင်တံခါးများအား သော့ခတ်ခြင်း၊ တံခါးများအား သံချောင်းများဖြင့် ဂဟေဆော်ပိတ်ခြင်းများကို မင်းမဲ့စရိုက်ဆန်ဆန် ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လာခြင်းကြောင့် ရပ်ကွက်၊ ကျေးရွာနေပြည်သူလူထုများအနေဖြင့် ဥပဒေ၏ အကာအကွယ်ကို မရရှိသည့်အပြင် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်မှုယန္တရားယိုယွင်းမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း တွေ့ရှိရသဖြင့် ရပ်ကွက်၊ ကျေးရွာနေပြည်သူလူထုနှင့် ရပ်မိရပ်ဖများ၏ တောင်းဆိုချက်အရ အထက်ပါဖြစ်စဉ်များ ဖြစ်ပွားခဲ့သည့်နေရာများတွင် ဆူပူမှုဖြစ်ပေါ်အောင် လှုံ့ဆော်သူများနှင့် ဆူပူမှုတွင် ပါဝင်ပတ်သက်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဥပဒေမဲ့လုပ်ရပ်များ လုပ်ဆောင်ပြီး ပိတ်ထားသည့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ရှိ အမှတ်(၄) ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးမှူးရုံး၊ ဘုတ်ပြင်းမြို့နယ် နို့ငွါးကျေးရွာအုပ်စု ကော့ဗမာကျေးရွာအုပ်စုနှင့် မသေကျေးရွာအုပ်စုများရှိ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံးများ၊ တနင်္သာရီမြို့နယ် ပဝကျေးရွာအုပ်စုနှင့် “အရှေ့မော်တုန်းကျေးရွာအုပ်စုများရှိ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံး၊ ပုလောမြို့နယ် ကျောက်လုံးကြီးကျေးရွာအုပ်စု၊ ဆင်ထိုးကြီးကျေးရွာအုပ်စု၊ ရှမ်းဒွတ်ကျေးရွာအုပ်စု၊ ပုလောကုန်းကျေးရွာအုပ်စုနှင့် မီးချောင်းသိုက်ကျေးရွာအုပ်စုများရှိ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံးများ၊ ရေဖြူမြို့နယ် နတ်ကြီးစင်ကျေးရွာ၊ ဖားချောင်းကျေးရွာနှင့် မင်းသားကျေးရွာများရှိ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံးများ၊ သရက်ချောင်းမြို့နယ် ပြင်းဖြူသာကျေးရွာနှင့် ပြင်းဖြူကြီးကျေးရွာများရှိ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံးများ၊ လောင်းလုံးမြို့နယ်၊ ညင်းဖော်ကျေးရွာ၊ ရေဖြူကျေးရွာ၊ ကဒက်ကြီးကျေးရွာ၊ ပြင်းချောင်းကျေးရွာ၊ သပြေချောင်ကျေးရွာ၊ သကျက်တောကျေးရွာ၊ ဇလွတ်ကျေးရွာ၊ ကျောက်မပ်ကျေးရွာနှင့် ကျောက်နီမော်ကျေးရွာများရှိ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံးများ၊ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပုတီးကုန်းကျေးရွာနှင့် နင်းကြမ်းကျေးရွာများရှိ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံးများသို့ ယနေ့တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက သွားရောက်၍ ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံးများအား အသီးသီးပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လုံခြုံရေးဆောင်ရွက်နေသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများအား ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့၊ မြို့လှမြို့နှင့် ရေနီမြို့တို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းနှင့် အဖွဲ့ဝင်များက သွားရောက်တွေ့ဆုံ၍ တစ်ဦးချင်းစီ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ ယနေ့တွင်လည်း ကချင်ပြည်နယ် ဗန်းမော်မြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများကလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့ရှိ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များအတွက် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများကလည်းကောင်း အသီးသီးသွားရောက် တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ဆူပူဆန္ဒပြသူလူတစ်စုက CDM တွင် ပါဝင်လှုပ်ရှားခြင်းမရှိသည့် ပြည်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သတင်းပေးဟုစွပ်စွဲကာ ခြိမ်းခြောက်အကြမ်းဖက် ရိုက်နှက်မှုများပြုလုပ်

**နေပြည်တော် မတ် ၁၁**

မြန်မာနိုင်ငံအတွင်း အချို့မြို့ကြီးများတွင် ဆန္ဒပြမှုများဖြစ်ပွားလျက်ရှိပြီး ဆန္ဒပြသူများအနက် အချို့သောလူပုဂ္ဂိုလ်များသည် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာတည်ငြိမ်အေးချမ်းမှုနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လုံခြုံမှုကို ထိခိုက်စေရန်ရည်ရွယ်၍ ၎င်းတို့ကို ထောက်ခံဝန်းရံခြင်းမရှိသူများကို သတင်းပေးများအဖြစ် စွပ်စွဲခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေသည်အထိ တရားမဲ့ပြုကျင့်ခြင်း၊ နေအိမ်အဆောက်အအုံနှင့် ယာဉ်များအား ဖျက်ဆီးခြင်းတို့ကို အုပ်စုဖွဲ့၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာ၊ အမှတ်(၄)ရပ်ကွက်နေ ဦးတာယာမင်းဒီ၊ မသဇင်ဝေ၊ ဦးသကြံန်ဦးတို့ ဦးဆောင်သည့် ဆူပူအကြမ်းဖက်သူအင်အား ၆၀ ခန့်သည် မတ် ၉ ရက် နံနက် ၉ နာရီခွဲခန့်တွင် အမှတ်(၃) ရပ်ကွက်နေ ဦးအောင်မြင့်(ဘ) ဦးဘမင်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ၏ နေအိမ်ရှေ့သို့ လာရောက်စုရုံးပြီး "သတင်းပေးသည့် အိမ်အားဖျက်ဆီးကြ၊ ခဲနှင့်ပေါက်ကြ၊ မီးရှို့ကြ"ဟု အော်ဟစ်လှုံ့ဆော်ကာ ဦးအောင်မြင့်၏ နေအိမ်အား ခဲများဖြင့် ပစ်ပေါက်ခြင်း၊ တံခါးများအား ဖျက်ဆီးခြင်း၊ မော်တော်ဆိုင်ကယ်အား မီးရှို့ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လူစုခွဲခြင်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၁၀ နာရီခန့်တွင် လူစုခွဲခဲ့ကြောင်း သိရသည်။



ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာ အမှတ်(၃)ရပ်ကွက်နေ ဦးအောင်မြင့် နေအိမ်အား ဖျက်ဆီးခံရမှုကို တွေ့ရစဉ်။

ဖြစ်စဉ်တွင် ဆူပူဆန္ဒပြသူလူတစ်စု၏ အကြမ်းဖက်လုပ်ရပ်ကြောင့် ဦးအောင်မြင့်၏ သားဖြစ်သူ မောင်မျိုးမြန်မာ အသက်(၂၃)နှစ်တွင် နဖူးပေါက်ပြဲဒဏ်ရာများရရှိခဲ့ပြီး ဆိုင်ကယ် တစ်စီး၊ အပ်ချုပ်စက်သုံးလုံးနှင့် ပရိဘောဂပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့သည်။

အလားတူ ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက်နေ ဦးမြင့်အေး(ဘ)ဦးမောင်ချို (အုပ်ချုပ်ရေးမှူးဟောင်း)ပါ ဆူပူဆန္ဒပြသူအင်အား ၂၀ ခန့်သည် မြရည်ပုလဲလမ်း ရွှေပြည်သာရပ်ကွက်နေသူ ဦးဝင်းထွဋ် မောင်းနှင်လာသော Honda FIT အမျိုးအစား မော်တော်ယာဉ်အမှတ်၊ 2E/--- အား အေးရိပ်ငြိမ်ရပ်ကွက် ရန်ကြီးအောင် (၂)လမ်းနှင့် ပေါ်ဦး(၃)လမ်း လမ်းဆုံနေရာ၌ လမ်းပိတ်ဆို့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား သတင်းပေးနေသူဟု စွပ်စွဲပြီး လူနှင့်မော်တော်ယာဉ်အား ရွှေပြည်သာရပ်ကွက်သုသာန်သို့ ခေါ်ဆောင်ကာ တုတ်၊ ခဲများဖြင့် ရိုက်ခွဲဖျက်ဆီးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေရာ အေးရိပ်ငြိမ်ရပ်ကွက် တော်ဝင်လမ်းရှိ သစ်စက်အဟောင်းနေရာ၌ ဆူပူဆန္ဒပြသူများ၏ ရိုက်နှက်မှုကြောင့် ဒဏ်ရာများရရှိနေသည့် ဦးဝင်းထွဋ်အား တွေ့ရှိခဲ့သဖြင့် ၎င်းအား တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သော ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ရသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ညနေ ၅ နာရီခန့်တွင် ငလွမ်း(ဘ)ဦးကြွက်နီ ရွှေပြည်သာရပ်ကွက် ကော့သောင်းမြို့နေသူအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖြစ်စဉ်များတွင် ဦးဆောင်သူများနှင့် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိအရေးယူနိုင်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပဲခူးမြို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်တားဆီးနှောင့်ယှက်သူ လူစုလူဝေးအား ခြောက်လှန့်ပစ်ခတ်ဖြိုခွဲ

**နေပြည်တော် မတ် ၁၁**

ပဲခူးမြို့ မဇင်းရပ်ကွက် မဇင်း(၁) လမ်းထိပ်၌ မီးရထားဝန်ထမ်း တင်မောင်ထွန်း(စိစစ်ဆဲ)ဦးဆောင်သော ဆူပူဆန္ဒပြသူ ၂၀၀ ခန့်သည် ယနေ့နံနက် ၁၀ နာရီခန့်တွင် အများပြည်သူအသုံးပြုသော လမ်းမပေါ်၌ အတားအဆီးများ ပြုလုပ်ပိတ်ဆို့ ဆူပူဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က လူစုခွဲရန် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အသိပေးဆောင်ရွက်ခဲ့သော်လည်း လိုက်နာခြင်းမရှိဘဲ ဆက်လက်ဆူပူအော်ဟစ်ဆန္ဒပြနေကြသဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်အညီ လူစုခွဲဆောင်ရွက်ခဲ့ရာ နံနက် ၁၀ နာရီ ၃၅ မိနစ်ခန့်တွင် လူစုကွဲသွားခဲ့ပြီး ဆူပူဆန္ဒပြသူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ၂၁ ဦးနှင့် မော်တော်ယာဉ်တစ်စီးတို့ကို ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြစ်စဉ်ဖြစ်ပွားခဲ့သည့်နေရာရှိ တားဆီးပိတ်ဆို့ထားသည့် အတားအဆီးများအား ဖယ်ရှားရှင်းလင်းခဲ့ရာ ဆူပူဆန္ဒပြသူများ ထွက်ပြေးစဉ် ကျန်ရစ်ခဲ့သည့် အလျား ခြောက်လက်မခန့်၊ အချင်း နှစ်လက်မခန့်ရှိ ကော်ပိုက်/ စနက်တံတို့ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်းတစ်လုံး သိမ်းဆည်းရမိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက လမ်းမပေါ်ရှိ အတားအဆီးများအား ဖယ်ရှားရှင်းလင်းနေစဉ် ဆူပူဆန္ဒပြသူ ၁၀၀ ခန့်သည် ဓား၊ လှံ၊ တုတ်များကိုင်ဆောင်လျက် ထပ်မံရောက်ရှိလာကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ထွက်ခွာ၍မရအောင် လမ်းများပိတ်ဆို့ခြင်း၊ တာယာများ၊ ထင်းများပုံ၍မီးရှို့ခြင်း၊ လေးခွ၊ ဂျင်ကလိ၊ အုတ်ခဲများဖြင့်ပစ်ခတ်ခြင်း၊ တပ်ဖွဲ့ဝင်များအား အတင်းဝင်လုံး၍ လက်နက်လုယက်ခြင်းများ ပြုလုပ်လာကြသဖြင့် ပစ်ခတ်လူစုခွဲခဲ့ရာ အကြမ်းဖက်သူ အမျိုးသား နှစ်ဦး(စိစစ်ဆဲ) ထပ်မံဖမ်းဆီးရမိခဲ့ပြီး အမျိုးသား တစ်ဦး(စိစစ်ဆဲ) ဒဏ်ရာရရှိကာ အမျိုးသား တစ်ဦး(စိစစ်ဆဲ) သေဆုံးခဲ့ကြောင်း သိရှိရသည်။



ဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား တာဝန်ဝတ္တရားဆောင်ရွက်၍ မရအောင် အကြမ်းဖက်တားဆီးနှောင့်ယှက်သူ လူအုပ်စုအား ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မတ် ၁၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၄၁ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၁၁-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁၀-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၁-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၆၇၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၄၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၀၈,၄၉၇) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၁၁၄) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၇၂၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၂၀၁) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်"အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၈၆၂၁၂၄ | ၂၀၆၄၀၂၇၀ | ၅၄၂၁၉၁ |
| ၂။ | အိန္ဒိယ | ၁၁၂၈၅၅၆၁ | ၁၀၉၃၈၁၄၆ | ၁၅၈၂၁၃ |
| ၃။ | ဘရာဇီး | ၁၁၂၀၅၉၇၂ | ၉၉၁၃၇၃၉ | ၂၇၀၉၁၇ |
| ၄။ | ရုရှား | ၄၃၆၀၈၂၃ | ၃၉၅၉၅၃၃ | ၉၀၇၃၄ |
| ၅။ | ဗြိတိန် | ၄၂၃၄၉၂၄ | ၃၃၄၈၄၈၉ | ၁၂၄၉၈၇ |
| ၆။ | ပြင်သစ် | ၃၉၆၃၁၆၅ | ၂၆၉၀၁၉ | ၈၉၅၆၅ |
| ၇။ | စပိန် | ၃၁၇၈၄၄၂ | ၂၈၂၃၄၃၃ | ၇၁၉၆၁ |
| ၈။ | အီတလီ | ၃၁၂၃၃၆၈ | ၂၅၃၅၄၈၃ | ၁၀၀၈၁၁ |
| ၉။ | တူရကီ | ၂၈၂၁၉၄၃ | ၂၆၄၉၈၆၂ | ၂၉၂၂၇ |
| ၁၀။ | ဂျာမနီ | ၂၅၃၂၈၅၅ | ၂၃၃၇၀၀၀ | ၇၃၂၇၆ |

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၄၀၃၇၂၂ | ၁၂၂၄၆၀၃ | ၃၈၀၄၉ |
| ၂။ | ဖိလစ်ပိုင် | ၆၀၇၀၄၈ | ၅၄၆၆၇၁ | ၁၂၆၀၈ |
| ၃။ | မလေးရှား | ၃၁၉၃၆၄ | ၃၀၀၆၂၀ | ၁၂၀၀ |
| ၄။ | မြန်မာ | ၁၄၂၁၁၄ | ၁၃၁၇၂၂ | ၃၂၀၁ |
| ၅။ | စင်ကာပူ | ၆၀၀၇၀ | ၅၉၉၁၁ | ၂၉ |
| ၆။ | ထိုင်း | ၂၆၅၉၈ | ၂၆၀၀၀ | ၈၅ |
| ၇။ | ဗီယက်နမ် | ၂၅၃၃ | ၂၀၄၈ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၁၁၆၃ | ၅၉၇ | ၁ |
| ၉။ | ဘရူနိုင်း | ၁၉၂ | ၁၈၃ | ၃ |
| ၁၀။ | လာအို | ၄၈ | ၄၂ | ၀ |

## သာစည်မြို့နယ်သမဝါယမအသင်းစု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**သာစည် မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အသစ်ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို မြို့နယ်သမဝါယမအသင်းစုအစည်းအဝေးခန်းမ၌ မတ် ၁၀ ရက်တွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးနှင့် တိုင်းဒေသကြီးအဆင့်ဖွဲ့စည်းရေးကော်မတီဝင်များ၊ သာစည်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ထွန်းဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဝင်းမြင့်မောင်နှင့် အမှုဆောင်၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အခြေခံသမဝါယမအသင်းများမှ အသင်းဝင်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## မလေးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ပြန်လည်ရောက်ရှိလာသော အသွားအလာကန့်သတ်ထားရှိသည့် မြန်မာနိုင်ငံသားများအား လိုအပ်သည့်ဆေးဝါးကုသပေးမှုများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ မလေးရှားနိုင်ငံမှ ရေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသား ၁၀၈၆ ဦးကို ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ကိုဗစ်-၁၉ ရောဂါ သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိသည့် Quarantine Center ၌လည်းကောင်း၊ အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်းမှ ရေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားရေလုပ်သား ၇၀ ကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ ကိုဗစ်-၁၉ ရောဂါ သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိသည့် Quarantine Center ၌လည်းကောင်း အသီးသီးထားရှိပြီး လိုအပ်သည့် ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် နေရပ်ပြန်မြန်မာနိုင်ငံသားများအား တပ်မတော်သားပါရဂူများ၊ ဆရာဝန်များက အထွေထွေရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ၎င်းတို့ ကောင်းမွန်စွာ နေထိုင်စားသောက်ရေးကို တပ်မတော်က စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် Quarantine ထားရှိပြီးပါက ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်နိုင်ရေး လိုအပ်သည်များ ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကံမမြို့နယ်၌ ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံ

**ကံမ မတ် ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ပြည်သူ့ဆေးရုံတွင် မတ် ၁၁ ရက် နံနက် ၉ နာရီက ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး(COVISHIELD) ပထမအကြိမ် ထိုးနှံခြင်းကို စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရာတွင် ကံမမြို့နယ်အတွင်းမှ ဝန်ထမ်းအမျိုးသား ၁၅၂ ဦး၊ အမျိုးသမီး ၆၀ စုစုပေါင်း ၂၁၂ ဦး တို့အား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီး ရက်သတ္တလေးပတ်ခြား၍ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

ကျော်ဇေယျဝင်း(ကံမ)

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# ဒက္ခိဏခရိုင်နှင့် ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများသို့ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့

**နေပြည်တော် မတ် ၁၁**

နေပြည်တော် ဒက္ခိဏခရိုင်နှင့် ဇမ္ဗူသီရိမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများသို့ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က အားလုံးသိရှိပြီး ဖြစ်သည့်အတိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ တာဝန်များကို အခြေအနေအရ လွှဲပြောင်းရယူခဲ့ရပြီးနောက်ပိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ နိုင်ငံတော်ကို သစ္စာရှိစွာဖြင့် အုပ်ချုပ်ရေးယန္တရား ယိမ်းယိုင်မှုမရှိစေရန် ကိုယ်စီတာဝန်များ ကျေပွန်စွာထမ်းဆောင်နေကြသည့်အပေါ် အထူးပင် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ နိုင်ငံတော်၏ ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်(၅)ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်သည့်အတွက် အုပ်ချုပ်ရေးယန္တရား၏ အဓိကကျသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ မူဝါဒများ အောင်မြင်ရန်အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများမှာ ခေတ်အဆက်ဆက် မည်သည့်အစိုးရ မည်သို့သော အုပ်ချုပ်ရေးစနစ်မျိုးမှာပဲဖြစ်ဖြစ် တာဝန်ကျေပွန်သည့် ဝန်ထမ်းများအဖြစ် ကျရာအခန်းကဏ္ဍတွင် တာဝန်သိသိ သစ္စာရှိစွာဖြင့် အုပ်ချုပ်ရေးယန္တရားပိုမိုအားကောင်းခိုင်မာအောင် ဆောင်ရွက်ပေးခဲ့သည့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်းကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က CDM လှုပ်ရှားမှုများတွင် ပါဝင်ခြင်းမရှိဘဲ ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ လုပ်ငန်းတာဝန်များ ထမ်းဆောင်နေကြသည့် ဝန်ထမ်းများကို ကျေးဇူးတင်ရှိပါကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ငန်းများ စနစ်တကျ စီမံဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ဒက္ခိဏခရိုင်နှင့် ဇမ္ဗူသီရိမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများသို့ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယနေ့ ကျင်းပသည့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာတွင် ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၅၂ ဦးနှင့် ဇမ္ဗူသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၃၅ ဦး စုစုပေါင်း ဝန်ထမ်း ၈၇ ဦးတို့အတွက် ငွေကျပ် ၁၂၁၉၉၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ကြက်ဥနှင့် ကြက်သွန်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**ဘားအံ မတ် ၁၁**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၄/၂၀၂၁)ကို မတ် ၁၀ ရက် မွန်းလွဲ ၂ နာရီခန့်က ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

အစည်းအဝေးတွင် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက ပြည်နယ်အဆင့်ဌာနဆိုင်ရာများအနေဖြင့် ပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်ဆေးခြင်းနှင့် ပတ်သက်ပြီး လိုအပ်သည့် စာရင်းတောင်းခံမှုများကို ပူးပေါင်းကူညီပေးကြစေလိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများအား အရည်အသွေးစိစစ်ရေးနှင့် အပြီးသတ်လက်ခံရေး ကော်မတီ၏ စိစစ်အတည်ပြုချက်ဖြင့်သာ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ ငွေလုံးငွေရင်းနှင့် ပတ်သက်၍ လာမည့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွက် လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီမှုရှိ/မရှိ ပြည်နယ်ရသုံးမှန်းခြေဦးစီးဌာနက စိစစ်နေပြီး ပြည်နယ်ဘဏ္ဍာငွေစိစစ်ရေးအဖွဲ့က ထပ်မံစိစစ်ကာ ဦးစားပေးကဏ္ဍအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် မိမိတို့ရုံး၏ လုံခြုံရေးစီမံချက် အစီအမံများကို ရေးဆွဲတင်ပြ၍ လုံခြုံရေးကိုအထူးဂရုပြုကြစေလိုကြောင်း၊ ကိုဗစ်ကာကွယ်ဆေးနှင့် ပတ်သက်၍ ဦးစားပေးအစီအစဉ်အလိုက် အားလုံးကိုထိုးနှံပေးသွားမည်ဖြစ်ပြီး ပူးပေါင်းကူညီပေးကြရန်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အသိပေးကြေညာထားသည့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မများ၊ ရာဇသတ်ကြီးပုဒ်မများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၁)မှ ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးတင်ပြကြပြီး ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စိုးက ဖြည့်စွက်ဆွေးနွေးကာ ဌာနဆိုင်ရာများက ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြဆွေးနွေး၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ညောင်ရွှေမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ စတင်ထိုးနှံ

**ညောင်ရွှေ မတ် ၁၁**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု လျော့ချနိုင်ရန်၊ ထိန်းချုပ်နိုင်ရန်နှင့် တားဆီးကာကွယ်နိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို မတ် ၁၀ ရက် နံနက်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ကာကွယ်ဆေးများထိုးနှံရာတွင် ညောင်ရွှေမြို့နှင့် အနီးဝန်းကျင်တွင်နေထိုင်ကြသည့် မိဘပြည်သူများအား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် လည်းကောင်း၊ သာသနာ့နွယ်ဝင်ရဟန်းသံဃာတော်များနှင့် သီလရှင်ဆရာလေးများအား ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက်တွင် လည်းကောင်း၊ နန်းပန်မြို့နှင့် အနီးဝန်းကျင်တွင် နေထိုင်ကြသည့် မိဘပြည်သူများအား နန်းပန်မြို့ ပရဟိတကျောင်းတွင် လည်းကောင်း အသီးသီးထိုးနှံပေးလျက်ရှိကြောင်းနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို အောင်ပန်းမြို့ ခုတင်(၇၀၀) တပ်မတော်ဆေးရုံမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို နောက်ရက်များတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေး မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၁**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက်၌ လည်းကောင်း၊ ရသေ့တောင်မြို့နယ် ဦးဂါကျေးရွာတစ်ဝိုက်နှင့် ကျေးရွာချင်းဆက်လမ်းများ၌ လည်းကောင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများက ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဆန္ဒပြသူလူစုလူဝေးများအနေဖြင့် သာမန်ဆန္ဒပြသည့်အဆင့်မှ အကြမ်းဖက်အဖွဲ့အစည်း၏ လှုပ်ရှားမှုပုံသဏ္ဍာန်ကဲ့သို့ ဖြစ်လာ

**နေပြည်တော် မတ် ၁၁**

နိုင်ငံတော်ဆန့်ကျင်ရေး ဆောင်ရွက်နေကြသည့် ဆူပူဆန္ဒပြသူ လူစုလူဝေးများသည် မိမိတို့လုပ်ဆောင်နေမှုများမှာ မည်သည့်အတွက်လုပ်ဆောင်နေကြသည်၊ မည်သည့်ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်နေကြသည်ကို ကွဲကွဲပြားပြားမသိရှိကြဘဲ လူငယ်ထုလမ်းပေါ်ရောက်ရှိစေရေး၊ နိုင်ငံတော်မတည်မငြိမ်ဖြစ်စေရေး ဆူပူလှုပ်ရှားမှုများကို နေ့စဉ်မဖြစ်မနေ၊ မဖြစ်ဖြစ်အောင် လုပ်ဆောင်ရန်အတွက်ကိုသာ ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ဆူပူဆန္ဒပြသူ လူစုလူဝေးများအနေဖြင့် သာမန်ဆန္ဒပြသည့်အဆင့်မှ အကြမ်းဖက်ဖျက်ဆီးမှု၊ ရဲစခန်းများအား ဝင်ရောက်ဖျက်ဆီးရန်ကြံစည်မှု လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်များကို အကြမ်းဖက်လုယူရန် ကြိုးပမ်းမှုများဖြင့် အကြမ်းဖက်အဖွဲ့အစည်း၏ လှုပ်ရှားမှုပုံသဏ္ဍာန်ကဲ့သို့ဖြစ်လာနေသည်ကို တွေ့ရှိရသည်။

နိုင်ငံအတွင်း ဆူပူဆန္ဒပြဆောင်ရွက်သူလူစုလူဝေးများအနေဖြင့် နေပြည်တော်တွင် သာဝတ္ထိမြို့၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကော့မှူး၊ ကွမ်းခြံကုန်း၊ ခရမ်း၊ သုံးခွ၊ စမ်းချောင်း၊ တွံတေး၊ လှိုင်သာယာ၊ အင်းစိန်၊ သာကေတ၊ လှိုင်၊ ရန်ကင်း၊ မရမ်းကုန်းနှင့် တာမွေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ပလိပ်၊ ချမ်းအေးသာစံ၊ ပြည်ကြီးတံခွန်၊ ကူမဲ၊ ပြင်ဦးလွင်၊ မိုးကုတ်နှင့် မလှိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် မြိုင်၊ သရက်၊ ကျောက်ထု၊ ပခုက္ကူ၊ အောင်လံ၊ မကွေးနှင့် ရေစကြိုမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရေဦး၊ ခင်ဦး၊ ကျွန်းလှ၊ ဝက်လက်၊ မြောင်၊ ကောလင်း၊ တန့်ဆည်၊ ကန့်ဘလူနှင့် အုတ်လှျော်စကန်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် ပဲခူးနှင့် ရွှေကျင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်နှင့် ဟင်္သာတမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်မြို့နယ်၊ ကချင်ပြည်နယ်တွင် မြစ်ကြီးနားနှင့် မိုးညှင်းမြို့နယ် ကယားပြည်နယ်တွင် လွိုင်ကော်မြို့နယ်၊ ကရင်ပြည်နယ်တွင် ဘုရားသုံးဆူမြို့နယ်၊ ချင်းပြည်နယ်တွင် မတူပီ၊ မင်းတပ်နှင့် ဟားခါးမြို့နယ်၊ မွန်ပြည်နယ်တွင် ကျိုက်မရောမြို့၊ ရှမ်းပြည်နယ်တွင် တောင်ကြီး၊ ဖယ်ခုံ၊ ရွှေညောင်၊ အောင်ပန်းနှင့် မူဆယ်မြို့နယ် အစရှိသောနေရာဒေသများတွင် လူစုလူဝေးများဖြစ်ပွားခဲ့၍ ဖြိုခွဲထိန်းသိမ်းခြင်းများ ဆောင်ရွက်ခဲ့ရပြီး အမျိုးသား ၁၅၅ ဦး၊ အမျိုးသမီး ၂၅ ဦး စုစုပေါင်း ၁၈၀ တို့ကို ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်ခဲ့ရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့နှင့် ထိပ်တိုက်တွေ့ဆုံနေကြသည့် ဆူပူအကြမ်းဖက်သူလူစုလူဝေး၏ဆောင်ရွက်မှုပုံသဏ္ဍာန်အပေါ် မူတည်၍ မလွှဲမရှောင်သာဆောင်ရွက်မှုများအရ ထိခိုက်ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်းများ ကြုံတွေ့နေရမည်ဖြစ်သည်။ ကြိုးကိုင်ခြယ်လှယ်လျက်ရှိသော ဦးဆောင်သူများအနေဖြင့် အန္တရာယ်ကင်းဝေးသည့် ပုန်းခိုရာနေရာများမှ အမိန့်ပေး ဆောင်ရွက်နေရာတွင် ယခုကဲ့သို့ ထိခိုက်ဒဏ်ရာရသေဆုံးမှုဖြစ်စဉ် ဖြစ်ရသူများ၏ မိဘဆွေမျိုးများအနေဖြင့် စိတ်မကောင်းကြေကွဲမှုဖြစ်ရသည့် အခြေအနေသာ တွေ့ကြုံနေရမည်ဖြစ်သဖြင့် မိဘဆွေမျိုးများအနေဖြင့် ရပ်ရွာအတွင်း တတ်အားသရွေ့ ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်ကြောင်း အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီး/မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်ဆန္ဒပြသူများကို ဥပဒေနှင့်အညီ လူစုခွဲဆောင်ရွက်

**နေပြည်တော် မတ် ၁၁**

တိုင်းဒေသကြီး/မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်ဆန္ဒပြသူများကို ဥပဒေနှင့်အညီ လူစုခွဲဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ယနေ့ နံနက် ၉ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် သုခမြိုင်ဘုန်းတော်ကြီးကျောင်းရှေ့၌ ဆူပူဆန္ဒပြသူအင်အား ၅၀ ခန့်သည် နိုင်ငံတော်ဆန့်ကျင်ရေးကြွေးကြော်သံများ စုဝေးအော်ဟစ်နေကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲရန် ဥပဒေနှင့်အညီ အကြိမ်ကြိမ်သတိပေးသော်လည်း လူစုခွဲခြင်းမရှိဘဲ ဆက်လက်ဆူပူအော်ဟစ်ဆန္ဒပြနေကြသဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်အညီ ဖြိုခွဲထိန်းသိမ်းခဲ့ရာ လူစုကွဲသွားခဲ့ပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသားနှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ရသည်။

ဆက်လက်၍ နံနက် ၁၀ နာရီကျော်ခန့်တွင် ဆူပူအော်ဟစ်ဆန္ဒပြသူ အင်အား ၁၀၀ ခန့်သည် မြိုင်မြို့မရဲစခန်းရှေ့သို့ စုဝေးရောက်ရှိလာပြီး ရဲစခန်းနှင့်တပ်ဖွဲ့ဝင်များအား လေးခွ၊ ကုန်းသီး၊ ကျောက်ခဲများဖြင့် ပစ်ပေါက်ကာ ရဲစခန်းအတွင်းသို့ အကြမ်းဖက်စီးနင်းဝင်ရောက်လာကြသဖြင့် ရဲတပ်ဖွဲ့က ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ ဆူပူအကြမ်းဖက်ဝင်ရောက်သူများထဲမှ အမျိုးသား တစ်ဦး (စိစစ်ဆဲ) သေဆုံးကာ ဆူပူအကြမ်းဖက်သူများ ပြန်လည်ဆုတ်ခွာသွားခဲ့ကြသည်။

ဖြစ်စဉ်တွင် ဆူပူသူများ၏ စီးနင်းဝင်ရောက်အကြမ်းဖက်ခဲ့မှုကြောင့် မြိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆူပူအကြမ်းဖက်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးအမှုဖွင့် ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိသည်။

အလားတူ နံနက် ၁၁ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၅) ရပ်ကွက် ဗိုလ်မင်းရောင်လမ်း၌ ဆူပူအော်ဟစ်ဆန္ဒပြသူ လူစုလူဝေးအင်အား ၅၀ ခန့်သည် အများပြည်သူသွားလာနေသည့်လမ်းမအား သွားလာ၍မရအောင် အတားအဆီးများပြုလုပ်၍ ဆူပူအော်ဟစ်စုဝေးဆန္ဒပြနေကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တားဆီးဖြေလျှော့ခဲ့သော်လည်း ဆူပူဆန္ဒပြသူလူအုပ်စုမှ လိုက်နာဆောင်ရွက်မှုမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဆူပူအော်ဟစ်ဆဲဆိုကာ အုတ်ခဲ၊ ကျောက်ခဲများဖြင့် ပစ်ပေါက် အကြမ်းဖက်ခဲ့ကြသဖြင့် အဓိကရုဏ်းနှိမ်နင်းရေး လုပ်ငန်းစဉ်များနှင့်အညီ ပစ်ခတ်ထိန်းသိမ်းလူစုခွဲခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် လူစုကွဲသွားခဲ့သည်။



မြိုင်မြို့နယ်၌ ဆူပူဆန္ဒပြနေမှုကို တွေ့ရစဉ်။

ဖြစ်စဉ်တွင် ဆူပူဆန္ဒပြသူလူအုပ်စုအတွင်းမှ အမျိုးသား နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့အနက် ချစ်မင်း(၂၅)နှစ် (၄၉)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)နေသူမှာ ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။

ထို့ပြင် မတ် ၁၀ ရက် ည ၈ နာရီခန့်တွင် ညောင်တုန်းမြို့ (၃)ရပ်ကွက် အိုးအိမ်ဝန်ထမ်းအိမ်ရာတိုက်ခန်းရှေ့၌ ရပ်ထားသော တရားရေးအရာရှိတစ်ဦး၏မော်တော်ယာဉ်အား ဆူပူအကြမ်းဖက်လိုသူ အမျိုးသားတစ်ဦးက ဓာတ်ဆီဘူးဖြင့် ပစ်ပေါက် မီးရှို့ထွက်ပြေးခဲ့သဖြင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ညောင်တုန်းမြို့မရဲစခန်းတွင် ဥပဒေနှင့်အညီ အမှုဖွင့်စုံစမ်းဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း။



ညောင်တုန်းမြို့နယ်၌ မော်တော်ယာဉ်အား ဓာတ်ဆီဘူးဖြင့် မီးရှို့ထားမှုကို တွေ့ရစဉ်။

ဖော်ပြပါ ဖြစ်စဉ်သည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ခြိမ်းခြောက်နေသော ကျူးလွန်မှုဖြစ်ပြီး အကြမ်းဖက်ဆောင်ရွက်လိုသူ မသမာသူအချို့သည် ဥပဒေဘောင်အတွင်း အေးချမ်းစွာနေထိုင်လျက်ရှိသည့် ပြည်သူလူထုများနှင့် နိုင်ငံ့ဝန်ထမ်းများအား ထိတ်လန့်စိုးရွံ့စေရန် အဖျက်အမှောင့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

အလားတူ မတ် ၁၀ ရက် ည ၁၀ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ကလေးမြို့ပေါ်ရပ်ကွက်များအတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းတာဝန်များ ဆောင်ရွက်စဉ် နယ်မြေ(၄) ဈေးလမ်းအရောက်၌ ညမထွက်ရ ဒေသန္တရအမိန့် ထုတ်ပြန်ထားမှုအပေါ် လိုက်နာမှုမရှိဘဲ ဆူပူသူအင်အား ၈၀ ခန့်က လုံခြုံရေးတပ်ဖွဲ့ဝင်များကို တုတ်၊ ဓား၊ ပေါက်ချွန်း၊ လေးခွများဖြင့်ပစ်ခတ်၍ အော်ဟစ်ဆဲဆို ဝင်ရောက်လုံးထွေးအကြမ်းဖက်ခဲ့ကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ ည ၁၀ နာရီခွဲတွင် လူစုကွဲသွားခဲ့သည်။

ဖြစ်စဉ်တွင် ဆူပူဆန္ဒပြသူ စိုးဝင်း(၄၉)နှစ်၊ ချမ်းမြေ့အောင်ရပ်ကွက် ကလေးမြို့နယ် နေသူ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လိုအပ်သောဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကာ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မီးဘေးသတိ အမြဲရှိစေ

## ထက်ဝေအောင်(စစ်ကိုင်း)

လူတို့မြို့ရွာကို ဖျက်ဆီးမည့် ရန်သူမျိုးငါးပါးထဲတွင် မီးဘေးအန္တရာယ်လည်း ပါဝင်သည်။ သူခိုးခိုးလျှင် ပိုင်ဆိုင်စရာ စည်းစိမ်အချို့ ကျန်နိုင်သေးသည်။ ဓားပြတိုက်လျှင်ပင် မရွှေ့မပြောင်းနိုင်သော အိမ်ထောင်ပရိဘောဂပစ္စည်းများ ကျန်ရှိနိုင်သည်။ မီးဘေးကြုံလာပါက စည်းစိမ်အားလုံး မီးထဲပါသွားနိုင်ပြီး လောင်စာဟူသမျှ ဝါးမျိုလောင်မြိုက်နိုင်စွမ်းရှိပါသည်။ ရာသီမရွေး မီးဘေးအန္တရာယ်သည် အဖြစ်အများဆုံးနှင့် လူ့သဘာဝပတ်ဝန်းကျင်နှင့် စည်းစိမ်အဝဝကို တဒင်္ဂမျှဖြင့်ပင် ဖျက်ဆီးပစ်နိုင်စွမ်းရှိသည်။ လူနှင့် သတ္တဝါများ ဆင်းရဲခြင်းကို ဖြစ်စေသော မီးဘေးအန္တရာယ်ကို မဖြစ်ပွားမီကပင် ကြိုတင်ကာကွယ်ကြရမည် ဖြစ်ပါသည်။

မီးဘေးအန္တရာယ်သည် လူအများ ဂရုစိုက်မှုနည်းပါးခြင်းကြောင့် ဖြစ်ပွားလာသော ပြဿနာတစ်ရပ်ဖြစ်သည်။ ပေါ့ဆခြင်း၊ သတိမမူခြင်းကြောင့် မီးဘေးအန္တရာယ် ကြုံတွေ့ကြရသည်။ မီးသည် လူသားတို့အတွက် အသုံးအဝင်ဆုံးလည်း ဖြစ်သည်။ မီးသည် လူသားတို့၏ လူနေမှုဘဝပုံစံကို ပြောင်းလဲပေးနိုင်စွမ်းရှိခဲ့သည်။ သို့သော် မီးသည် သုံးတတ်လျှင် ဆေး၊ မသုံးတတ်လျှင် ကြီးစွာသော ဘေးအန္တရာယ်တစ်ခုသာ ဖြစ်ပါသည်။

### ဖြစ်ပွားခဲ့သော မီးဘေးများ

မီးဘေးရှောင် မလောင်ခင်တားလိုလျှင် **မီးသတိပြုဆိုသည့်** သတိပေးစာတန်းပါ အချက်အတိုင်း လေးစားလိုက်နာရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော မီးဘေးများကို လေ့လာကြည့်ပါက ပေါ့ဆမီးကြောင့် အဖြစ်များသည်ကို တွေ့ရသည်။ မီးကြွင်းမီးကျန်မှတစ်ဆင့် လောင်ကျွမ်းခြင်း၊ လောင်စာဆီများ စည်းကမ်းတကျ မထားသိုခြင်းကြောင့် လောင်ကျွမ်းခြင်း၊ လျှပ်စစ်မီး ပေါ့ဆစွာသုံးစွဲခြင်းကြောင့် လောင်ကျွမ်းခြင်း၊ ကလေးများ မီးဖြင့် ကစားသောကြောင့် လောင်ကျွမ်းခြင်းနှင့် လမ်းသွားလမ်းလာများ ဆေးလိပ်မီးကို စည်းကမ်းမဲ့လွှင့်ပစ်ခြင်းများကြောင့် လောင်ကျွမ်းမှုဖြစ်စဉ်များ ဖြစ်ပွားရကြောင်း လေ့လာတွေ့ရှိရသည်။

မီးဘေးအန္တရာယ်ဖြစ်ပွားခြင်းကို လေ့လာကြည့်ပါက သဘာဝကြောင့်ဖြစ်ရသောမီး၊ လူတို့ပေါ့ဆသောကြောင့်ဖြစ်ရသောမီးအဖြစ် အပိုင်းနှစ်ပိုင်းတွေ့ရသည်။ ရာသီဥတုပူပြင်းခြင်း၊ မီးလောင်လွယ်သော အမှိုက်သရိုက်များ လွယ်လင့်တကူ စွန့်ပစ်ခြင်း၊ စည်းကမ်းမဲ့သူများကြောင့် ပေါ့ဆမီး၊ လျှပ်စစ်မီး အလွန်အကျွံသုံးစွဲခြင်း၊ အိမ်တွင်း လောင်စာနှင့် မီးလောင်လွယ်သည့်ပစ္စည်းများ ထားရှိခြင်းတို့ကြောင့် မီးလောင်မှုဖြစ်စဉ်များ မကြာခဏဖြစ်ပွားခြင်း ဖြစ်သည်။ မီးလောင်ကျွမ်းမှုဖြစ်စဉ်သည် မီးလောင်ရန် အဓိကအချက်များဖြစ်သည့် အောက်ဆီဂျင်၊ လောင်စာနှင့် အပူရှိန်များမှတစ်ဆင့် အပူနှင့်အလင်း ထွက်ပေါ်လာခြင်း ဓာတ်ပြုမှုဖြစ်သည်။ မီးငြိမ်းသတ်ရန် ကြိုးစားဆောင်ရွက်ရာတွင် အောက်ဆီဂျင်၊ လောင်စာနှင့် အပူရှိန်တစ်ခုခု ဖယ်ထုတ်လိုက်ပါက မီးလောင်ကျွမ်းမှု ရပ်ဆိုင်းသွားနိုင်သည်။

ရပ်ကွက်တိုင်း၊ လူတိုင်း မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတများ ပိုမိုသိရှိရန် လိုအပ်သည်။ မီးသတ်ဦးစီးဌာနက ထုတ်ပြန်ညွှန်ကြားချက်များကိုလည်း လိုက်နာဆောင်ရွက်သင့်ပေသည်။ မီးတားလမ်းများ သတ်မှတ်ခြင်း၊ ရပ်ကွက်/ကျေးရွာအတွင်း မီးသတ်ရေကန်များနှင့် ရေအပြည့်ဖြည့်ထားခြင်း၊ အိမ်တိုင်းတွင်ရှိသင့်သည့် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ သဲပုံးနှင့် ရေပုံးများ စီစဉ်ထားရှိသင့်သည်။ တစ်ဦးချင်းပြုကျင့်သင့်သည့် ပြုဖွယ်ကိစ္စများအနက် အရိပ်ရပင်၊ လေကာပင်များ စိုက်ပျိုးထားရှိခြင်း၊ မီးဖိုနံဘေးတွင် ရေပုံးအဆင်သင့်ထားရှိခြင်း၊ လျှပ်စစ်မီးသုံးစွဲခြင်းလုပ်ငန်းများ အိမ်တိုင်းတွင် သတိပြုဆင်ခြင်သုံးစွဲခြင်းဖြင့် မီးဘေးရှောင် မလောင်ခင် တားဆီးကြရမည် ဖြစ်ပါသည်။

### မီးလောင်မှုဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်

ဈေးများ မီးလောင်လျှင်မှု ဆုံးရှုံးမှုတန်ဖိုးကြီးကြီးမားမားပေးဆပ်ရသည်ကို တွေ့ရသည်။ ဈေးဆိုင်ပိုင်ရှင်များအနေဖြင့် အိမ်ပြန်ချိန် စိတ်လောမနေသင့်ပေ။ မိမိကြောင့် မီးဘေးအန္တရာယ် မကျရောက်ရေး ဈေးပိတ်ချိန်မတိုင်မီ မိမိဆိုင်က လျှပ်စစ်မီးခလုတ်များကို လိုက်လံပိတ်ရပါမည်။ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လျှပ်စစ်မီးသွယ်တန်းမှု၊ ကြိုးဆွေးမြည့်မှု၊ မီးခလုတ်ပျက်များကို တတ်ကျွမ်းနားလည်သူများဖြင့် မကြာခဏစစ်ဆေးပြုပြင်သင့်သည်။ အလားတူပင် မိမိတို့ရောင်းချသည့်ပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများ နီးကပ်စွာထားရှိခြင်းကိုလည်း သတိပြုကြရပါမည်။ ခြင်ဆေးခွေကဲ့သို့ မီးကြွင်းမီးကျန်ကို အသေအချာစစ်ဆေးခြင်းဖြင့် မီးလောင်မှုဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်ပါသည်။

အချိန်အခါမရွေး ရပ်ကွက်/ကျေးရွာများအတွင်းလည်း မီးကြွင်းမီးကျန်မရှိရေး အရေးကြီးလှပါသည်။ မီးလောင်မှုဖြစ်စဉ်များတွင် မီးကြွင်းမီးကျန်ကြောင့် မီးလောင်မှု များပြားစွာဖြစ်ပွားရပြီး လမ်းသွားလမ်းလာများ၏ ဆေးလိပ်မီး၊ အဖျက်စိတ်ရှိသူတို့၏ ရှို့မီးများလည်း ပါဝင်နေသည်ကို လေ့လာသိရှိရပါသည်။ မီးသည် အသိမရှိ၊ လူသည် အသိရှိသည် ဆိုစကားနှင့်အညီ ဦးနှောက်ရှိသော လူများက သတိကြီးစွာထားလျက် မီးဘေးအန္တရာယ်ကို ကာကွယ်ရမည် ဖြစ်ပါသည်။ သတိသည် ပိုသည်မရှိ အမြဲလိုအပ်နေလေ့ရှိပါသည်။ မီးလောင်လွယ်သော လောင်စာဆီများ ကိုင်တွယ်အသုံးပြုရာတွင် သတိကြီးကြီးထားရှိရပါမည်။ မီးခြစ်၊ ဖယောင်းတိုင်များကို ကလေးငယ်များနှင့် ဝေးသောနေရာတွင် ထားရှိသင့်သည်။ သက်ကြီးရွယ်အိုများ ထမင်းချက်ရန် မီးမွေးခြင်း၊ မီးပူတိုက်ခြင်းများ မပြုလုပ်စေရန် မိသားစုဝင်များက တားမြစ်သင့်သည်။ မိမိတို့အိမ်ပတ်ဝန်းကျင်မှ အမှိုက်သရိုက်များကို ရှင်းလင်းခြင်း၊ လူမရှိဘဲ ဖယောင်းတိုင်မီး၊ လျှပ်စစ်မီးသုံးစွဲခြင်းကို သတိထားရှောင်ရှားသင့်သည်။ ဂက်စ်မီးဖို အသုံးပြုသူအိမ်ရှင်မများ ဂက်စ်မီးဖိုအသုံးပြုချိန်တွင် လေဝင်လေထွက်ကောင်းစေရန် အနီးအနားရှိ ပြတင်းပေါက်များကို ဖွင့်ထားပေးရန် လိုအပ်ပါသည်။ အိပ်ရာအနီး၊ ခြင်ထောင်အနီး ခြင်ဆေးခွေ ထွန်းညှိခြင်း၊ ဖယောင်းတိုင်မီးထွန်းညှိခြင်းများ မပြုလုပ်ရန် လိုအပ်ပါသည်။

လျှပ်စစ်ကြိုး အပေါက်အပြဲများကို လွယ်လင့်တကူ ပြင်ဆင်ကိုင်တွယ်ခြင်းမပြုလုပ်သင့်ဘဲ အမှန်တကယ် တတ်ကျွမ်းနားလည်သူများထံမှ အကူအညီရယူ၍သာ ဆောင်ရွက်သင့်ပါသည်။

### အပူလွန်ကဲ မီးလောင်ကျွမ်းမှု

ယနေ့အချိန်တွင် လူနေမှုအဆင့်အတန်းမြင့်မားရေး၊ အချိန်မကုန် လူသက်သာမှုရရှိရေး အိမ်တွင်းလျှပ်စစ်ပစ္စည်းများဖြစ်သည့် သုံးမိနစ်ရေနွေးအိုး၊ ဆယ်မိနစ်ပေါင်းအိုး အစရှိသည့် မီးဖိုချောင်သုံး လျှပ်စစ်ပစ္စည်းများ၊ အဝတ်လျှော်စက်၊ အဲကွန်းများ၊ တီဗွီ၊ ပန်ကာ၊ ရေခဲသေတ္တာနှင့် မီးပူများ တစ်နေ့တခြား သုံးစွဲလာကြသည်ကို တွေ့ရသည်။ လျှပ်စစ်ပစ္စည်းများတွင် ဗို့အားအသီးသီး၊ ခံနိုင်ဝန်အသီးသီး ရှိကြပေသည်။ လျှပ်စစ်ကြောင့် ဖြစ်ပွားရသော မီးလောင်မှုများစွာရှိသည်ကို အမြဲတစေ သတိပြုကြရပါမည်။ အိမ်တွင်းမီးကြိုးများ ဆွေးမြည့်လောင်ကျွမ်းမှု၊ ပလတ်ခုံများ အပူလွန်ကဲ မီးလောင်ကျွမ်းမှုနှင့် မီးဖိုချောင်သုံးဒယ်အိုးနီများ၊ ထမင်းပေါင်းအိုးများမှ တစ်ဆင့် အပူလွန်ကဲ မီးလောင်ကျွမ်းမှု ဖြစ်ပွားနိုင်ပါသည်။

လူအများစုသည် ပလတ်ပေါက်အမျိုးမျိုး ပွားယူသုံးစွဲသည့်အကျင့်များ ရှိကြသည်။ ပလတ်တစ်ခုမှ တစ်ခု ပွားယူကြသည်။ ကြိုးနှင့်ဝန် ခံနိုင်အားရှိ၊ မရှိကို မစဉ်းစားဘဲ လျှပ်စစ်ခံနိုင်ဝန်ကို ကြီးလေးစွာ ထမ်းစေခဲ့သည်။ အိမ်တွင်းလျှပ်စစ်ကြိုးများ သွယ်တန်းမှု၊ ခံနိုင်ရည်ရှိမှု၊ မရှိမှုကို စစ်ဆေးခြင်း မပြုဘဲ လျှပ်စစ်မီးကို အလွယ်တကူသုံးစွဲခြင်းများကြောင့် လျှပ်စစ်ကြောင့်ဖြစ်ပွားရသည့် ဝိုင်ယာရှော့ခ်များ အဖြစ်များခြင်း ဖြစ်ပါသည်။ ဝိုင်ယာရှော့ခ်ဖြစ်ပွားမှုနည်းပါးစေရန် သတိပြုဖွယ်အချက်များကို ဂရုစိုက်ရန်လိုသည်။ ထမင်းဟင်းချက်ပြုတ်နေစဉ် ရေတင်ခြင်း၊ ရေတင်နေစဉ် လေအေးပေးစက်ဖွင့်ခြင်းမျိုးမှ ရှောင်ကြဉ်ရပါမည်။ ဝိုင်ယာရှော့ခ်ဖြစ်ပွားလျှင် အလိုအလျောက် လျှပ်စစ်ဖြတ်တောက်မည့် Breakerများ ကို လျှပ်စစ် ကျွမ်းကျင်သူများနှင့် ခေါ်ယူတပ်ဆင် ထားရှိသင့်ပေသည်။ မီးပလတ်ခုံ အပူလွန်ခြင်း၊ ဒယ်အိုးနီ ပလတ်မဖြုတ်မိသဖြင့် မီးလောင်ခြင်းများ ကြောင့် အိုးပိုင်အိမ်ပိုင်ဘဝများ ဆုံးရှုံးကြရသည်။ နွေရောက်သည်နှင့် လျှပ်စစ်မီးပြဿနာ၊ မီးဘေးအန္တရာယ်တို့မှာ အတူယှဉ်တွဲလာသည်။ အပူဒဏ် သက်သာစေရန် လေအေးပေးစက်၊ ပန်ကာနှင့် လေအေးပေးစက်များ မသုံးမဖြစ် သုံးစွဲကြရသော်လည်း သတိထားသုံးစွဲရန် လိုအပ်ပါသည်။ လျှပ်စစ်မီးပျက်ချိန်တွင်လည်း ပန်ကာနှင့် လေအေးပေးစက် မီးခလုတ်များကို စနစ်တကျပိတ်ထားသင့်ပါသည်။

### မီးဘေးအန္တရာယ် ကာကွယ်ရေး

ရာသီမရွေး မီးလောင်မှုသတင်းများကို သတင်းစာမျက်နှာများထက်တွင် မကြာခဏ တွေ့ရလေ့ရှိသည်။ အမြန်လမ်းမကြီးပေါ်တွင်လည်း အင်ဂျင်အပူလွန်ကဲသောကားများ မီးလောင်မှုဖြစ်ပွားသည့်သတင်းများ စိတ်မချမ်းမြေ့ဖွယ် မကြာခဏကြားသိရသည်။ ယာဉ်အသုံးမပြုမီ၊ အသုံးပြုဆဲကာလများကို သတိပြုရပါမည်။ မီးလောင်မှုဖြစ်ပွားလျှင် စိတ်ကို တည်ငြိမ်အောင် စုစည်းရပါမည်။ ဆောင်ရန်၊ ရှောင်ရန် အချက်များကို စဉ်းစားလျက် ချက်ချင်းလုပ်ဆောင်ရပါမည်။ မီးလောင်မှုဖြစ်စဉ်တစ်ခု ဖြစ်ပွားသည်နှင့် ကျိတ်မငြိမ်းရန် လိုအပ်ပြီး ပတ်ဝန်းကျင်သို့ အကူအညီတောင်းခံသင့်ပါသည်။ စိတ်လွတ်ကိုယ်လွတ် အမြင့်မှခုန်ချခြင်းကို ရှောင်ရှားရပါမည်။ အခန်းတွင်း မီးခိုးများပိတ်ဖုံးနေပါက မတ်တတ်မရပ်သင့်ဘဲ ကြမ်းပြင်မှ အနီးဆုံးတံခါးမကြီးဆီသို့ တွားသွားရန် လိုအပ်ခြင်း၊ ကိုယ်ခန္ဓာ မီးစွဲလောင်လျှင် ထွက်မပြေးဘဲ ကြမ်းပြင်တွင် လူးလိမ့်၍ မီးငြိမ်းသတ်ခြင်းနှင့် မျက်နှာအား မီးဟပ်ခြင်း၊ မီးခိုးမွှန်ခြင်းမှ ကင်းဝေးစေရန် လက်နှစ်ဖက်ဖြင့် မျက်နှာကို ကာကွယ်ခြင်း ပြုလုပ်ရန် လိုအပ်ကြောင်း မီးဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ ထုတ်ပြန်ချက်များအရ သိရပါသည်။

အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရက **"မြွေနှင့် မီးကို မကြီးငယ်ဟု စောင်မာန်ပြု၍ ဂရုမထင် မဆန့်ကျင်နှင့်"** ဟု ရေးဖွဲ့ထားသည်ကို မှတ်သားရပါသည်။ သို့ဖြစ်ရာ နွေရာသီ ပူပြင်းသော အချိန်ကာလများတွင် မီးဘေးအန္တရာယ်ကို ပိုမိုဂရုစိုက်သင့်သော်လည်း ရာသီတိုင်း အချိန်တိုင်း မီးဘေးကြုံရနိုင်ခြင်းကြောင့် အိမ်တိုင်းတွင် တစ်နိုင်တစ်ပိုင် မီးငြိမ်းသတ်နိုင်သည့် ပစ္စည်းများထားရှိပြီး မီးဘေးအန္တရာယ် ကာကွယ်ရေးအစီအမံများ ပြုလုပ်ထားရှိရန် လိုအပ်သည်။ မီးသတ်ဦးစီးဌာန၏ လိုအပ်သော မီးဘေးကာကွယ်ရေးစီမံချက်များကို အလေးထားလိုက်နာသင့်ပါသည်။ ပြည်သူလူထုနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော မီးဘေးကာကွယ်ရေးစီမံချက်များ အထမြောက်အောင်မြင်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်၏ လူမှုစီးပွားဘဝများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်သဖြင့် လူတိုင်း မီးဘေးသတိ အမြဲရှိသင့်ကြောင်း နှိုးဆော်ရေးသားလိုက်ရပါသည်။ ။

**နွေရာသီ ပူပြင်းသောအချိန်ကာလများတွင် မီးဘေးအန္တရာယ်ကို ပိုမိုဂရုစိုက်သင့်သော်လည်း ရာသီတိုင်း အချိန်တိုင်း မီးဘေးကြုံရနိုင်ခြင်းကြောင့် အိမ်တိုင်းတွင် တစ်နိုင်တစ်ပိုင် မီးငြိမ်းသတ်နိုင်သည့် ပစ္စည်းများထားရှိပြီး မီးဘေးအန္တရာယ်ကာကွယ်ရေး အစီအမံများ ပြုလုပ်ထားရှိရန် လိုအပ်သည်။ မီးသတ်ဦးစီးဌာန၏ လိုအပ်သော မီးဘေးကာကွယ်ရေးစီမံချက်များကို အလေးထား လိုက်နာသင့်။**

# မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အတ္ထရံမြစ်ရေသန့်စင်စက်ရုံ တည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး

**မော်လမြိုင် မတ် ၁၁**

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ ကောင်စီဝင်များနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့မွန်းလွဲ ၂ နာရီက မော်လမြိုင်မြို့ အတ္ထရံမြစ်ရေသန့်စင်စက်ရုံ တည်ဆောက်ရေးစီမံကိန်းကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် ကောင်စီဝင်များသည် အတ္ထရံမြစ်ရေသန့်စင်စက်ရုံ တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် မြစ်ရေသန့်စင်မှုလုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းရှင်းလင်းဆောင်တွင် မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ကိုကိုက အတ္ထရံမြစ်ရေသန့်စင်စက်ရုံ တည်ဆောက်ရေးစီမံကိန်း အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

အတ္ထရံမြစ်ရေသန့်စင်စက်ရုံ တည်ဆောက်ရေး စီမံကိန်းသည် မော်လမြိုင်မြို့ သာယာအေး ရပ်ကွက် လှိုင်ဈေးလမ်း အတ္ထရံ(၂) မြစ်ရေတင်စက်ရုံ ဝင်းအတွင်းတွင် တည်ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့က ၁၅-၉-၂၀၁၉ ရက်နေ့မှ စတင်ကာ စီမံဆောင်ရွက်လျက်ရှိသည်။

ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိစေရေး၊ ခေတ်မီနည်းပညာ အကူအညီဖြင့် ရေပေးဝေရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် သန့်ရှင်းသည့် သောက်သုံးရေကို ဈေးနှုန်းသက်သာ



စွာဖြင့် ၂၄ နာရီ သုံးစွဲနိုင်ရေး ရည်ရွယ်၍ အတ္ထရံမြစ်ရေသန့်စင်စက်ရုံတည်ဆောက်ရေးစီမံကိန်းကို ဆောင်ရွက်ရခြင်းဖြစ်ပြီး အဆိုပါစီမံကိန်းသည် မော်လမြိုင်မြို့ ရပ်ကွက် (၁၄) ရပ်ကွက်ရှိ လူဦးရေ တစ်သိန်းခွဲဝန်းကျင်ခန့်ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကနီမြို့နယ် ဇီးဖြူကုန်းကျေးရွာ၌ တည်ဆောက်လျက်ရှိသည့် School Shelter ၃၅ ရာခိုင်နှုန်းပြီးစီး

**စစ်ကိုင်း မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ဇီးဖြူကုန်းကျေးရွာတွင် ဇန်နဝါရီ ၂၁ ရက်မှ စတင်တည်ဆောက်နေသည့် School Shelter သည် ၃၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"School Shelter အဆောက်အအုံတည်ဆောက်မှုက ၃၅ ရာခိုင်နှုန်းလောက်ပြီးစီးနေပြီ။ ရာနှုန်းပြည့်ကိုတော့ ယခုဘတ်ဂျက်အတွင်း အပြီးဆောက်မှာပါ"ဟု ကနီမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးအောင်က ပြောသည်။

School Shelter အဆောက်အအုံကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေကျပ်သိန်းပေါင်း ၁၄၀၀ ကျော် အသုံးပြုကာ အလျားပေ ၁၄၀၊ အနံပေ ၃၀၊ အမြင့် ၂၀ ပေရှိသည့် အာရ်စီနှစ်ထပ် အဆောက်အအုံဖြစ်ကာ မြင့်ကမ္ဘာစိုးကုမ္ပဏီက တာဝန်ယူ တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

"အခုအဆောက်အအုံဟာ ကျောင်းသားတွေအတွက် စာသင်ဆောင်ရမယ်။ ဆရာ ဆရာမတွေအတွက် နားနေခန်းပါမယ်။ သဘာဝဘေးမဖြစ်ရင် ရပ်ရွာအနေနဲ့တော့ စာသင်အဆောင်ကောင်းကောင်းရမယ်။ သဘာဝဘေးဖြစ်ရင် ကျော်ရွာအုပ်စုတင်မဟုတ်ဘူး၊ အနီးနားက နီးစပ်ရာက အုပ်စုတွေ လာခိုလှုံလို့ရမယ်"ဟု ဒေါ်အေးအေးအောင်က ပြောသည်။

အဆိုပါ School Shelter တည်ဆောက်ပြီးပါက သဘာဝဘေး လေပြင်းမုန်တိုင်းများတိုက်ခိုက်လာပါက နားခိုနိုင်ခြင်း၊ သဘာဝဘေးကြောင့် အိမ်များပြိုပျက်သွားပါက မိသားစုလိုက်နေထိုင်နိုင်ခြင်း ဆောင်ရွက်နိုင်သလို အခြားကိစ္စရပ်များလည်း အသုံးပြုနိုင်ကြောင်း သိရသည်။

**လူလေး**

# ချောင်းဦးမြို့နယ်၌ သီးနှံမျိုးစုံအခြောက်ခံစက်ရုံ တည်ဆောက်

**ချောင်းဦး မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုချက်ဖြင့် ချောင်းဦးမြို့နယ်တွင် သီးနှံမျိုးစုံ အခြောက်ခံစက်ရုံကို တည်ဆောက်လျက်ရှိကြောင်း အောင်နဂါးနီကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအောင်နိုင်ဦးထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးထွက်ရှိလာသည့်သီးနှံများ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရာတွင် ဈေးကောင်းရရှိစေရန်အတွက် သီးနှံမျိုးစုံ အခြောက်ခံစက်ရုံကို တည်ဆောက်နေခြင်းဖြစ်သည်။

"သီးနှံအခြောက်ခံစက်မရှိတုန်းက သီးနှံတွေကြိတ်ခွဲမှုအတိုင်းအတာ နှောင့်နှေးကြန့်ကြာတာတွေရှိတယ်။ သီးနှံအခြောက်ခံမှုအားနည်းတဲ့အတွက် ပြည်ပနိုင်ငံကို တင်ပို့တဲ့အခါမှာ ဈေးကွက်မရတာတွေ ဖြစ်လာတယ်၊ သီးနှံအခြောက်ခံစက်ရုံကို ဒေသတောင်သူတွေရဲ့ စိုက်ပျိုးသီးနှံတွေ ဈေးကွက်ကောင်းရရှိဖို့နဲ့ တောင်သူတွေရဲ့လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ တည်ဆောက်ရတာဖြစ်ပါတယ်"ဟု ဦးအောင်နိုင်ဦးကပြောသည်။

သီးနှံမျိုးစုံအခြောက်ခံစက်ရုံကို စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏အတည်ပြုမိန့်ဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ စတင်တည်ဆောက်ခဲ့ရာ လက်ရှိအချိန်တွင် ၆၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် သီးနှံမျိုးစုံအခြောက်ခံစက်ကို စမ်းသပ်လည်ပတ်ရာ တစ်ရက်လျှင် သီးနှံမျိုးစုံတင်း ၂၀၀၀ ခန့်ကို အခြောက်ခံပေးနိုင်ပြီး စက်ရုံရာနှုန်းပြည့်ပြီးစီးပါက ပြည်ပနိုင်ငံများသို့ အရည်အသွေးကောင်းမွန်သည့်သီးနှံများ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည့်အပြင် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် အလုပ်သမား ၃၀ ခန့် ခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သီးနှံအခြောက်ခံစက်ရုံကို ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာအုပ်စု ကွင်းအမှတ်(၂၀၃၈) ကျွဲကျရိုးကွင်း၊ ဦးပိုင်အမှတ် (၄/ခ၊ ၅/င၊ ၁၁)၌ အောင်နဂါးနီကုမ္ပဏီလီမိတက်ကို ရင်းနှီးမြှုပ်နှံခွင့်ပြုခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံးမှ သိရသည်။ **လူလေး**





# ကျိုက်မရောမြို့နယ် အားကစားကွင်း၌ ဖူဆယ်အားကစားကွင်း တည်ဆောက်

**ကျိုက်မရော မတ် ၁၁**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ဘောလုံးအားကစားဝါသနာရှင်များနှင့် ဖူဆယ်ဘောလုံးကစားနည်းကို ကြိုက်နှစ်သက်သည့် ဘောလုံးဝါသနာရှင် မျိုးဆက်သစ်ဘောလုံးသမားများအတွက် မြို့နယ်ပြည်သူ့အားကစားကွင်းအတွင်း၌ အားကစားနှင့်ကာယပညာဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဖူဆယ်အားကစားကွင်းကို စတင်အကောင်အထည်ဖော် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဖူဆယ်အားကစားကွင်းမှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ခွင့်ပြုငွေ ၄၉ ဒသမ ၅ သန်းဖြစ်ပြီး အလျား ၁၃၅ ပေ၊အနံ ၇၅ ပေရှိကာ တင်ဒါအောင်မြင်ခဲ့သော Golden hill 2019 ကုမ္ပဏီက တာဝန်ယူတည်ဆောက်ပေးလျက်ရှိကြောင်း မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

**ချိုချို(ပြန်/ ဆက်)**

# တွံတေးရွှေဆံတော်စေတီတော် လာရောက်ဖူးမြော်ရန် ဖိတ်ခေါ်...

## မင်းရဲမာန်

### ထူးခြားမှုများနှင့် ပြည့်စုံ

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တွံတေးမြို့နယ်တွင် တည်ထားကိုးကွယ်လျက်ရှိသည့် တွံတေး ရွှေဆံတော်စေတီတော်မြတ်ကြီးသည်ကား လာရောက်ဖူးမြော်ကြသည့် မိတ်ဆွေများအတွက် ကြည်ညိုလေ့လာစရာ၊ မှတ်သားစရာ သမိုင်းဆိုင်ရာ ဗဟုသုတများစွာနှင့် ထူးခြားမှုများဖြင့် ပြည့်စုံပြီး ဆုတောင်းပြည့်ဝသည့် စေတီတော်ကြီးတစ်ဆူလည်း ဖြစ်သည်။

တွံတေးမြို့တွင် တည်ထားကိုးကွယ်လျက်ရှိသည့် ရွှေဆံတော်စေတီတော်မြတ်ကြီးသည် "မေရုဒ" ကုန်းတော်ပေါ်တွင်တည်ရှိပြီး လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀ ကျော်ခန့်က တည်ထားခဲ့သည့် ရှေးဟောင်းသမိုင်းဝင်စေတီဖြစ်သည်။ မေရုဒကုန်းတော်သည် မြတ်စွာဘုရားရှင် သမင်မင်းဘဝ၊ ဆင်မင်းဘဝဖြစ်ခဲ့စဉ်က အဆိုပါကုန်းတော်ပေါ်တွင် ကျင်လည်ကျက်စားခဲ့ရာဖြစ်ခဲ့ပြီး ထိုနှစ်ဘဝ သေဆုံးရာ ကုန်းတော်လည်းဖြစ်ခဲ့ကြောင်း သမိုင်းဆိုင်ရာမှတ်တမ်းများ လေ့လာမှုအရ သိရသည်။

### ဆံတော်ခြောက်ဆူ ဌာပနာထား

တွံတေးရွှေဆံတော်စေတီတော်မြတ်ကြီးအား တည်ထားရာတွင် မြတ်စွာဘုရားရှင်၏ ဆံတော်ခြောက်ဆူကို ဌာပနာထားကာ တည်ထားခဲ့သည်။ ဆံတော်ခြောက်ဆူဖြင့် ဌာပနာထား တည်ထားခဲ့သော်လည်း အခြားသော တန်ခိုးကြီးစေတီပုထိုးများကဲ့သို့ ဆံတော်များအား တစ်ကြိမ်တည်း တစ်ခါတည်း ဌာပနာထား တည်ခဲ့ခြင်းမဟုတ်ပေ။ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ် ပေးသနားတော်မူခဲ့သည့် ဆံတော်နှစ်ဆူ၊ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသည့်နောက် ရရှိသည့် ဆံတော်လေးဆူတို့ဖြင့် ဌာပနာ၍ တည်ထားခဲ့ခြင်းကလည်း ထူးခြားဖွယ်ဖြစ်သည်။

### ဆံတော်ရှင်စေတီတော်၏မူလအစတိုက်စေတီတော်

သဗ္ဗညုဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်အဖြစ် ပွင့်တော်မူသည်။အသိတဥ္စန နဂိုရ်ပြည် ရှေးဟောင်း ဒလတွံတေးစီရင်စုနယ် ပေါက္ခရဝတီမြို့သား တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် မဇ္ဈိမဒေသသို့ ကုန်ရောင်းသွားစဉ် ဘုရားရှင်ပွင့်တော်မူကြောင်း ကြားသိရသဖြင့် ဘုရားရှင်ပွင့်တော်မူရာ လင်းလွန်းပင်ရင်းသို့ သွားရောက်ဖူးမြော်ခဲ့ကြသည်။

ဘုရားရှင်ထံမှ နောင်အရှည် ကိုးကွယ်ရန် ပူဇော်ဝတ္ထုတောင်းခံရာ ဘုရားရှင်က ဆံတော်ရှစ်ဆူကို ပေးသနားတော်မူသည်။ ထိုဆံတော်များကို ဥက္ကလာပသို့ ပင့်ဆောင်လာရာ တွံတေးမြို့၏ အရှေ့ဘက်ခြောက်မိုင်အကွာ ပေါက္ခရဝတီ ကပင်းဆိပ်ကမ်း (ယခုကပင်းရွာ) သို့ ရောက်ရှိကြ၍ ပေါက္ခရဝတီမြို့သားများ ဆံတော်များကို ဖူးမြော်ကြည်ညိုနိုင်ရန် ပဲခူးရိုးမတောင်ဘက်ကုန်းစွန်း မေရုဒကုန်းမြင့်ပေါ်တွင် တိုက်စေတီတစ်ဆူ တည်ဆောက်ကာ ခုနစ်ရက်တိုင်တိုင် ဆံတော်များကို ကြိုဆိုပူဇော်ကြသည်။ ထိုတိုက်စေတီသည် ဘုရားရှင်အား ရည်မှန်း၍ တည်ထားသော ဥဒ္ဒိဿစေတီဖြစ်ပြီး ရွှေဆံတော်စေတီတော်မြတ်ကြီး၏ မူလအစ တိုက်စေတီဟု ဆိုနိုင်ပေသည်။

### ဆံတော်နှစ်ဆူပေးသနားတော်မူခြင်း

ခပင်းသီဟိုဠ်ငယ်ရွာသား (ယခုကပင်းရွာ) တိက္ခပညာနှင့်သာဂရပညာ ကုန်သည်ညီနောင်နှင့် သုမနထေရ်တို့သည် ငါးရာသောသင်္ဘောသားတို့နှင့် ကုန်ရောင်းကုန်ဝယ်သွားစဉ် မြတ်စွာဘုရားရှင်သည် ဇင်းကျိုက်တောင်နှင့်မနီးမဝေး သုဝဏ္ဏဘုမ္မိပြည်တွင် သီတင်းသုံးနေတော်မူကြောင်း ကြားသိရ၍ ဘုရားရှင်ထံ သွားရောက်ဖူးမြော်ကြသည်။

မြတ်စွာဘုရားရှင်သည် သုဝဏ္ဏဘုမ္မိဘုရင်မင်းမြတ် မှူးမတ်သေနာပတိတို့နှင့် တိုင်းသူပြည်သားများ ဆောက်လုပ်လှူဒါန်းသည့် မဟာမင်္ဂလာ စံကျောင်းတော်မဏ္ဍပ်ကြီးတွင် တင့်တယ်စွာဖြင့် ဘုရားရှင်တို့၏ အသရေတော်နှင့် ခုနစ်ရက်ပတ်လုံး သီတင်းသုံးနေတော်မူသည်။ ဘုရားရှင်သည် ကုန်သည်ညီနောင်တို့ ကပ်လှူသည်တို့အား ဘုဉ်းပေးတော်မူပြီး "ငါဘုရားရှင်သည် ရှေးအခါ ဆဒ္ဒန်ဆင်မင်းဖြစ်စဉ်နှင့် ရွှေသမင်မင်းဖြစ်စဉ်ကာလ သင်တို့ဒေသ မေရုဒကုန်းတွင် ကျင်လည်ခဲ့ပြီး နှစ်ဘဝနှစ်ကြိမ် ခန္ဓာဝန်ချရာဒေသ ဖြစ်ခဲ့သည်။ ငါဘုရား သက်တော်ထင်ရှားရှိစဉ် ဆံတော်နှစ်ဆူ ဆောင်ယူ၍ဌာပနာပါက လူအများ ကိုးကွယ်ကြလိမ့်မည်ဖြစ်ပြီး ငါဘုရားပရိနိဗ္ဗာန်ပြုပြီးသည့်နောက် အဆိုပါမေရုဒကုန်းတွင် ငါဘုရား၏ဆံတော်လေးဆူ ဆောင်ယူပြီးဌာပနာသွင်း၍ လူအများကိုးကွယ်ကြလိမ့်မည်" ဟု ဗျာဒိတ်စကား ထားတော်မူသည်။ ထို့နောက် ဘုရားရှင်သည် လက်ယာလက်ဖြင့် ဆဒ္ဒန်ဆင်မင်း၏ ဦးခေါင်းကို သုံးသပ်တော်မူပြီး နှစ်ဆူသောဆံတော်အား မဟာသက္ကရာဇ် ၁၁၁ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက် အင်္ဂါနေ့တွင် သုမနထေရ်၊ တိက္ခပညာနှင့် သာဂရပညာတို့အား ပေးသနားတော်မူသည်။

### ပင့်ဆောင်ပူဇော်

သုမနထေရ်နှင့် ကုန်သည်ညီနောင်တို့သည် ဘုရားရှင်၏ဆံတော်နှစ်ဆူအား ပြန်လည်ပင့်ဆောင်ခဲ့ရာ နေ့ရက်မကြာမီတွင် သီဟိုဠ်ငယ်ခပင်းဆိပ်ကမ်းသို့ ဆိုက်ရောက်လေသည်။ သီဟိုဠ်ငယ်ခပင်း၏ အနောက် ခြောက်မိုင်အကွာအရပ်တွင် ကွမ်ဒေး (ကွာမ်ဒိုင်)ဟူသော ရွာရှိလေသည်။ကွမ်ဟူသည်ကား ရွာဟုအဓိပ္ပာယ်ရကာ ဒေးဟူသည်ကား တောင်ကုန်းဟု အဓိပ္ပာယ်ရ၍ တောင်ကုန်းရွာဟု ဆိုလိုကြောင်း သမိုင်းမှတ်တမ်းအရ သိရပြီး ကွမ်ဒေးမှ တွံတေးဟု ခေါ်ဆိုခဲ့ကြသည်ဟု မှတ်သားရလေသည်။ အဆိုပါ ကွမ်ဒေး(တွံတေး)တွင် သမိန်ထောဗညာရမ်းမင်း ထီးနန်းစိုးစံအုပ်ချုပ်လျက်ရှိပြီး မင်းမိဖုရားမှာ တောင်ညာစံမိန္ဒာဒေဝီ အဂ္ဂမဟေသီဖြစ်သည်။

### ဆံတော်ကြိုစေတီတော် တည်ထား

သီဟိုဠ်ငယ်ခပင်း ဆိပ်ကမ်းသို့ ဆိုက်ရောက်လာသည့် ဘုရားရှင်၏ ဆံတော်နှစ်ဆူအား မင်းနှင့်တကွ ပြည်သူအပေါင်းတို့သည် ကောင်းမြတ်သော နေရာတွင် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်အား ဆောက်လုပ်ကာ အထူးထူးဖြင့် ပူဇော်ကြသည်။

ဤကဲ့သို့ ဘုရားရှင်၏ဆံတော် ခေတ္တသီတင်းသုံး၍ တိုင်းသူပြည်သားများက ကြိုဆိုပူဇော်ခဲ့သည့် နေရာ (ကပင်းကျေးရွာ) တွင် စေတီတော်တစ်ဆူ တည်ထားခဲ့ပြီး ဆံတော်ကြိုစေတီတော်ဟု သမိုင်းတွင်ခဲ့လေသည်။

### မေရုဒကုန်းသို့ ပင့်ဆောင်

သမိန်ထောဗညာရမ်းမင်းနှင့် မိဖုရား၊ သုမနထေရ်နှင့် ကုန်သည်ညီနောင်အပါအဝင် အခြံအရံတို့သည် ဘုရားရှင်၏ ဗျာဒိတ်တော်အရ မေရုဒကုန်းအား ရှာဖွေခဲ့ကြသည်။ ထို့နောက် မေရုဒကုန်းတော်ဟု ယူဆရသည့်နေရာတွင် "ဤကုန်းသည် ဆံတော်ရှင်ကိန်းဝပ်မည့် မေရုဒကုန်းမှန်ပါက နိမိတ်ပြပါရန် တစ်ပြိုင်တည်း လက်အုပ်ချီသစ္စာပြုသည်နှင့် ကုန်းတော်ကြီးသည် အိုးထိန်းစက်ကဲ့သို့သွက်သွက်လည်ကာ တော်လဲသံပြုလျက် ပြလေသည်။

### ရောင်ခြည်တော်ခြောက်စိုင်လွှတ်

မေရုဒကုန်း၏ အရှေ့မြောက်ထောင့်နှင့် ငါးလံအကွာတွင် ရှိသည့် ရေတွင်းမှရေဖြင့် ဆံတော်အား ရေသပ္ပာယ်တော်ပြုပြီး အမွှေးနံ့သာပေါင်းစုံ ထုံမွှမ်းရာ ခြောက်သွယ်သော ရောင်ခြည်တော်တို့ကွန့်မြူးလေသည်။

### စေတီတော်တည်ထား

ဘုရားရှင်၏ ဆံတော်နှစ်ဆူအား ဌာပနာ၍ စေတီတော်အား မင်းနှင့်ပြည်သူအပေါင်းတို့က တည်ထားကြရာ မဟာသက္ကရာဇ် ၁၂၃ ခုနှစ် တန်ခူးလပြည့် စနေနေ့တွင် စေတီတော်ထီးတော်တင်လှူပွဲပြီးမြောက်အောင်မြင်ခြင်းသို့ ရောက်ရှိခဲ့သည်။

### ဆံတော်လေးဆူအား ထပ်မံဌာပနာတော်မူ

သမိန်ထောဗညာရမ်းမင်းနောက် ထီးနန်းဆက်ခံသည့်ညီတော် သမိန်ထောဗညာကောဋ္ဌေးမင်းသည် သီဟိုဠ်ငယ်ခပင်း၏ တောကြီးအတွင်း သီတင်းသုံးလျက်ရှိသည့် တြိယင်္ဂရသေ့အား မေရုဒကုန်းတော်တွင် ဒုတိယအကြိမ်ဆံတော်မြတ်အား ဌာပနာထည့်သွင်းလျှင် လူအများကိုးကွယ်ကြလိမ့်မည်ဟူသော ဘုရားရှင်၏ ဗျာဒိတ်တော်အရ ဌာပနာရန် သုဝဏ္ဏဘုမ္မိ ခေါ် သထုံပြည်သီရိဓမ္မာမင်းထံမှ ဆံတော်များအား ပင့်ဆောင်ပေးရန် တောင်းပန်လျှောက်ထားလေသည်။

တြိယင်္ဂရသေ့၏ လျှောက်ထားမှုအရ ရရှိသည့် ဆံတော်လေးဆူအား ပထမဆံတော်ရှင်နှစ်ဆူ ရေသပ္ပာယ်ခဲ့သည့် ရေတွင်းမှရေဖြင့် ရေသပ္ပာယ်ကာ သမိန်ထောဗညာကောဋ္ဌေးမင်း၊ တြိယင်္ဂရသေ့နှင့် မှူးမတ်တို့သည် သက္ကရာဇ် ၂၃၈ ခုနှစ် တပို့တွဲလဆန်း ၃ ရက် သောကြာနေ့တွင် ဆံတော်မြတ်လေးဆူအား ဌာပနာကြလေသည်။

ဆံတော်မြတ်များအား ရေသပ္ပာယ်ခဲ့သည့် ရေတွင်း(ဆံတော်ဆေးရေတွင်း)ကိုလည်း သမိုင်းအထောက်အထားအရ ခိုင်မာစွာဖြင့် ယနေ့တိုင် တွေ့မြင်ရသည်။

တွံတေးရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဉာဏ်တော်အမြင့်သည် ရင်ပြင်တော်မှစိန်ဖူးတော်ထိ ပေ၂၅၀၊ ကုန်းတော်အမြင့်သည် ပင်လယ်ရေပြင်အထက် ၈၆ ဒသမ ၃၅၆ ပေ၊ဝတ္ထုကံမြေအကျယ်အဝန်းအားဖြင့် ၃၁ ဒသမ ၁၄ ဧက၊ စေတီတော်ပတ်လည် ၁ ဒသမ ၈၆ ဧက၊ ရင်ပြင်တော် ၄ ဒသမ ၄၇ ဧကရှိကြောင်း စေတီတော်ကြီး၏ သမိုင်းမှတ်တမ်းများအရ သိရသည်။

### ဖူးမြော်ကြည်ညိုခွင့်ပြုထား

စေတီတော်ကြီးအား ကမ္ဘာ့ကူးစက်မြန်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားနေသည့်ကာလတွင် ဘုရားဖူးလာပြည်သူများ၏ ကျန်းမာရေးအရ ဖူးမြော်ခွင့်ကို ခေတ္တယာယီ ပိတ်ထားခဲ့သော်လည်း ယခုအခါ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖူးမြော်ခွင့် ပြုလိုက်ပြီလည်း ဖြစ်သည်။ စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်တွင် အခြားသော ဖူးမြော်ကြည်ညိုဖွယ် ဗုဒ္ဓရုပ်ပွားတော်များ၊ ကြွက်အောင်မြေကဲ့သို့နေရာများ၊ အောင်မြေနင်းနေရာများ၊ စိတ်ဝင်စားဖွယ်သမိုင်းဆိုင်ရာများ ရှိသည့်အတွက် ဘုရားဖူးပြည်သူများအနေဖြင့် လာရောက်ဖူးမြော်နိုင်ပါရန် ဖိတ်ခေါ်လိုက်ရပါသည်။ ။

ကျမ်းကိုး-

လယ်တီ-ဦးပဉ္ဉောဘာသ မဟာထေရ် ရေးသားသည့် ရွှေဆံတော်စေတီကြီး သမိုင်းအဖွင့်ချုပ်



ဆံတော်မြတ်ခြောက်ဆူ ကိန်းဝပ်တော်မူသည့် တွံတေးရွှေဆံတော်စေတီတော်။

> **တွံတေးရွှေဆံတော်စေတီတော်မြတ်ကြီးအား တည်ထားရာတွင် မြတ်စွာဘုရားရှင်၏ ဆံတော်ခြောက်ဆူကို ဌာပနာထားကာ တည်ထားခဲ့သည်။ ဆံတော်ခြောက်ဆူဖြင့် ဌာပနာထားတည်ထားခဲ့သော်လည်း အခြားသောတန်ခိုးကြီးစေတီပုထိုးများကဲ့သို့ ဆံတော်များအား တစ်ကြိမ်တည်း တစ်ခါတည်း ဌာပနာထား တည်ခဲ့ခြင်းမဟုတ်ပေ။ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ် ပေးသနားတော်မူခဲ့သည့် ဆံတော်နှစ်ဆူ၊ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသည့်နောက် ရရှိသည့်ဆံတော်လေးဆူတို့ဖြင့် ဌာပနာ၍ တည်ထားခဲ့ခြင်းကလည်း ထူးခြားဖွယ်ဖြစ်။**

❂ ပြိုင်ဘက်အသင်းမှ

ပီအက်စ်ဂျီအသင်းနဲ့ ဘာစီလိုနာအသင်းတို့ရဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းက တိုက်စစ်မှူး အမ်ဘတ်ပီရဲ့ ပွဲကစားချိန် မိနစ် ၃၀ မှာ သွင်းယူခဲ့တဲ့ ပင်နယ်တီ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ဘာစီလိုနာ အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ တိုက်စစ်မှူး မက်ဆီက ပွဲကစားချိန် ၃၇ မိနစ်မှာ သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။



အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းဟာ ပထမပိုင်း ပွဲပြီးကာနီးမှာ ပင်နယ်တီပြစ်ဒဏ်ဘောရရှိခဲ့ပေမယ့် တိုက်စစ်မှူးမက်ဆီက အဲဒီပင်နယ်တီကို ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့တာကြောင့် ဂိုးရရှိမယ့်အခွင့်အရေး တစ်ရပ်ဆုံးရှုံးခဲ့ရတာ ဖြစ်ပါတယ်။ တိုက်စစ်မှူး မက်ဆီဟာ အခုလိုပင်နယ်တီကနေ ဂိုးရရှိအောင် မစွမ်းဆောင်နိုင်ခဲ့တာဟာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ နောက်ပိုင်း ပထမဆုံးအကြိမ် ပင်နယ်တီကနေ ဂိုးမရရှိခဲ့တာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းအတွက် အခုပွဲစဉ်မှာ တစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး အမ်ဘတ်ပီက တော့ ဘာစီလိုနာအသင်းနဲ့ ချန်ပီယံလိဂ်နှစ်ကျော့ တွေ့ဆုံရာမှာ သွင်းဂိုး လေးဂိုး သွင်းယူနိုင်ခဲ့တာဖြစ်ပြီး ပထမအကျော့ပွဲစဉ်မှာ ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ တိုက်စစ်မှူး အမ်ဘတ်ပီဟာ ချန်ပီယံလိဂ်သွင်းဂိုးစုစုပေါင်း ၂၅ ဂိုးအထိ သွင်းယူထားနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ပီအက်စ်ဂျီအသင်းကို ရှုံးနိမ့်ကာ ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်ခဲ့ရခြင်းဟာ ၂၀၀၆-၂၀၀၇ ဘောလုံးရာသီနောက်ပိုင်း ပထမဆုံး အကြိမ်အဖြစ် ၁၆ သင်းအဆင့်ကနေ ထွက်ခဲ့ရတာ ဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းဟာ ပြီးခဲ့တဲ့ဘောလုံး ရာသီက ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့တာဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီမှာ ချန်ပီယံလိဂ် ချန်ပီယံဖြစ်လာဖို့အထိ နည်းပြ ပိုချက်တီနိုက သန္နိဋ္ဌာန် ချထားတာလည်း ဖြစ်ပါ တယ်။


လီဗာပူးအသင်းနဲ့လိုက်ဇစ်အသင်းတို့ ယှဉ်ပြိုင် ကစားခဲ့တဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယ အကျော့ပွဲစဉ်မှာတော့ လိုက်ဇစ်အသင်းကို နှစ်ဂိုး ပြတ်အနိုင်ရရှိခဲ့ပြီး ပထမအကျော့ပွဲစဉ်မှာလည်း နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့တာကြောင့် လီဗာပူးအသင်းက နှစ်ကျော့ပေါင်းရလဒ် လေးဂိုးပြတ်နဲ့ အနိုင်ရရှိကာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်း ခွင့်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ လီဗာပူးအသင်းဟာ လိုက်ဇစ် အသင်းကို ဒုတိယပိုင်းသွင်းဂိုးနှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပြီး ပွဲကစားချိန်မိနစ် ၇၀ မှာ တိုက်စစ်မှူး မိုဟာမက်ဆာလာကတစ်ဂိုးနဲ့ ပွဲကစားချိန် ၇၄ မိနစ် မှာ တိုက်စစ်မှူး မာနေးက တစ်ဂိုး အသီးသီးသွင်းယူ ပေးခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်း ယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ ယခုနှစ်ဘောလုံးရာမှာ ပြိုင်ပွဲအရပ်ရပ် သွင်းဂိုး စုစုပေါင်း ၂၅ ဂိုးအထိ ရှိလာခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ၂၀၀၂ ခုနှစ်နောက်ပိုင်း ဥရောပပြိုင်ပွဲအားလုံးမှာ ဂျာမန်ဘွန်ဒက်လီဂါကလပ် အသင်းတွေနဲ့ တွေ့ဆုံခဲ့တဲ့ နောက်ဆုံး ၁၂ ကြိမ်မှာ ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့တာဖြစ်ပြီး ကိုးပွဲနိုင်၊ သုံးပွဲ သရေ ရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

# မန်ယူတိုက်စစ်မှူး ကာဗာနီက အနာဂတ်အရေးဆုံးဖြတ်ချက်ချဖို့ ယခုနှစ်ဘောလုံးရာသီကုန်အထိ စောင့်ဆိုင်းသွားမည်ဟုဆို



ပရီမီယာလိဂ်ကလပ် မန်ယူအသင်းရဲ့ ဥရုဂွေးတိုက်စစ်မှူး ကာဗာနီဟာ သူ့ရဲ့ အနာဂတ်အရေးနဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်ချဖို့အတွက် ယခုနှစ်ဘောလုံး ရာသီကုန်အထိ စောင့်ဆိုင်းသွားမှာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

လက်ရှိမှာ တိုက်စစ်မှူး ကာဗာနီဟာ အာဂျင်တီးနားကလပ် ဘိုကာဂျူနီယာအသင်းဆီ ပြောင်းရွှေ့ကစားဖို့ ဆန္ဒရှိနေတာဖြစ်တယ်လို့ ကာဗာနီရဲ့ဖခင်ဖြစ်သူ လူးဝစ်ကာဗာနီက ပြောကြားထားတာဖြစ်ပါ တယ်။ တိုက်စစ်မှူး ကာဗာနီကတော့ သူ့ရဲ့အနာဂတ်နဲ့ ပတ်သက်ပြီး မဆုံးဖြတ်သေးဘဲ ယခုနှစ်ဘောလုံးရာသီကုန်မှသာ အနာဂတ်နဲ့ ပတ်သက်ပြီး ဆုံးဖြတ်သွားမှာဖြစ်တယ်လို့ မန်ယူအသင်းနဲ့ အေစီမီလန် အသင်းတို့ ယှဉ်ပြိုင်ကစားမယ့် ယူရိုပါလိဂ် ၁၆ သင်းအဆင့်ပထမအကျော့ ပွဲစဉ်မတိုင်မီပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲတစ်ရပ်မှာ ပြောကြားခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ကာဗာနီဟာ ပြီးခဲ့တဲ့နှစ် အောက်တိုဘာလအတွင်းက မန်ယူအသင်းနဲ့ တစ်နှစ်စာချုပ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့တာဖြစ်ပြီး အဲဒီ ချုပ်ဆိုခဲ့တဲ့ စာချုပ်အရ မန်ယူအသင်းက တိုက်စစ်မှူး ကာဗာနီကို နောက်ထပ်တစ်နှစ်သက်တမ်းထပ်တိုးချုပ်ဆိုခွင့်ရရှိနေတာ ဖြစ်ပါတယ်။

မန်ယူအသင်းကလည်း တိုက်စစ်မှူး ကာဗာနီကို မန်ယူအသင်းမှာ ဆက်လက်ထားရှိရေးနဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်မချမီ ဒဏ်ရာရရှိထားရာကနေ ပြန်လည်ကောင်းမွန်လာတဲ့အချိန်အထိ စောင့်ဆိုင်းသွားမှာ ဖြစ်တယ်လို့ ဆိုပါတယ်။

ESPN သတင်းဌာနရဲ့ ဖော်ပြချက်မှာတော့ ဥရုဂွေးတိုက်စစ်မှူး ကာဗာနီဟာ ၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလား ပြိုင်ပွဲ မတိုင်မီကာလအတွင်းမှာ ဥရောပထိပ်တန်းကလပ်အသင်းတွေမှာသာ ဆက်လက်ကစားခွင့်ရရှိဖို့ စီစဉ်နေတာဖြစ်တယ်လို့ ဆိုပါ တယ်။

တိုက်စစ်မှူး ကာဗာနီဟာ မန်ယူအသင်းက မန်စီးတီးအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တဲ့ မန်ချက်စတာ ဒါဘီပွဲစဉ်မတိုင်ခင်ကတည်းက ဒဏ်ရာပြဿနာကြုံတွေ့နေရတာကြောင့် တနင်္ဂနွေနေ့ညမှာ ဝက်စ်ဟမ်းအသင်းနဲ့ ယှဉ်ပြိုင်ကစားမယ့် ပရီမီယာ လိဂ်ပွဲစဉ်မှာလည်း လွဲချော်ရဖို့ရှိနေတာ ဖြစ်ပါတယ်။



# ရီးယဲလ်မက်ဒရစ် နောက်တန်းကစားသမား ရာဖေးလ်ဗာရာနီ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် နီးစပ်နေ

ရီးယဲလ်မက်ဒရစ်အသင်းရဲ့ နောက်တန်းကစားသမား ရာဖေးလ်ဗာရာနီဟာ ပရီမီယာ လိဂ်ကလပ် မန်ယူအသင်းဆီ ပြောင်းရွှေ့ကစားဖို့ နီးစပ်နေပြီလို့ သိရပါတယ်။

မန်ယူအသင်းဟာ အသင်းရဲ့ ခံစစ်ပိုင်းမှာ နောက်ခံလူ ဟယ်ရီမာကွိုင်းယားနဲ့အတူ တွဲဖက်ကစားနိုင်မယ့် ကစားသမားတစ်ဦးကို နွေရာသီအပြောင်းအရွှေ့ကာလအတွင်း မှာ ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပြီး ရာဖေးလ်ဗာရာနီကို ဦးစားပေးအနေနဲ့ ခေါ်ယူဖို့စီစဉ်နေတာ ဖြစ်ပါတယ်။

နောက်တန်းကစားသမား ရာဖေးလ်ဗာရာနီဟာ သူ့ရဲ့ကစားသမားဘဝကို စပိန်လာလီဂါမှာ ဆယ်စုနှစ်တစ်စုကြာ ဖြတ်သန်းခဲ့ပြီးဖြစ်တာမို့ တခြားကလပ်အသင်း တွေဆီ ပြောင်းရွှေ့ကစားဖို့ ဆန္ဒရှိနေတာ ဖြစ်ပါတယ်။

အသက် ၂၇ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ရာဖေးလ်ဗာရာနီဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၂ ခုနှစ် အတွင်းမှာ ကုန်ဆုံးမှာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းကတော့ ရာဖေးလ်ဗာရာနီကို စာချုပ်သက်တမ်းကုန်ဆုံးချိန်မှာလည်း စာချုပ်သစ်ချုပ်ဆိုဖို့မရှိဘူးလို့ သိရပါတယ်။

ငွေကြယ်- ရေးသားသည်

# တိုက်စစ်မှူး တီမိုဝါနာ နွေရာသီဈေးကွက်အတွင်း ချယ်လ်ဆီးအသင်းမှ ထွက်ခွာဖွယ်ရှိနေ

ချယ်လ်ဆီးအသင်း တိုက်စစ်မှူး တီမိုဝါနာဟာ ပရီမီယာလိဂ်ပြိုင်ပွဲတွေမှာ ပုံမှန်ခြေစွမ်းကောင်း မပြသနိုင်ခဲ့တာကြောင့် ယခုနှစ်နွေရာသီဈေးကွက် အတွင်းမှာ စတမ်းဖို့ဒ်ဘရစ်ချ်ကနေ ထွက်ခွာဖို့ရှိနေတယ်လို့ သိရပါ တယ်။

အသက် ၂၅ နှစ်အရွယ်ရှိ တိုက်စစ်မှူး တီမိုဝါနာဟာ ပြီးခဲ့တဲ့နွေ ရာသီအပြောင်းအရွှေ့ကာလအတွင်းက ပြောင်းရွှေ့ကြေးပေါင် ၄၅ သန်းနဲ့ ဂျာမန်ဘွန်ဒက်လီဂါကလပ် လိုက်ဇစ်အသင်းကနေ ချယ်လ်ဆီး အသင်းဆီကို ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့ လာခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာ ချယ်လ်ဆီးအသင်းက ဂျာမနီကြယ်ပွင့် အန်တိုနီယို ရူဒီဂျာကို စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုဖို့ ဆွေးနွေးလျက်ရှိတယ်လို့ သိရပါတယ်။ အန်တိုနီယိုရူဒီဂျာရဲ့ လက်ရှိချယ်လ်ဆီးအသင်းနဲ့ ချုပ်ဆို ထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၂ ခုနှစ် နွေရာသီအပြောင်းအရွှေ့ အတွင်းမှာ ကုန်ဆုံးမှာဖြစ်ပြီး နည်းပြ ဖရန့်လမ်းပတ်လက်ထက်မှာ ပုံမှန်ပွဲထွက်ကစားခွင့်ရရှိဖို့ ရုန်းကန်ခဲ့ရပေမယ့် နည်းပြ တူချယ် လက်ထက်မှာ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တာမို့ စာချုပ်သစ် ချုပ်ဆိုဖို့ ချယ်လ်ဆီးအသင်းက စီစဉ်နေတာ ဖြစ်ပါတယ်။

နည်းပြ တူချယ်အနေနဲ့ ကစားသမားတချို့ကို စာချုပ်သစ်ချုပ်ဆိုဖို့ စီစဉ်နေချိန်မှာ ကစားသမားတချို့ကို ရောင်းချဖို့ စီစဉ်နေစဉ်မှာ တိုက်စစ်မှူး တီမိုဝါနာကတော့ ယခုနှစ် နွေရာသီအပြောင်းအရွှေ့ ကာလအတွင်းမှာ ချယ်လ်ဆီးအသင်းကနေ ထွက်ခွာဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။



# မွေးနေ့မှာ မွန်မြတ်တဲ့အလှူပြုလုပ်ခဲ့တဲ့ ရှူဂါ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ရှူဂါဟာ အမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦး ဖြစ်ပါတယ်။ လတ်တလောမှာ ကျရောက်ခဲ့တဲ့ မွေးနေ့မှာ ပေါ့ပ်ကြယ်ပွင့်က ကင်ဆာရောဂါသည်တွေအတွက် ဝမ်သန်း ၁၀၀ လှူဒါန်းခဲ့တာကြောင့် မြင့်မြတ်တဲ့ လှူဒါန်းမှုဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရှူဂါဟာ မတ် ၉ ရက်မှာ အသက် ၂၈ နှစ်ပြည့်ခဲ့တာပါ။ မတ် ၁၁ ရက်မှာ သူ့ရဲ့ မွေးနေ့အထိမ်းအမှတ်အဖြစ် ဒုံဆမ်းဆေးရုံမှာရှိတဲ့ ကင်ဆာရောဂါသည်တွေကိုကုသမှုတွေပေးဖို့ရာ ဝမ်သန်း ၁၀၀ကို ရှူဂါက လှူဒါန်းခဲ့တာ ဖြစ်ပါတယ်။

သူ့ရဲ့ လှူဒါန်းမှုနဲ့ပတ်သက်ပြီး ရှူဂါက မိသားစုအခြေအနေတွေကြောင့် ဆေးကုသနိုင်ခြင်းမရှိတဲ့ ကလေးတွေအတွက် ရည်ရွယ်လှူဒါန်းခဲ့တာဖြစ်ကြောင်း၊ ကုသမှုတွေ ခံယူကာ ဘဝကို ကျန်းကျန်းမာမာနဲ့ ဆက်လက်ဖြတ်သန်းနိုင်စေဖို့ သူ့အနေနဲ့ ကူညီလိုတာဖြစ်ကြောင်း ဆိုပါတယ်။

ဒုံဆမ်းဆေးရုံဒါရိုက်တာ ချိုဂျီဟွမ်းက ရှူဂါရဲ့ လှူဒါန်းမှုနဲ့ပတ်သက်ပြီး ကောင်းမွန်တဲ့ လှူဒါန်းမှုဖြစ်ကာ ရှူဂါလို စိတ်ဓာတ်မျိုး လူ့အသိုက်အဝန်းမှာ ကြီးစိုးစေလိုကြောင်းနဲ့ မွေးနေ့ရှင်ကိုလည်း အနုပညာရှင်တစ်ဦးအဖြစ် ဆက်လက်လုပ်ဆောင်ကာ ကမ္ဘာတစ်ဝန်းက ပရိသတ်တွေရဲ့ အားပေးချစ်ခင်မှုကိုလည်း ရရှိပါစေကြောင်း ဆုတောင်းစကားလည်း ဆိုခဲ့ပါတယ်။

ဒီလိုလှူဒါန်းတာဟာ ရှူဂါအတွက်တော့ ပထမဆုံးအကြိမ် မဟုတ်ပါဘူး။ သူဟာ ၂၀၁၈ ခုနှစ်မှာ ကျရောက်ခဲ့တဲ့ သူ့ရဲ့ မွေးနေ့အထိမ်းအမှတ်အဖြစ် အိမ်ယာမဲ့တွေကို အမဲသားလှူဒါန်းခဲ့ပါတယ်။ ဒါ့အပြင် ၂၀၁၉ ခုနှစ်မှာ ကျရောက်ခဲ့တဲ့ မွေးနေ့မှာတော့ ဝမ်သန်း ၁၀၀ နဲ့ အရုပ်တွေကို BTS ရဲ့ အမာခံပရိသတ်အဖွဲ့ဖြစ်တဲ့ ARMY ရဲ့ အမည်နဲ့ လှူဒါန်းခဲ့ကြောင်းလည်း သိရပါတယ်။

မကြာမီ ပြုလုပ်သွားမယ့် ၂၀၂၀ ပြည့်နှစ် ဂရမ်မီဆုပေးပွဲမှာ BTS အနေနဲ့ ပါဝင်ဖျော်ဖြေသွားမှာဖြစ်ကြောင်း မကြာသေးမီက အတည်ပြုပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

# ပျမ်းမျှအသက် ၁၃ နှစ်အရွယ်အဖွဲ့ဝင်တွေနဲ့ ပွဲဦးထွက်မယ့် CooKie



တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့ တစ်ဖွဲ့အဖြစ် CooKie ဟာ စတင်ပွဲဦးထွက်ဖို့ရာ ပြင်ဆင်နေပါတယ်။ အဆိုပါတေးဂီတအဖွဲ့မှာ အဖွဲ့ဝင်တွေဟာ အသက်ငယ်လွန်းပြီး သူတို့ရဲ့ ပျမ်းမျှအသက်ဟာ ၁၃ နှစ်ခန့်သာ ရှိကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အိပ်ချ်အာအင်တာတိန်းမန့်ရဲ့ လက်အောက်မှာ လှုပ်ရှားသွားမယ့် CooKie အကြောင်း လတ်တလောမှာ သတင်းထုတ်ပြန်ခဲ့ရာမှာ အဖွဲ့ဝင်တွေရဲ့ အသက်ငယ်ရွယ်မှုအပေါ် အများက မှတ်ချက်ပြုဖော်ပြခဲ့ကြပါတယ်။ အချို့ကတော့ အဖွဲ့ဝင်တွေရဲ့အသက်ဟာ ငယ်လွန်းနေပြီး သူတို့အရွယ်ဟာ ကလေးဘဝရဲ့ ပျော်ရွှင်မှုတွေကို ခံစားရမယ့် အချိန်ဖြစ်ကြောင်း ဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

CooKie အဖွဲ့ရဲ့ ဓာတ်ပုံတွေကို ဖော်ပြခဲ့ရာမှာတော့ အချို့သော ပရိသတ်တွေက အကောင်းမြင်ခဲ့ကြတာလည်း ရှိပါတယ်။ အဖွဲ့ဝင်တွေရဲ့ အပြင်အဆင်ဟာ အရွယ်ရောက်ပြီး ကေပေ့ါပ်တေးသံရှင်တွေရဲ့ ပြင်ဆင်မှုမျိုး မရှိဘဲ ချစ်စဖွယ် ဟန်ပန်မျိုးနဲ့သာ တွေ့ရတာကြောင့် အောင်မြင်တဲ့ အဖွဲ့တစ်ဖွဲ့ဖြစ်စေကြောင်း ဆုတောင်းစကားတွေကိုလည်း ရေးသားဖော်ပြခဲ့ကြပါတယ်။

အဆိုပါတေးဂီတအဖွဲ့ဟာ ပွဲဦးထွက်တေးသီချင်းကို မတ် ၁၅ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# အင်စတာဂရမ်ပေါ်မှာ အလှဓာတ်ပုံတွေများစွာ ခရစ်စတယ်ဖော်ပြ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်သူ ခရစ်စတယ်ဟာ လတ်တလောမှာ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ အလှဓာတ်ပုံများစွာ ဖော်ပြခဲ့ပါတယ်။ အဆိုပါဓာတ်ပုံတွေမှာ ခရစ်စတယ်ဟာ အနီရောင်ဝတ်စုံနဲ့ ဆွဲဆောင်မှုရှိနေတာကို တွေ့ရကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ ဓာတ်ပုံတွေကို ခရစ်စတယ်က မတ် ၉ ရက်က ဖော်ပြခဲ့တာဖြစ်ပါတယ်။ ဖော်ပြခဲ့ရာမှာလည်း ယခင်ကနဲ့မတူဘဲ ဓာတ်ပုံတွေနဲ့ပတ်သက်ပြီး တစ်စုံတစ်ရာ တွဲဖက်ရေးသားဖော်ပြခဲ့တာ မရှိဘူးလို့လည်း သိရပါတယ်။

ကေပေ့ါပ်ကြယ်ပွင့်တစ်ဦးအဖြစ် အနုပညာလောကအတွင်း စတင်ဝင်ရောက်လာတဲ့ ခရစ်စတယ်ဟာ နောက်ပိုင်းမှာ သရုပ်ဆောင်တစ်ဦးအဖြစ် အောင်မြင်လာပါတယ်။ ဇာတ်လမ်းတွဲတွေမှာလည်း ပါဝင်သရုပ်ဆောင်ခဲ့ပြီးဖြစ်တဲ့ ခရစ်စတယ်ဟာ လတ်တလောမှာလည်း ဇာတ်လမ်းတွဲသစ်တစ်ခုမှာ ပါဝင်သွားဖို့ရာ ဆွေးနွေးနေကြောင်းလည်း သိရပါတယ်။



# ရုပ်ရှင်သစ်ရိုက်ကူးဖို့ အစီအစဉ်မရှိသေးဟု ဒရူးဘယ်ရီမိုး ဆို

ကျော်ကြားတဲ့ ဟောလိဝုဒ်သရုပ်ဆောင်တစ်ဦးဖြစ်သူ ဒရူးဘယ်ရီမိုးဟာ ရုပ်ရှင်သစ်တွေ ရိုက်ကူးခဲ့ခြင်းမရှိတာ အတော်လေးကြာခဲ့ပြီဖြစ်ပါတယ်။ Charlie's Angles ရုပ်ရှင်နဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်လာတဲ့ ဒရူးဘယ်ရီမိုးဟာ နောက်ပိုင်းမှာလည်း ရုပ်ရှင်များစွာ ရိုက်ကူးခဲ့သူဖြစ်ပါတယ်။ ဒါပေမယ့် အချိန်အတော်ကြာသည်အထိ ပရိသတ်တွေအနေနဲ့ သူ့ရဲ့ ရုပ်ရှင်သစ်ကို တွေ့မြင်ရမှာ မဟုတ်ပါဘူး။




မတ် ၁၀ ရက်က ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ဒရူးဘယ်ရီမိုးက လက်ရှိမှာ ရုပ်ရှင်သစ်တွေ လက်ခံရိုက်ကူးပေးဖို့ရာ သူ့အနေနဲ့ အစီအစဉ်မရှိသေးကြောင်း ဖြေကြားခဲ့တယ်လို့ ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။ ဒီလိုရုပ်ရှင်နယ်ပယ်နဲ့ အလှမ်းဝေးနေဆဲဖြစ်ရတဲ့အကြောင်းကတော့ မင်းသမီးအနေနဲ့ သူ့ရဲ့ ရင်သွေးလေးတွေကို စောင့်ရှောက်လိုတာကြောင့်ဖြစ်ကြောင်းလည်း သိရပါတယ်။

အသက် ၄၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဒရူးဘယ်ရီမိုးဟာ ခင်ပွန်းဟောင်းဖြစ်သူ ဝေကုပ်ပဲလ်မန်းနဲ့ သမီးလေးနှစ်ဦး ရရှိထားပါတယ်။ လက်ရှိမှာ မင်းသမီးက သရုပ်ဆောင်လုပ်ငန်းကို စွန့်လွှတ်ကာ အသက် ၈ နှစ်နဲ့ ၆ နှစ်အရွယ်သမီးငယ်လေးနှစ်ဦးကိုသာ စောင့်ရှောက်နေတာလည်း ဖြစ်ပါတယ်။ လက်ရှိမှာ ရုပ်ရှင်သစ်ရိုက်ကူးဖို့ရာ အစီအစဉ် မရှိသေးပေမယ့် ကလေးတွေ ကြီးလာချိန်မှာတော့ ပြန်လည်ရိုက်ကူးမှာဖြစ်ကြောင်းလည်း အင်တာဗျူးမှာ ဖြေကြားခဲ့တယ်လို့ သိရပါတယ်။

# အိုင်ယူရဲ့ ရုပ်ရှင်သစ် ထုတ်လွှင့်မယ့်ရက်ကြေညာ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးဖြစ်ပြီး သရုပ်ဆောင်တစ်ဦးအဖြစ်လည်း အောင်မြင်နေတဲ့ အိုင်ယူရဲ့ ရုပ်ရှင်သစ်တစ်ကားကို မကြာမီမှာ ရုံတင်မှာဖြစ်ပါတယ်။ လတ်တလောမှာ အဆိုပါ ရုပ်ရှင်သစ် စတင်ပြသမယ့်ရက်ကို ကြေညာခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အိုင်ယူအဓိကဇာတ်ဆောင်အဖြစ် ပါဝင်ထားတဲ့ ရုပ်ရှင်သစ်ဟာ Shades of the Heart လို့အမည်ရပြီး အိုင်ယူနဲ့အပြိုင် မင်းသား ယွန်ဂူးဂျင်က ပါဝင်ထားတာပါ။ အဆိုပါရုပ်ရှင်ကိုတော့ လာမယ့် မတ် ၃၁ ရက်မှာ စတင်ပြသသွားမှာဖြစ်ပြီး လတ်တလောမှာ ယင်းရုပ်ရှင်အတွက် ပိုစတာကိုလည်း ထုတ်ဖော်ပြသခဲ့တာ တွေ့ရပါတယ်။

အဆိုပါရုပ်ရှင်ဟာ စာရေးဆရာတစ်ဦးဖြစ်သူ ချန်းဆွတ်အကြောင်းကို ပုံဖော်သွားမှာပါ။ ချန်းဆွတ်ဟာ ဆိုးလ်ကနေ ထွက်ခွာသွားပြီးနောက် ခုနစ်နှစ်အကြာမှာ ပြန်လည်ရောက်ရှိခဲ့ပြီး ဆိုးလ်မှာ အခြားသော သူစိမ်းတွေနဲ့ တွေ့ဆုံတာ၊ လမ်းခွဲခဲ့တာတွေကို အဆိုပါရုပ်ရှင်မှာ တွေ့မြင်ကြရမှာလည်း ဖြစ်ပါတယ်။

အေးပြည့်
ရေးသားသည်

**စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အောင်ဘာလေသိန်းဆုဌာနခွဲ**
**ကြေညာချက်**
**(ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မတ် လ ၁၂ ရက်)**

၁။ ၂၀၂၁ ခုနှစ်၊ မတ် လ (၁၅) ရက်နေ့တွင် ကျင်းပမည့် (၂၅) ကြိမ်မြောက် ၁၀၀၀/- ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“က” အက္ခရာမှ အစဉ်လိုက် “ကစ” ထိ** စုစုပေါင်းအက္ခရာ ( ၃၉)လုံး၊ ထီစာအုပ် ( ၃၁၉၀၉၀၂) အုပ် ရောင်းချခဲ့ပါသည်။ ထိုသို့ရောင်းချခဲ့ရာတွင် ထီစာအုပ် (၃၀၉၉၉၆၅) အုပ် ရောင်းချခဲ့ရပြီး ထီစာအုပ်(၉၀၉၃၇) အုပ်မှာ ရောင်းမကုန်ထီအဖြစ် ကျန်ရှိခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ်သန်း(၃၀၉၉၉.၆၅၀) ဖြစ်သဖြင့် ၆၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (၁၈၅၉၉.၇၉၀) ဖြစ်ပါသည်။

၃။ အဆိုပါ ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများမှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) <u>အထူးဆုကြီးစနစ်</u>

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းတစ်သောင်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းတစ်သောင်း | = | (၁) | ဆု |
| (၃) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၄) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| (၅) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |

(ခ) <u>ဆုတစ်ဆုချင်းစနစ်</u>

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၇) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၈) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၉) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၈) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၉) | ဆု |
| (၆) | ကျပ်ဆယ်သိန်း | = | (၁၁) | ဆု |

(ဂ) <u>ဝေဝေဆာဆာပဒေသာဆုမဲစနစ်</u>

| | | | | |
|---|---|---|---|---|
| (၁) | ကျပ် သုံးသိန်း | = | (၁၀၀) | ဆု |
| (၂) | ကျပ် နှစ်သိန်း | = | (၁၀၀၀) | ဆု |
| (၃) | ကျပ် တစ်သိန်း | = | (၁၉၀၀၀) | ဆု |
| (၄) | ကျပ် ငါးသောင်း | = | (၂၅၀၀၀၀) | ဆု |

၄။ ထို့ပြင် သတ်မှတ်ကာလအတွင်း လာရောက်ထုတ်ယူခြင်းမရှိသော ဆုမဲများ၏ ဘဏ္ဍာသိမ်းရငွေမှ ကျပ်သန်း (၂၅၀) အား တစ်ဆုချင်းဆုမဲ **ကျပ် ၁၀သိန်း (၄) ဆု** နှင့် ဝေဝေဆာဆာဆုမဲများဖြစ်သည့် **ကျပ် ၃သိန်း(၂၀) ဆု၊ ကျပ် ၂သိန်း (၂၀၀) ဆု၊ ကျပ် ၁သိန်း (၂၀၀၀) ဆု စုစုပေါင်း( ၂၂၂၄) ဆု** ကိုလည်းထပ်မံချီးမြှင့်ပေးမည်ဖြစ်ပါသည်။

၅။ (၂၅) ကြိမ်မြောက် ၁၀၀၀/- ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ( ၁၅. ၃ . ၂၀၂၁) ရက်နေ့ (တနင်္လာနေ့)၊ နံနက် (၈:၀၀) နာရီအချိန်တွင် အမှတ် (၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။




## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်း ချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။
(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျစွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။
(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။
(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။
(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။
(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက် ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်ပါ။
(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန်မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်းစသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။
(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီစသည့် မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။
(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။
(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသော ပစ္စည်းများသို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိ စေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။
(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။
(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများ အနီးတွင် ခြင်ဆေးခွေ ထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။
(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင်ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။
(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်း သတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။
(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှ ထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။
(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။
(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။
(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာလေ့ကျင့်ပါ။
(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံ နိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့် သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံး ထားရှိဆောင်ရွက်ရပါမည်။
(၂၀) မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

## "သတင်းထုတ်ပြန်ချက်"

ရွှေတိဂုံစေတီတော်၊ ရှေးဟောင်းရုပ်ပွားတော်တန်ဆောင်း၌ (၁၁-၃-၂၀၂၂) ရက် နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၁၈-၂၀၁၉ခုနှစ်၊ ရွှေသင်္ကန်းတော်ကပ်လှူခြင်းလုပ်ငန်းစီမံချက်အရ ဆောင်ရွက်ရန်ကျန်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ သြဝါဒါစရိယဆရာတော်ကြီးများထံမှ သြဝါဒခံယူပွဲကျင်းပခဲ့ပါသည်။ ထိုစဉ်က ရွှေသင်္ကန်းကပ်လှူရန် ကျန်ရှိသော ဧရိယာများ၌ ဂါဝီဆိုဒ်မျိုးစုံ ကြေးပြားချပ်ရေ ၁၂၀၀၀ကျော် ရွှေသင်္ကန်းကပ်လှူရန်လုပ်ငန်းကို ၂၀၂၀ပြည့်နှစ်တွင် Covid-19 ကပ်ရောဂါကြောင့် လုပ်ငန်းများ ဆိုင်းငံ့ထားခဲ့ရခြင်းဖြစ်ကြောင်းနှင့် ယခုအခါ လူအင်အား ၅၀ ခန့်အထိ စုစည်းဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရှိရ၍ Gold Coating ကပ်လှူခြင်းလုပ်ငန်းအားလည်းကောင်း၊ ကြေးဝန်း ၅ ဆင့်ရှိ ရွှေပြားသင်္ကန်းတော်များကို လိုအပ်သည့်နေရာများအား အဆင့်ဆင့်ရောင်တော်ဖွင့်ခြင်း ကုသိုလ်ယူလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ငြိမ်းစေတီစနစ်တကျတည်ဆောက်၍ ပွင့်လင်းရာသီအတွင်း ရွှေတိဂုံစေတီတော်မြတ်ကြီးကို ပိုမိုကြည်ညိုသပ္ပာယ်ဖွယ်ရာဖြစ်အောင် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို သြဝါဒါဆရာတော်ကြီးများ၏ သြဝါဒလမ်းညွှန်ချက်များအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**







ဖိုးဖိုးနှင့် ဖွားဖွား မိသားစု လုံခြုံစေချင်ပါသလား။ တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးပါ။

## ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
## ဦးကျော်လွင်(ကန်တော်မင်-စက်ချုပ်ဆိုင်)
### အသက် (၉၀)

မိတ္ထီလာမြို့၊ အောင်ဇေယျာ (၁၆)ရပ်ကွက်၊ အောင်သုခလမ်းနေ ဒေါ်မှီ၏ခင်ပွန်း၊ ဦးစိုးလွင်-ဒေါ်မွှေးမွှေး၊ (ဦးနေဝင်း)-ဒေါ်တင်တင်၊ ဦးစိုးဝင်း-ဒေါ်ငွေငွေ၊ ဦးသန်းဝင်း-ဒေါ်အေးနွယ်ဝင်း၊ ဦးသန်းထွန်း(Managing Director, Top Ten Star Production Co.,Ltd.)-ဒေါ်ခင်မြတ်မွန်၊ ဦးကိုကိုလွင်-ဒေါ်အောင်ကြည်၊ ဦးညီညီလွင်၊ ဦးနိုင်ဝင်း-ဒေါ်ခင်ခင်အေး၊ ဦးသောင်းထိုက်မင်း (Vice Chairman, Jewellery Luck Group Of Companies)-ဒေါ်လွင်လွင်မော်၊ ဦးတင်ထွေး-ဒေါ်ဥမ္မာလွင်၊ ဦးမင်းမျိုးသန့် (Executive Director, Jewellery Luck Group Of Companies)-ဒေါ်အိရွှေဇင်တို့၏ဖခင်၊ မြေး ၂၈ ယောက်၊ မြစ် ၁၂ ယောက်တို့၏အဘိုးသည် ၁၁-၃- ၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၉:၄၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၂၂ရက် (သောကြာနေ့) ညနေ ၃နာရီတွင် နေအိမ်မှ မြင်တော်ကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ မိသားစုဆွေမျိုးသားချင်း မိတ်ဆွေသင်္ဂဟများအား အသိပေးဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
## ဦးကျော်လွင်(ကန်တော်မင်-စက်ချုပ်ဆိုင်)
### အသက်(၉၀)

မိတ္ထီလာမြို့၊ အောင်ဇေယျာ(၁၆)ရပ်ကွက်၊ အောင်သုခလမ်းနေ ဒေါ်မှီ၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးသန်းထွန်း(Managing Director, Top Ten Star Production Co.,Ltd)-ဒေါ်ခင်မြတ်မွန်၊ ဦးသောင်းထိုက်မင်း (Vice Chairman, Jewellery Lucky Group Of Companies)-ဒေါ်လွင်လွင်မော်၊ ဦးမင်းမျိုးသန့်(Executive Director, Jewellery Luck Group Of Companies)-ဒေါ်အိရွှေဇင်တို့အပါအဝင် သားသမီး(၁၁)ဦးတို့၏ ချစ်လှစွာသောဖခင် အလှူ့ဒါယကာကြီး ဦးကျော်လွင်(ကန်တော်မင်-စက်ချုပ်ဆိုင်)သည် ၁၁-၃-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက်၉:၄၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်စိန်(Chairman)-ဒေါ်အကြူနှင့်**
**Jewellery Luck Group Of Companies မိသားစု**

## ဒေါ်တင်တင်နု
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၉)လမ်း၊ အမှတ်(၂၄)၊ သုံးလွှာနေ (ဦးကျင်ဟုတ်-ဒေါ်တန်ကင်ဟွန်း)တို့၏သမီး၊ (ဦးပေါ်တိတ်-ဒေါ်ရွှေယုန်)တို့၏သမီးချွေးမ၊ ဦးတင်ရွှေ၏ ချစ်လှစွာသောဇနီး၊ ဦးသာမောင်-ဒေါ်မြမြအေး၊ ဦးဇော်မျိုးနိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မမြထက်ထက်နု၊ မောင်အောင်ကျော်ကျော်သန်းတို့၏ ချစ်လှစွာသောအဘွားသည် ၉-၃-၂၀၂၂ (အင်္ဂါနေ့) နံနက် ၇:၄၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၂၂ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီး တင်မွန်သန်း(ငြိမ်း) OTS(၂၁)
### အသက် (၈၅) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၁)ရပ်ကွက်၊ တိုက်(၄၀) D-5နေ ဒုတိယဗိုလ်မှူးကြီးတင်မွန်သန်း (ငြိမ်း)သည် ၁၁-၃-၂၀၂၂ရက်နေ့ ၇:၁၅ နာရီတွင် ၉၆ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**တာဝန်အတူထမ်းဆောင်ခဲ့ကြသော**
**ခလရ(၄၇) မှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများ၊ ဇန်းမော်မြို့**

## မြို့နယ်စည်ပင်သာယာရေးအဖွဲ့
## ပခုက္ကူမြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း(ဒုတိယအကြိမ်)
### ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
### ၂၀၂၂ ခုနှစ်၊ မတ်လ ၅ ရက်

၁။ မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၀-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် စိတ်ပါဝင်စားသူ လုပ်ငန်းရှင်များ တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | အတိုင်းအတာ | Lot No |
|---|---|---|---|
| ၁ | ခန်တောမြောင်းအုတ်ရေမြောင်းချဲ့ခြင်းနှင့် မြောင်းဖြတ်တံတား(၁၁)စင်းပြုလုပ်ခြင်း (ပန်းတည်းလမ်းထိပ်မှ မြစ်ဝထိ)<br>- အုတ်ရေမြောင်း<br>- မြောင်းဖြတ်တံတား | ၂၄၄၂'x၄'x $\frac{၃'-၆''x၆'-၃''}{၂}$<br>၂၄၅'x၆'-၃'' | Lot 1 |
| ၁ | ရုံးအဆောက်အဦဆောက်လုပ်ခြင်း | (၆၀'x၄၅'x၂၂')+ (၂၀'x၁၀'x၂၂') | Lot 2 |
| ၁ | မြို့ရေပေးရေးလုပ်ငန်းအတွက် ၁၀'ø ၅၀၀' စက်ရေတွင်းတူးဖော်ခြင်း | ၂ တွင်း ၁၀'ø၅၀၀' | Lot 3 |

၂။ တင်ဒါလျှောက်လွှာဝယ်ယူတင်သွင်းရမည့်အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၈-၃-၂၀၂၂(တနင်္လာနေ့) (၁၀:၀၀)နာရီ
တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် - ၈-၄-၂၀၂၂(ကြာသပတေးနေ့) (၁၆:၃၀)နာရီ
တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - ပြည်သာယာခန်းမ၊ ပခုက္ကူမြို့

၃။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် (၈-၃-၂၀၂၂)ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ တင်ဒါဖွင့်ပွဲကျင်းပမည့်နေ့ရက်အား ထပ်မံကြော်ငြာပါမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ် (၀၆၂- ၂၂၁၉၁၊ ၀၆၂- ၂၁၄၉၉၊ ၀၆၂-၂၁၀၆၂)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ၃၇(လမ်း)၊ အထက်ဘလောက်၊ အမှတ်-၂၄၁ (ဒုတိယထပ်) ညာဘက်အခန်းကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ဝင်း [၁၂/ပဘတ(နိုင်)၀၁၇၃၄၃] မှ ကမ်းလှမ်းလာရာ ကျွန်တော် ဦးမောင်မောင်တင် [၁၂/ဒဂတ(နိုင်)၁၁၃၄၃၁] မှ ဝယ်ယူရန် သဘောတူစာချုပ် ချုပ်ပြီး စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရောင်းချပိုင်ခွင့်ရှိသူများ၏ အမွေစားအမွေခံမှ ပိုင်ဆိုင်ခွင့်ရှိလျှင် တစ်ပတ်အတွင်း ဖုန်း-၀၉-၅၀၅၆၆၀၆၊ ၀၉-၂၅၀၂၃၃၉၄၄ သို့ အကြောင်းကြားနိုင်ပါကြောင်း တစ်ပတ်ကျော်လွန်လျှင် အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း။

**ဦးမောင်မောင်တင်**
**[၁၂/ဒဂတ(နိုင်)၁၁၃၄၃၁]**

**ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ မနော်ဟရီလမ်း၊ အမှတ်-(၉၅/၈) ပေါ်ရှိ (၂)ခန်းတွဲ (၃)ထပ်အဆောက်အဦ၏ (ခေါင်းရင်းခြမ်း)၊ ဒုတိယထပ် /(၄)လွှာ (အလျား ၁၆ပေx အနံ၃၈ပေ)အကျယ်ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်**

အထက်ဖော်ပြပါလိပ်စာရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ (မြေရှင်)ဒေါ်ခင်ငွေ [၁၂/မရက(နိုင်)၀၅၄၂၁၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေလင်းအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၁၄)**
**အမှတ်-၂၀၊ မြောင်းကြီးလမ်း/ခ(၁)လမ်း၊ ပထမထပ်၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၃၅၉၉**

ဥ တု ရာ သီ တော ကို မို ၏

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကလောတပ်နယ်နှင့် အောင်ပန်းတပ်နယ်မှ အရာရှိ/စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကလောတပ်နယ်မှ အရာရှိ/စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၁၁**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့ရှိတပ်နယ်ခန်းမ၌ ကလောတပ်နယ်နှင့် အောင်ပန်းတပ်နယ်မှ အရာရှိ/စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် မတ် ၁၁**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက လက်ရှိနိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

သတင်းစာရှင်းလင်းပွဲမစတင်မီ တက်ရောက်လာကြသူများအား COVID-19 ရောဂါကြိုတင်ကာကွယ်ရေးအတွက် တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများ ဆောင်ရွက်ပေးပြီး သတ်မှတ်အကွာအဝေးအတိုင်း နေရာချထားပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✫


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ်ဇော်မင်းထွန်း သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

## ပြိုင်ဘက်အသင်းတွေကို အနိုင်ရရှိပြီး ပီအက်စ်ဂျီနဲ့ လီဗာပူးတို့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် အသီးသီးတက်လှမ်း

ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ပွဲစဉ် ဒုတိယအကျော့ပွဲစဉ်များအဖြစ် မတ် ၁၁ ရက် နံနက်ပိုင်းတွင် ပီအက်စ်ဂျီအသင်းနဲ့ ဘာစီလိုနာအသင်း၊ လီဗာပူးအသင်းနဲ့ လိုက်ဇစ်အသင်းတို့ အသီးသီးယှဉ်ပြိုင်ခဲ့ရာ ပီအက်စ်ဂျီအသင်းနဲ့ လီဗာပူးအသင်းတို့ဟာ ပြိုင်ဘက်အသင်းတွေကို အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

ပီအက်စ်ဂျီအသင်းနဲ့ ဘာစီလိုနာအသင်းတို့ဟာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် ပီအက်စ်ဂျီအသင်းရဲ့ အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပေမယ့် ပထမအကျော့မှာ ပီအက်စ်ဂျီအသင်းက လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိထားတာကြောင့် ပီအက်စ်ဂျီအသင်းက ဘာစီလိုနာအသင်းကို နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိပြီး ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့ပါတယ်။ စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ❂



ကြေးမုံ ယနေ့ ဖတ်စရာ

**ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် နေ့စဉ် သေဆုံးမှုအရေအတွက် စံချိန်တင်မြင့်တက်**

စာမျက်နှာ » ၁၁

**နိုင်ငံအေးချမ်းတည်ငြိမ်ဖို့အတွက် ပြည်သူတွေညီစေချင်ပါသည်**

ကိုသံချောင်း – မစာဥ စကားပြောခန်း(၆)

စာမျက်နှာ » ၁၅